
www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

26 AUG 2013

## ဒဿနလက်ဆောင်

❖ အကောင်းဆုံးကို လိုချင်တယ်ဆိုရင်တော့
မိမိကိုယ်ကိုကောင်းအောင်
အရင်ဆုံး ပြုပြင်ရပါမယ်။
မိမိကအကောင်းဆုံးပေးနိုင်မှ
အခြားသူများထံမှ
အကောင်းဆုံးပြန်ရနိုင်မှာပါ…။

❖ အောင်မြင်မှုကို ကြိုးစားရှာဖွေစဉ်က
"ထာဝရ" တည်မြဲသည့် သဘောမျိုးဖြင့်
ရှာဖွေစုဆောင်းရပါတယ်၊
အောင်မြင်မှု ရပြီးလျှင်တော့
အချိန်မရွေး ပျက်စီးနိုင်သည့် သဘောမျိုးဖြင့်
ထိမ်းသိမ်းစောင့်ရှောက်ရပါတယ်…၊

❖ အစားအသောက် ဆာလောင်ခြင်းသည်
ကိုယ်ခန္ဓာကို ချို့ယွင်းစေသည်။
ချစ်ခြင်းမေတ္တာ ချို့တဲ့လျှင်တော့
ခန္ဓာကိုယ်သာမက…၊
စိတ်ခံစားမှုကိုပါ ပျက်စီးစေပါတယ်…။

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

❖ ချစ်ခြင်းမေတ္တာဟူသည်
သင်၏အသည်းနှလုံးမှ ခံစားမှုဖြစ်သည်။
ဘဝအကြောင်းအရာများ
မည်မျှပင်ဆိုးဝါးနေစေကာမူ
မိမိရင်ထဲမှချစ်ခြင်းမေတ္တာကို
မထိခိုက်စေရန် ထိမ်းသိမ်းထားသင့်ပါသည်။

❖ လူ့ဘဝကို ဝင်သက်ဖြင့်တိုင်းတာခြင်းမဟုတ်ပေ
ထွက်သက်ဖြင့်တိုင်းတာကြပါတယ်
နောက်ဆုံးထွက်သက်ရောက်တော့မှ
လူတစ်ယောက်ရဲ့သမိုင်းနိဒါန်းက
စတင်ခြင်းဖြစ်ပါတယ်

❖ စိတ်ကူးယဉ်နေခြင်းဟာ
ထိုအရာနှင့်ဝေးရာသို့
နောက်ပြန်သွားနေခြင်းဖြစ်ပါတယ်
တကယ်ဖြစ်ချင်ရင်
စိတ်ကူးနေတဲ့အချိန်တွေကို
လက်တွေ့အသုံးချသင့်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ လျှင်မြန်စွာ စီးနေတဲ့ရေ၊ လှိုင်းထနေတဲ့ရေ
ဘောင်ဘင်ခတ်နေတဲ့ရေမျက်နှာပြင်မှာ
မိမိပုံရိပ်ကိုပြန်ကြည့်ပါ
ရေရဲ့သဘာဝအတိုင်းပဲ မြင်တွေ့ရမှာပါ။

❖ မဟုတ်မမှန်သောစကားတစ်ခွန်းအတွက်
သက်သေပြရတဲ့ စကားလုံးတွေက
အတော်များပါတယ်။
မှန်တဲ့စကားပြောရင် ဆင်ခြေပေးစရာ
မလိုအပ်သလို၊ သက်သေပြစရာ
အပိုစကားတွေလည်း မလိုအပ်ပါဘူး၊

❖ အတွေ့အကြုံဆိုသော စကားသည်
မှားယွင်းမှုနှင့် ကြုံဖူးသူတို့၏
ဆင်ခြေစကားတစ်မျိုးသာဖြစ်သည်
ထိုအံ့ထဲမှ ကောင်းသောအတွေ့အကြုံများကို
သိမ်းဆည်းထားပြီး..မကောင်းသော
အတွေ့အကြုံများကို
သင်ခန်းစာလေ့ကျင့်သောနေရာမှာ
အသုံးချလိုက်ပါ။

## ဒဿနလက်ဆောင်

❖ အခြားသူတစ်ဦး၏အရည်အချင်းကို
စစ်ဆေးလိုပါက
မိမိအရည်အချင်းကို အရင်စစ်ဆေးပါ၊
အခြားသူ၏အပြစ်ကို ပြောတော့မည်ဆိုလျှင်
မိမိသတိမထားမိသော ချို့ယွင်းချက်များကို
အရင်ရှာကြည့်သင့်ပါတယ်။

❖ မျက်လုံးအိမ်မှာ ရှိဝေလာလျှင်
မျက်ရည်ဖြင့် ဆေးကြောပစ်ရပါတယ်
ဒါပေမယ့်
မကြာခဏ မျက်ရည်နှင့်
ဆေးကြောတာမျိုးတော့
မလုပ်မိပါစေနှင့်...။

❖ မျက်ရည်ကျပြီးသော မျက်လုံးသည်
ပို၍ကြည်လင်လာတတ်ပါတယ်
မျက်ရည်ဖြင့်ရင်း၍ရသော အမြင်များဖြင့်
ဘဝတိုးတက်မှုရအောင် ကြိုးစားကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) အစာလာတောင်းသည့်မြေပုတ်ဘီလူး

အခန်း(၂) နွားသတ်သမားတို့၏ကံကြမ္မာ

အခန်း(၃) ပုတ်ဝင်နေသောအလောင်းများ

အခန်း(၄) နန်းမွေ့ချောင်းမှထူးသောငါးများ

အခန်း(၅) သင်းကျစ်တော်ပတ္တမြားနှင့်သစ္စာရေ

အခန်း(၆) တစ်ကွက်ကျော်စားသောကျားများ

အခန်း(၇) သစ်ခွနက်သို့မဟုတ် အာသာဝတီနတ်ပန်း

အခန်း(၈) ရေထဲမှတက်လာသောပရလောကသား

အခန်း(၉) ပရလောကမှဆန်းကြယ်သောဘဝများ

အခန်း(၁၀) ဂမုန်းဘီလူးနှင့်တွေ့ကြုံရခြင်း

အခန်း(၁၁) အမှောင်ထဲမှအန္တရာယ်ကွန်ရက်များ

အခန်း(၁၂) တစ်ပွဲစားမှော်အကျဉ်းသား

အခန်း(၁၃) တစ်ပွဲစားများနှင့်ယဇ်ပူဇော်ပွဲ

အခန်း(၁၄) ညတာရှည်သောမဟူရာည

အခန်း(၁၅) တစ်ပွဲစားမှော်မှဝိဇ္ဇာဥ်များ

အခန်း(၁၆) အာသာဝတီနတ်ပန်းကိုတွေ့ကြုံရခြင်း

အခန်း(၁၇) မဟူရာလမ်းမှအလှပန်းတစ်ပွင့်




# အခန်း ၊၁၊

# အစာလာတောင်းသည့် မြေပုတ်ဘီလူး

မြန်မာနိုင်ငံ မြောက်ဖျားဒေသများအကြောင်းကို ရေးမည်ဆိုပါက ယေဘူယျကြည့်ပါက တောင်စဉ်တောင်တန်းကြီးများ၊ သစ်တောကြီးများ၊ မြစ်ချောင်းများဖြင့် သာယာလှပသည်ဟု ဆိုနိုင်သော်လည်း တကယ်တမ်းမှာတော့ ထိုဒေသမှာ နေကြသူတို့ဘဝမှာ ကြမ်းတမ်းလှသည်။ တောင်တန်းဒေသပေါ်မှာ နေကြရသောကြောင့် မြို့ကြီးပြကြီးများနှင့် အလှမ်းဝေးသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခေတ်မီတိုးတက်မှုလည်း မရှိကြပေ။

တစ်နေရာတွင် အိမ်ခြေအနည်းငယ် စုပြီး နေကြကာ ထိုနေရာတစ်ဝိုက်မှာပင် တောင်ယာစိုက်ပျိုးခြင်း၊ တိရစ္ဆာန် မွေးမြူရေးလုပ်ကာ ဘဝရပ်တည်မှု ပြုကြရသည်။

အချို့လည်း အမဲလိုက်သောအလုပ်များကို လုပ်ကိုင်စားသောက်ကြသည်။ အချို့ကျတော့လည်း နွားမွေးပြီး နွားသတ်ရောင်းသော အလုပ်မျိုးလုပ်ကြသည်။

အတော်များများကတော့ တောထဲမှာ အမဲလိုက်သွားသောအခါ အန္တရာယ်များသဖြင့် မလုပ်လိုကြပေ။

ထို့ကြောင့် အန္တရာယ်ကင်းသော နွားမွေးပြီး နွားသတ်ရောင်းသောအလုပ်ကို လုပ်ကြလေသည်။

အကယ်၍ နွားမွေးထားပြီး မိမိကိုယ်တိုင် မသတ်ဝံ့၍သော်လည်းကောင်း မသတ်ချင်၍သော်လည်းကောင်း အရေးမကြီးလှပေ။

ထိုဒေသတွင် နွားသတ်ဝံ့သူတွေ အများကြီးရှိသည်။ နွားသတ်သမားကို အငှားခေါ်ပြီး သတ်ရုံဖြင့်လည်း ကိစ္စပြီးနိုင်သည်။ နွားသတ်သမားခေါ်လျှင် ငွေပေးရန်မလိုပေ၊ နွားတစ်ကောင်သတ်ပေးလျှင် အသားတစ်ပိဿာ၊ အူစုံအသည်းစုံ (ကလီစာများ)များက တစ်ပိဿာနှင့် နွားဦးခေါင်းကို အမဲပေါ်ခ အဖြစ်ပေးရသည်။

အမဲပေါ်ပေးသည့်သူက နွားသတ်ပြီး အရေခွာ၊ ဦး





ခေါင်း၊ ခြေလက်ဖြတ်ပြီးနောက် အသားများကို တစ်ပိဿာ၊ နှစ်ပိဿာ၊ ငါးပိဿာအထိ ခုတ်ထစ်ပြီး ကြိုးဖြင့်ချည်ပေးပြီးသည်အထိ လုပ်ပေးသည်။

နွားသတ်ကျွမ်းကျင်သူတို့မှာ ဓားခုတ်ကျွမ်းကျင်လှသည်။ အမှန်းအဆတော်ကြသည်။ တစ်ပိဿာမှန်းဖြင့်ခုတ်လျှင် ပိုနည်းနည်း၊ လိုနည်းနည်းသာရှိသည်။

အများအားဖြင့်တော့ ၎င်းက 'တစ်ပိဿာတွဲပေ့' ဟု ပြောပြီး ခုတ်ချလိုက်သော အသားကိုချိန်ခွင်ထဲထည့်ချိန်ကြည့်ပါက တစ်ပိဿာရှိနေသည်ကို တွေ့ရပေမည်။ ထို့ထက်ပိုပြီး ကျွမ်းကျင်သော အချက်ကတော့ နွားတစ်ကောင်ကိုဖြစ်စေ၊ ဝက်တစ်ကောင်ကိုဖြစ်စေ ကြည့်ရုံနှင့်ပင် ပိဿာချိန်မည်ရွေ့မည်မျှ ထွက်မည်ကို မှန်ကန်အောင် ခန့်မှန်းနိုင်ကြသည်။

၎င်းတို့ ခန့်မှန်းလျှင် မလွဲလှပေ။ ပိုလျှင်နည်းနည်း၊ လိုလျှင်နည်းနည်းသာရှိသည်။ နွားသတ်သည့် နေရာမှာလည်း မကျွမ်းကျင်လျှင် မဖြစ်ပေ။

ငါးတစ်ကောင်သတ်ရသည်ထက် ကြက်တစ်ကောင် သတ်ရသည်က ပိုပြီးခက်သည်။

ကြက်တစ်ကောင် သတ်ရသည်ထက် ဝက်တစ်ကောင် သတ်ဖြတ်ရသည်ကပိုပြီး ခက်ပါသည်။

ဝက်တစ်ကောင်သတ်ရသည်ထက် နွားတစ်ကောင် သတ်ရသည်က ပိုပြီးခက်ခဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတော်များများကတော့ ဝက်ပေါ်သည်ဖြစ်စေ၊ နွားပေါ်သည်ဖြစ်စေ၊ ကိုယ်တိုင်မသတ်ပဲ နွားသတ်သမားများကိုသာခေါ်ပြီး ပေါ်ကြ(သတ်ကြ)လေသည်။ သို့သော်လည်း ထိုကဲ့သို့ အခကြေးငွေယူ၍ ကျွဲ၊ နွား၊ ဝက် သတ်ဖြတ်သူကတော့ များများမရှိကြပေ။

တစ်နေရာမှာသော်လည်းကောင်း၊ တစ်ရွာမှာသော်လည်းကောင်း တစ်ယောက်လောက်သာရှိသည်။

ထိုအလုပ်မှာ အရင်းမစိုက်ရသော အလုပ်ဟု ယူဆထားကြသော်လည်း အကုသိုလ်များသည်။

ဘေးအန္တရာယ်များသည်။

အမှောင့်ပယောဂတို့ နှောင့်ယှက်မှုကို ခံကြရသည်။

နွားသတ်သောသူတစ်ယောက်အတွက် လိုအပ်သည့် ပစ္စည်းကတော့ များများမရှိပေ။

နွားသတ်သတ်၊ ဝက်ကိုပဲသတ်သတ် အသုံးပြုရသော ပစ္စည်းကတော့ အတူတူပင်ဖြစ်၏။

ကြိုးတစ်ခွေ၊ အသွားထက်၍ အလေးချိန်စီးသော ဓား တစ်လက်၊ လှံမတစ်ချောင်း၊ ပေါက်ဆိန်တစ်လက်၊ အသားချိန် တွယ်ရန်ချိန်ခွင်နှင့် အလေး စသည်တို့ပင်ဖြစ်သည်။

နွားတစ်ကောင်သတ်တော့မည်ဆိုလျှင် ဦးစွာသစ်ပင်မှာဖြစ်စေ တိုင်တစ်လုံးမှာဖြစ်စေ မရုန်းနိုင်အောင် အရင်ကြိုးဖြင့် ချည်ထားရသည်။





နှာဖားကြိုးထိုးထားသော ဦးခေါင်းကို မလှုပ်သာအောင် ကြိုးဖြင့်ချည်ပြီး အနေတော်ထားသည်။

ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းတို့ကို မလှုပ်သာအောင် ကြိုးဖြင့်ပတ်ချည်ထားရသည်၊

သို့မှသာ အခြားတုပ်ထားသည့် ကြိုးများပြုတ်သွားသော်လည်း အဝေးသို့ ထွက်မပြေးနိုင်စေရန်ဖြစ်သည်။

နွားကလည်း ထိုကဲ့သို့ တုပ်နှောင်ပြီဆိုကတည်းက သူ့ကိုသတ်တော့မည်ကို ကြိုတင်သိသည်။

အချို့နွားများက အစွမ်းကုန်ရုန်းကြသည်။ မတက်သာသည့်အဆုံးမှာမှ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာတတ်သည်။

နွားသည် လူနှင့်နီးစပ်သည့် သတ္တဝါမျိုးဖြစ်သဖြင့် လူ၏အရိပ်အကဲကို သိသည်၊ နားလည်သည်၊ လူ၏အခြေအနေကို မြင်ရုံနှင့် သူဘာလုပ်ခံရတော့မည်၊ သူ့ကိုဘာလုပ်ကြတော့မည်ကို သိရှိကြသည်။

သို့ကြောင့် မျက်ရည်ကျခြင်းဖြစ်သည်။

သနားစရာကောင်းသော သတ္တဝါမျိုးဖြစ်သည်။ နွားကို ကြိုးဖြင့်မလှုပ်သာအောင် တုပ်နှောင်ထားပြီး ဦးခေါင်းထိပ်တည့်တည့်ကို ပေါက်ဆိန်ဖြင့် ထုသတ်ကြခြင်းဖြစ်သည်။

နွားကအကောင်ကြီးသဖြင့် တစ်ချက်ထုရုံနှင့်တော့ မသေနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မသေမချင်းထုသတ်ရသည်။ နွားက မျက်လုံးပြူးထွက်လာပြီး 'တဘူးဘူး' အော်နေသည့်အသံ ပျောက်ထွက်သွားသည်အထိ ထုရိုက်ရသည်။ ထိုသို့ထုရာမှာ ကျွမ်းကျင်သူများကတော့ အချက်များများမထုရိုက်ရပေ။

မကျွမ်းကျင်လျှင်တော့ အချက်များစွာထုနှက်ရသဖြင့် နွားဦးခေါင်းတစ်ခုလုံးကြေမွ ကိစ္စပြီးတော့သည်။ ထိုသို့ နွားသတ်ရာမှာ တစ်ယောက်တည်းနှင့်တော့ လုပ်၍မရပေ။

နံဘေးမှ နှစ်ယောက် သုံးယောက်က ဝိုင်းကူပေးကြရသည်။ နွားသတ်သောအချိန်ကိုလည်း နံနက်ပိုင်းအချိန်၌သာ ပြုလုပ်ကြသည်။

ညနေပိုင်းအချိန်၊ ညပိုင်းအချိန်များမှာ နွားသတ်အမဲပေါ်လျှင် အနီးပတ်ဝန်းကျင်မှ သရဲ၊ သဘက်စသော မကောင်းဆိုးဝါးများ ရောက်လာပြီး လုယက်စားသောက်ကြသောကြောင့် ဖြစ်သည်။

ကြောက်လန့်စရာကောင်းသော ထိုအကြောင်းအရာများကို နောက်အခန်းများတွင် ထည့်သွင်းရေးသားပါမည်၊

နွားသေသွားသောအခါ ဦးခေါင်း၊ ခြေဆစ်၊ လက်ဆစ်တို့ကို ဖြတ်တောက်ပြီး အရေခွံခွာသည်။

နွားသားရေမှာလည်း သူတို့ဒေသအတွက် များစွာအသုံးတည့်သော ပစ္စည်းများဖြစ်သည်။

ဖျာချပ်အဖြစ်ခင်းပြီးအသုံးပြုသည်။ အိတ်အမျိုးမျိုး ချုပ်၍ အသုံးပြုသည်။ တောတက်ရာမှာ ခြေသိုင်းဖိနပ်အဖြစ် အသုံးပြုသည်။

ရေအိတ်၊ ဓားထည့်သောအိတ်၊ အခြားအသုံးအဆောင်ပစ္စည်းများထည့်သောအိတ်အဖြစ် အသုံးပြုသည်။ အချို့ တောတိုးရာတွင် ဘောင်းဘီ၊ ကိုယ်ကျပ်အင်္ကျီများအနေနှင့်ပင် ချုပ်သုံးကြသည်။

ရာသီဥတုဆိုးဝါးပြီး အစားအသောက်ရှားပါးသောအချိန်မျိုးတွင် နွားသားရေခြောက်ကို ရေဖြင့်နူးအောင် ပြုတ်ပြီး ချက်ပြုတ်စားသောက်၍ ရလေသည်။

နွားသားရေချပ်က အမျိုးမျိုး အသုံးချ၍ရသောကြောင့် ဒေသအတွက် များစွာအသုံးဝင်သော ပစ္စည်းမျိုးဖြစ်သည်။

နောက်တစ်မျိုး အသုံးပြုသောနည်းမှာ တောင်ပေါ်မှ အောက်သို့ လျှောချရာတွင် အသုံးချကြသည်။ ဖင်အောက်မှ နွားသားရေချပ်ကို သိုင်းချည်ပြီး တောင်ပေါ်မှ ဖင်လျှောချလိုက်ပါက တောင်အောက်သို့ အလျင်အမြန်ရောက်နိုင်လေသည်။

ရေခဲပြင်များပေါ်မှ လျှောချရာမှာလည်း အောက်မှခံသောအချပ်ပြားအဖြစ် အသုံးပြုနိုင်သေးသည်။

နွားကိုသတ်ပြီး အရေပြားခွာပြီးသောအခါ အသားများကိုခွာယူပြီး ခုတ်ထစ်ကာ ကြိုးများဖြင့်တွဲပြီး ရောင်းချကြသည်။

ယခုရေးသားသောနေရာဒေသမှာ ရှေးအခါက လူသူအရောက်အပေါက်နည်းသော ရှမ်းပြည်နယ် မြောက်ပိုင်းဒေသ၌




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရှိသော မန်ဖာရွာပင်ဖြစ်သည်။

မန်ဖာရွာမှာ လာရှီးခရိုင် ကွတ်ခိုင်တိုက်နယ်၊ မှုန်ယာ နယ်အတွင်းမှာရှိသော ရွာတစ်ရွာပင်ဖြစ်သည်။ ထိုရွာမှာတော့ လူမျိုးပေါင်းစုံနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူ အလွန်နည်း သည်။

တစ်ရွာလုံး နတ်ကိုးကွယ်သူနှင့် ခရစ်ယာန်ဘာသာဝင် များချည်းဖြစ်သည်။

ထိုရွာမှာနေကြသူများမှာ နွားမွေးမြူကြသော်လည်း နွား ကို ဟင်းလျာအဖြစ် သတ်ဖြတ်စားသောက်ရသော သတ္တဝါအ ဖြစ်သာ သဘောထားကြသည်။

နွာသည် လူကိုအထောက်အကူပြုသော အကူအညီ ပေးနိုင်သည့်သတ္တဝါအဖြစ်တော့ သဘောမထားကြပေ။ စား သောက်စရာ ဟင်းလျာတစ်မျိုးဟုပင်သတ်မှတ်ပြီး အခြား ကြက် ဝက်၊ ဟင်းသီးဟင်းရွက်များကဲ့သို့ပင် သာမန်သာ သဘောထား လေသည်။

နတ်တင်ရာ၌သော်လည်းကောင်း၊ မိန်းမတောင်းရာ၌ သော်လည်းကောင်း အသုံးပြုသော လက်ဆောင်ပစ္စည်းတစ်မျိုး အဖြစ်သာ သဘောထားကြသည်။

လယ်ယာလုပ်သောကိစ္စများတွင် မြေကိုထွန်ယက်ရာ၌ နွားကိုအသုံးမပြုကြပေ။

တစ်ကောင်ဆွဲထွန်ထယ်ကို ကျွဲတစ်ကောင်ဖြင့်သာဆွဲ





ပြီး အသုံးပြုကြသဖြင့် နွားကအသုံးမဝင်လှပေ။

ထိုအရပ်မှာတော့ နွားကိုမွေးမြူခြင်းမှာ သတ်စားရန်အ တွက်သာဖြစ်သည်။

သာရေး၊ နာရေး၊ ဘာသာရေးကိစ္စများတွင် နွားသား (အမဲသား)မှာ မပါလျှင်မပြီးသော အရာဖြစ်သည်။

ထို့ကြောင့် ထိုအရပ်မှာ နွားသတ်သမားများ၏ကဏ္ဍက သည်း အရေးပါလှသည်။

နွားသတ်သမားဆိုရုံနှင့်လည်း တော်ရုံနှင့်တော့မပြီးပေ။ သူ့အဆင့်နှင့်သူ ဘွဲ့ထူးဂုဏ်ထူးများလည်း ရှိသေးသည်။

ထိုကဲ့သို့ ဘွဲ့ထူးဂုဏ်ထူးတစ်ခုခု ရထားမှလည်း နွား သတ်သမားကောင်းဟု အသိအမှတ်ပြုကြလေသည်။

အောက်အရပ်ဒေသများတွင် 'တစ်ပွဲစားမှော်' အောင် ထားသူများကို အခြားသူများက လေးစားကြသကဲ့သို့ ဖြစ်ပေ သည်။

နွားသတ်သမားဘွဲ့ ရထားသူများလည်း 'တစ်ပွဲစား မှော်' အောင်ထားကြသူများပင်ဖြစ်၏။

အကောင်းဆုံး နွားသတ်သမားတစ်ယောက်ထံမှာ သည်း တပည့်ခံချင်ကြသူတွေလည်း များသည်။

ထိုအထဲမှ အတော်ဆုံးတပည့်တစ်ယောက်၊ နှစ် ယောက်ကို နွားသတ်ဆရာ၏ လက်ထောက်အဖြစ်ထားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့သော လက်ထောက်အဖြစ်နှင့် နှစ်များစွာကြာ အောင်လုပ်ခဲ့ပြီး၊ နွားအကောင်ရေများစွာ သတ်ဖြတ်ခဲ့ပြီးမှ နွားသတ်ဆရာအဖြစ် ရောက်နိုင်လေသည်။

သို့သော်လည်း နွားသတ်သမားအလုပ်မှာ အကုသိုလ်များလှသည့် အလုပ်မျိုးဖြစ်သဖြင့် ၎င်းတို့ ကြုံတွေ့ရသော အန္တရာယ်များကလည်း မနည်းလှပေ။

နွားသတ်သောနေရာသို့ ရောက်လာသော တစ္ဆေ၊ သရဲ ဖုတ်၊ ပြိတ္တာ၊ ဘီလူးတို့အန္တရာယ်ကပင် ကြောက်စရာကောင်းလှသည်။

မန်ဖာရွာအပါအဝင် ထိုဒေသတစ်ဝိုက်မှာ နေကြသူအများစုမှာ ခရစ်ယာဉ်ဘာသာဝင်နှင့် နတ်ကိုးကွယ်သူများလေသည်။ ဗုဒ္ဓဘာသာဝင်မရှိသလောက် ရှားသည်။

အချို့နေရာများတွင် ဗုဒ္ဓဘာသာဝင် ရှမ်းဘုန်းကြီးကျောင်းများရှိသည်။

ဗုဒ္ဓဘာသာဝင် ရှမ်းရွာများရှိကြသော်လည်း အနည်းငယ်ဝေးသည်။

ထိုရွာများမှာ နေထိုင်သူများမှာ နွားမွေးသော်လည်း နွားကို မသတ်ပေ။ တစ်ရွာလုံး နွားသားမစားကြပေ။ နွားကို တောင်ယာအလုပ်များမှာ စေခိုင်းခြင်း၊ နို့အတွက်လောက်သာ အသုံးချခြင်းများ ပြုသည်။

ဗုဒ္ဓဘာသာဝင် ရှမ်းရွာများမှာ နေထိုင်ကြသူအားလုံး





သီးနှံစိုက်ပျိုးပြီး စားကြသည်။

ထို့ကြောင့် ၎င်းတို့ရွာမှာ သရဲ၊ တစ္ဆေ၊ ခြောက်လှန့်၍ သေဆုံးခြင်း ဖုတ်ဝင်သောကြောင့် သေဆုံးခြင်းများ မရှိကြပေ။

ဒီဘက်ရွာများမှာတော့ ထိုသို့မဟုတ်ပေ။

သရဲ၊ တစ္ဆေ ခြောက်လှန့်ခြင်း၊ ဘီလူးဝင်စီးခြင်း၊ ရွာထဲသို့ မကောင်းဆိုးဝါးများ ဝင်ရောက်နှောင့်ယှက်သဖြင့် (ဖုတ်ဝင်ခြင်း) တစ်ရွာလုံးသေကျေပျက်စီးကာ ရွာပျက်ရသည်မျိုး မကြာခဏ ကြုံတွေ့ကြရသည်။

ထိုနေရာတွင် ရွာလုံးကျွတ်လုမတတ် သေဆုံးသွားခဲ့လျှင် အခြားတစ်နေရာသို့ ရွှေ့ပြောင်းကာ ရွာတည်ကြပြန်သည်။

နွားသတ်၊ ဝက်သတ်အလုပ်များကိုတော့ မစွန့်လွှတ်ကြပေ။ နွားသတ်သမားများသေလျှင်လည်း သရဲသဘက်ဘဝသို့ ချက်ချင်းရောက်သွားပြီး မိမိတို့ရွာကိုပင် ပြန်လည်နှိပ်စက်တတ်ကြသည်။

ထိုနှင့်ပတ်သက်သော အကြောင်းအရာတစ်ခုကို လွန်ခဲ့သော ငါးနှစ်ခန့်က အခြားစာအုပ်တစ်အုပ်မှာ ထည့်သွင်းရေးသားခဲ့ဖူးသည်။

ယခုအကြောင်းတိုက်ဆိုင်သောကြောင့် ထပ်မံရေးသားဖော်ပြပေးပါမည်။

မန်ဖာရွာမှာ တောင်ပိုင်း၊ မြောက်ပိုင်း ခွဲခြားထားပြီး တောင်ရွာနှင့် မြောက်ရွာဟူ၍ ခေါ်ဝေါ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ရွာနှစ်ရွာ၏အလယ်တွင် ရွာနယ်နမိတ်အဖြစ် ရေမြောင်းတစ်မြောင်း ခြားထားသည်။

နှစ်ရွာစလုံးမှာ နွားမွေး၊ ဝက်မွေးပြီး သတ်ဖြတ်ရောင်းချသောအလုပ်ဖြင့် အသက်မွေးကြသည်။

ထိုရွာမှာ ဦးထန်လုံဆိုသော နွားသတ်သမားတစ်ယောက်ရှိသည်။

သူသည် ထိုတစ်နယ်လုံးမှာ နွားသတ်အကျွမ်းကျင်ဆုံးနှင့် အတော်ဆုံးလူတစ်ယောက်ဖြစ်ရာ နှစ်ရွာစလုံးက သူ့ကိုဆရာကြီးအဖြစ် သတ်မှတ်ထားကြသည်။

သူသည် နွားသတ်သမားလောကတွင် ဘွဲ့ထူးအစုံ ရထားသူဖြစ်သည်။

သူမှာနွားသတ်ရာတွင် အကူအညီပေးသော တပည့်နှစ်ယောက်ရှိသည်။

ဇန်ထွန်းနှင့် စိုင်းထော်တို့ဖြစ်သည်။

၎င်းတို့နှစ်ယောက်မှာ သမီးယောက်ဖတော်စပ်ကြကာ တစ်အိမ်ထဲမှာပင် အတူနေကြသည်။

နွားသတ်လျှင်လည်း အတူတူသတ်ကြသည်။

တစ်နေ့တော့ ဦးထန်လုံမှာ အနှောင့်အယှက်ဝင်လာတော့သည်။

ညအချိန် သူတစ်ယောက်တည်း အိပ်နေစဉ် အိမ်ထရံကိုတဗုန်းဗုန်းနှင့် လာပုတ်သောကြောင့် နိုးလာသည်။





“ဘယ်သူတွေလဲကွ”

အိပ်ချင်မူးတူးအသံဖြင့် မေးလိုက်သည်။

“ဗုန်း. . ဗုန်း. . ဗုန်း. .”

“ဘာကိစ္စရှိလို့ ဒီလောက်လာထုနေတာလဲ နွားသတ်ခရာရှိရင် မနက်လင်းမှ သတ်ပေးမယ်၊ ဒီအချိန်မကောင်းဘူး”

သူ့စိတ်မှာ နွားသတ်ပေးရန် လာနှိုးနေသည်ထင်သဖြင့် ပြောလိုက်ပြီး ပြန်အိပ်ရန်ပြင်သော်လည်း မရပြန်ပေ။ ဒီတစ်ကြိမ်တော့ အိမ်ထရံကို ပုတ်ရုံမကပဲ အိမ်ပြိုမတတ် အိမ်ကိုဆွဲလှုပ်နေပြန်တော့သည်။

“ဝုန်း. . ဝုန်း. . ဝုန်း. .”

“ဘယ်ကလူတွေလာပြီး နှောင့်ယှက်နေတာလဲကွ”

ဦးထန်လုံက ခေါင်းရင်းမှာဆောင်ထားသော လှံကိုဆွဲယူပြီး နေရာမှထကြည့်သည်။

အိမ်ပေါက်ဝမှာ ရပ်နေသူက လူမဟုတ်ပေ။

ဘီလူးမျက်နှာမျိုးနှင့် ကြောက်စရာကောင်းသောမကောင်းဆိုးဝါး တစ်ကောင်ပင်ဖြစ်သည်။

လူနှစ်ရပ်ခန့်မြင့်ပြီး တစ်ကိုယ်လုံး အမွေးရှည်များကဖုံးထားသည်။

မျက်လုံးနှစ်လုံးက နီရဲနေပြီး ကျယ်လှသောပါးစပ်ထဲမှအစွယ်မှာ ငေါထွက်နေသည်။

ဦးထန်လုံမှာ သရဲသဘက်များနှင့် အမြဲတွေ့မြင်နေသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် ကြောက်လန့်တတ်သူမဟုတ်ပေ။

"မင်း ဘာကောင်လဲ"

". . . . . . . . . . . ."

အသံသြသြကြီးဖြင့် ပြန်ပြောသည်။

"မြေဖုတ်ဘီလူးက ငါ့ဆီဘာလာလုပ်တာလဲ"

". . . . . . . . . ."

"အမဲသား စားချင်လို့လာလည်း ငါဆီမှာ အမဲသားမရှိသေးဘူး"

". . . . . . . . . . . ."

"ဘာ အမဲသားမစားရရင် ငါ့ကိုစားမယ် ဟုတ်လား၊ ငါ့ကိုတော့ စားလို့မရဘူး၊ လှံစာပဲ ကျွေးလိုက်မယ်"

ဟုပြောပြီး လက်ထဲမှ လှံဖြင့်ထိုးလိုက်သည်။

သို့သော် ဖွဲအိတ်ကြီးထိုးရသကဲ့သို့ ကျွံဝင်သွားသည်။ စိတ်မကျေနပ်သဖြင့် ဓားဖြင့် ထွက်ခုတ်တော့လည်း အရာမရောက်ပေ။

နောက်ဆုံး ဘယ်လိုမှ နှင်ထုတ်၍မရတော့သဖြင့် မီးဖို ပေါ်မှ ကျပ်ခိုးစင်ပေါ်မှာတင်ထားသော အမဲသားခြောက်များ ကို ပစ်ကျွေးလိုက်တော့မှ စားသောက်ပြီးပြန်သွားတော့သည်။

နောက်တစ်ညမှာလည်း မြေဖုတ်ဘီလူးရောက်လာပြီ အမဲသားတောင်းပြန်သည်။

ထို့ကြောင့် ရှိသမျှအမဲခြောက်များကို ချကျွေးလိုက်ရ





ပြန်သည်။

နောက်တစ်ညမှာတော့ မြေဖုတ်ဘီလူးကတစ်ကောင် မဟုတ်တော့ပဲ နှစ်ကောင်ဖြစ်လာသည်။

ရှိသမျှ အစားအသောက်များ အားလုံးချကျွေးသော် လည်း မကျေနပ်နိုင်ပဲ အိမ်ပေါက်ဝမှာရပ်ပြီး အိမ်တိုင်ကို တဝုန်း ဝုန်းနှင့် ဆွဲကိုင်လှုပ်နေရာ အိပ်မရတော့ပေ။ မိုးလင်းတော့မှ ပြန်သွားကြလေသည်။

နောက်တစ်ရက်မှာတော့ ဦးထန်လုံတစ်ယောက် မန်ဖာ ရွာမှာ မနေဝံ့တော့ပဲ အခြားရွာသို့ ပြောင်းပြေးသွားလေတော့ သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂]

# နွားသတ်သမားတို့၏ ဂဲကြမ္မာ

ဦးထန်လုံထွက်ပြေးသောရွာမှာ မန်ဖာရွာနှင့် မဝေးလှသော လွယ်ဒန်ရွာဖြစ်သည်။ လွယ်ဒန်ရွာမှာလည်း မန်ဖာရွာနှင့် မကွာခြားလှပေ။ တစ်ရွာလုံး ခရစ်ယာန်ဘာသာဝင်များနှင့် နတ်ကိုးကွယ်သူများသာ ရှိကြသည်။

ထိုရွာမှာလည်း တောင်ယာစိုက်ပျိုးခြင်းအလုပ်ရှိသော်လည်း ငွေရလွယ်သော နွား၊ ဝက်များ မွေးပြီး သတ်ဖြတ်ရောင်းချသောအလုပ်ကိုသာ လုပ်ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှာလည်း ဦးထန်လုံအတွက် အလုပ်မရှားပေ။ နွားသတ်နည်းသင်ပေးထားသော တပည့်များရှိသဖြင့် နွားသတ်သည့်အလုပ်ကိုသာလုပ်ပြီး နွားသတ်နည်းသင်တန်းများကို သင်ကြားပေးပြန်လေသည်။

သူသည် ထိုရွာရောက်တော့ ရွာထဲမှာ နေစရာနေရာမရှိတော့ ရွာအစွန်ဘက်မှာ တဲတစ်လုံးနှင့် နေလေသည်။ ထိုရွာရောက်ပြီး တစ်ပတ်ခန့်ကြာသောအခါ ဦးထန်လုံအတွက် အန္တရာယ်က ရောက်လာပြန်တော့သည်။

ထိုရွာရောက်ပြီး လေးငါးရက်လောက်က ကောင်းမွန်စွာနေရသည်။ တစ်ညမှာတော့ တဲနံရံကို လာပုတ်ပြန်သည်။

“ဗုန်း . . ဗုန်း . . ”

အလန့်တကြားနှင့် ထကြည့်တော့ တဲပေါက်ဝမှာ ရပ်နေသည့် မြေဖုတ်ဘီလူးကို ပြန်တွေ့ရသည်။

“ဘာလာလုပ်ပြန်ပြီလဲ”

“. . . . . . . . . .”

“ငါ့မှာ အမဲသားပေးစရာမရှိဘူး”

ထိုသို့ပြောသောအခါ မြေဖုတ်ဘီးလူးနှစ်ကောင်က ရှေ့သို့တိုးလာကြသည်။

ဦးထန်လုံက သေမထူးနေမထူး အခြေအနေရောက်နေသောကြောင့် လှံဆွဲပြီး ထွက်ထိုးပြန်လေသည်။

ထိုညတစ်ညလုံး ဦးထန်လုံနေသောတဲဘက်မှ စူးစူး





ဝါးဝါးအော်သံများ ကြားကြရသော်လည်း ဘယ်သူမှ အပြင်မထွက်ဝံ့ကြပေ။

နောက်တစ်နေ့ နံနက်လင်းသောအခါမှ လူစုပြီး သွားကြည့်သောအခါ တဲပေါက်ဝမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသော နွားသတ်ဆရာ ဦးထန်လုံအလောင်းကို တွေ့ကြရတော့သည်။

မျက်လုံးနှစ်လုံးက အပြင်သို့ပြူးထွက်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသဖြင့် ဘယ်သူမှ မကြည့်ဝံ့ဘဲ တောစပ်တစ်နေရာမှပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

နောက်ပိုင်းရက်မှာတော့ လွယ်ဒန်ရွာသားများအဖို့ ကြမ္မာဆိုးများ ဝင်လာလေတော့သည်။

ညတိုင်းလိုလို ဦးထန်လုံနေသောနေရာဘက်မှ စူးစူးဝါးဝါးအော်သံများ ကြားကြရသည်။

မရှေးမနှောင်းမှာပင် ခွေးဟောင်သံ၊ ခွေးအူသံများ စူးစူးဝါးဝါး ပေါ်ထွက်လာသည်။

ခွေးဟောင်သံများ နီးလာသဖြင့် တဲပေါက်ဝမှ ချောင်းကြည့်လျှင် လူသေတင်သော ဝါးကပ်ကြိုးကို ချိုင်းကြားမှာ ညှပ်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ဦးထန်လုံကို ဝိုးတဝါး မြင်ရသည်။

ပထမရက်ကတွေ့စဉ်က လူပုံသဏ္ဌာန်အတိုင်းပင်ရှိသေးသော်လည်း နောက်ပိုင်းရက်မှာတော့ တဖြည်းဖြည်း ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ဆင်းပျက် ဖြစ်လာသည်။

ငှင်းရွာထဲသို့ဝင်လာလျှင် အပုပ်နံ့များ မခံနိုင်အောင် နံလှပြီး နွားများကလည်း ဂနာမငြိမ်ဖြစ်ကာ ရုန်းကန်နေတတ်ကြသည်။

ဦးထန်လုံ အသက်ရှိစဉ်က ငှင်းလာတာမြင်လျှင် နွားများက ကြောက်လန့်တကြား ရုန်းကန်နေတတ်ကြပေသည်။ ယခုလည်း ထိုအတိုင်းပင်ဖြစ်၏။

နောက်ပိုင်းမှာတော့ လွယ်ဒန်ရွာမှာ အန္တရာယ်ဆိုးများ ကျရောက်လာလေတော့သည်။

ညအချိန်ရောက်လာလျှင် ခွေးအူသံများ ပေါ်ထွက်လာပြီး ခေါင်းတလား ခေါက်သံကဲ့သို့ အသံမျိုး ကြားရသည်။

တဒုန်းဒုန်းနှင့် အသံများကြားရပြီးလျှင် အိမ်တစ်အိမ်သို့မဟုတ် တဲတစ်လုံးပေါ်သို့ လူသေတင်သော ဝါးကပ်၊ ဒါမှမဟုတ် လူသေပတ်သော ဖျာလိပ်တစ်လိပ် ကျလာတတ်သည်။

ထိုသို့ဖြစ်ပြီးလျှင် နောက်တစ်နေ့တွင် ဖျာလိပ်ကျသောအိမ်၊ လူသေတင်သော ဝါးကပ်စင်ကျသောအိမ်မှ လူတစ်ယောက်နှစ်ယောက် သေကြလေသည်။

ထိုလူများသေ၍မှ သင်္ဂြိုဟ်မပြီးခင် နောက်လူတို့ သေကြပြန်သည်။ အချို့အိမ်များမှာတော့ အခြားအသံများ မကြားလိုက်ရပဲ မနက်လင်းတော့မှ အိမ်ရှေ့မှာ တံစူးဝါးတစ်ချောင်း စိုက်နေသည်ကို တွေ့ရပြီး ထိုသို့တွေ့သည့်အိမ်မှာ လူသေကြပြန်





သည်။

ညအချိန်ရောက်သည်နှင့် မည်သူမှ အပြင်မထွက်ဝံ့ကြတော့ပေ။ ညဉ့်ဦးပိုင်းအချိန်ရောက်သည်နှင့် ရွာထဲမှာ လူသွားလူလာမရှိတော့ပဲ မကောင်းဆိုးဝါးများသာ သွားလာနေကြသည်ကို ဝိုးတဝါးတွေ့မြင်ကြရသည်။

ရက်ပိုင်းအတွင်းမှာပင် လွယ်ဒန်ရွာမှာရှိသောလူများ သုံးပုံနှစ်ပုံခန့် ကုန်သွားပေပြီ။

လူသေသောအပိုင်းမှာလည်း ဦးထန်လုံနေသွားသော အပိုင်းဘက်မှဖြစ်သည်။

ရွာထဲမှာ ဖုတ်ဝင်နေပြီကိုသိသော အတွေ့အကြုံရှိသူများက လွယ်ဒန်ရွာကို တောင်ပိုင်း၊ မြောက်ပိုင်း ခွဲလိုက်ကြသည်။

အလယ်ခေါင်နေရာမှာ ရေမြောင်းတစ်ခုတူးပြီး ရေမြောင်းကမ်းစပ်တစ်လျှောက်တွင် ကောက်ရိုးများပုံပြီး မီးရှို့ကြသည်။

ထိုကဲ့သို့ပြုလုပ်သည်ကို ရေတား၊ မီးတား ပြုလုပ်သည်ဟု ခေါ်ကြသည်။

ရွာလူကြီးအချို့က ထိုသို့ပြုလုပ်လိုက်သောအခါ ဦးထန်လုံနေခဲ့သော မြောက်ပိုင်းဘက်ရှိသည့်အိမ်များမှလူများ ဆက်သေကြပြီး၊ ရေမြောင်းတားထားသော တောင်ပိုင်းဘက်မှ အသေအပျောက်မရှိတော့ပေ။ ထိုအခြေအနေကြောင့် မြောက်ပိုင်းဘက်မှ ဆက်မနေဝံ့တော့ပဲ တောင်ပိုင်းဘက်သို့ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြေးလာကြလေသည်။

လူအားလုံးတောင်ပိုင်းဘက်ရောက်လာသောအခါ ရွာလူကြီးများက တစ်ရွာလုံးကို တောထုတ်ခြင်းပြုလုပ်ကြလေသည်။ သံပုံးများတီးခြင်း၊ အသံမြည်သောအိုး၊ ဖလုံများကိုတီးခေါက်ခြင်း၊ ဝါးလက်ခုပ်များကို ခပ်ကြမ်းကြမ်းတီးခြင်း၊ ဝါးလုံးများကိုတီးခေါက်ခြင်း၊ တူးမီးသေနတ်ပစ်ဖေါက်ခြင်း၊ ရန်ပုံခွင်းပစ်ဖောက်ခြင်းများအပြင် တစ်ရွာလုံး သံပြိုင်ဟစ်အော်ခြင်းများ ပြုလုပ်ကြသည်။

"ဟေး. . ဟေး. . ဟေး. ."

"ဝူး. . ဝူး. . ဝူး. ."

ထိုသို့ တောထုတ်သည်မှာ နေဝင်ရီတရောအချိန်မှာ ပြုလုပ်ကြသောကြောင့် နာနာဘာဝများ၏ ပုံရိပ်များကို အတိုင်းသားမြင်နေကြရသည်။

အချို့အိမ်များပေါ်မှာ ကြောက်ရွံ့စိတ်ကြောင့် သေကာနီးလူများ၏ ကိုယ်ပေါ်တွင် မကောင်းဆိုးဝါးများက ဝိုင်းအုံကာ သေကာနီးလူ၏ဝိညာဉ်ကို အတင်းနှုတ်ယူရန် ကြိုးစားနေကြသည်။

ထိုအခြေအနေမျိုးမှာ တောထုတ်သောအသံများ ကြားရသောအခါ အလန့်တကြားနှင့် ထွက်ပြေးသွားကြလေတော့သည်။

တောထုတ်ပြီးသည့်နောက်မှာတော့ လူအသေအ





ပျောက်တော့ ရပ်သွားသည်။ သို့ကြောင့် ဝမ်းသာကြရသည်။

သေဆုံးသွားသူများ၏ မကျွတ်မလွတ်သောဝိညာဉ်များက ခြောက်လှန့်ကြပြန်သည်။

ရွာခံလူများသေရာမှ နာနာဘာဝအဖြစ်သို့ ရောက်နေသော မိစ္ဆာများကိုတော့ နတ်ဆရာလည်း မတတ်နိုင်ပေ၊ တောထုတ်၍လည်း ထွက်မသွားကြပေ။

လူများကတောထုတ်ကြလျှင် သူတို့ကပါနောက်က လိုက်လာပြီး တောထုတ်ကြသည်။

ထိုနာနာဘာဝများကမှ ပိုဆိုးလေရာ နောက်ပိုင်းမှာ လူအသေအပျောက် ရှိလာပြန်သည်။

ထိုအတောအတွင်းမှာပင် အခြားရွာမှ ရှမ်းဆရာတစ်ယောက်ရောက်လာပြီး ပြောသည်။

"ဒီအတိုင်းဆက်နေရင် အားလုံးသေကြလိမ့်မယ်၊ နင်တို့တစ်ရွာလုံး အခြားနေရာပြောင်းချင်ပြောင်း၊ ဒါမှမဟုတ် ပရိတ်ရွတ်ပြီး နှင်ထုတ်မှ မိစ္ဆာတွေပြေးမယ်၊ နင်တို့ရွာမှ ဖုတ်ဝင်နေတယ်"

"ပရိတ်ရွတ်တယ်ဆိုတာ ဘယ်လိုလုပ်ရတာလဲ"

"ဗုဒ္ဓဘာသာဝင် ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်တာကို ပြောတာ"

သူတို့နေသောရွာနှင့် သုံးမိုင်ခန့်ဝေးသောနေရာတွင် ဗုဒ္ဓဘာသာဝင် ရှမ်းဘုန်းကြီးများနေသော ကျောင်းရှိသည်။ ထို


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးများရှိမှန်း သိသော်လည်း မိမိတို့ဘာသာဝင်မဟုတ်သောကြောင့် စိတ်မဝင်စားကြပေ။

ဥပုသ်နေ့များတွင် ထိုကျောင်းရှိသော နေရာဘက်မှ ကြေးစည်သံ၊ ဖားစည်ထိုးသံများ ကြားရသည်။ ထိုနေရာနှင့် နီးသောနေရာရောက်လျှင် တရားစာများကို သံပြိုင်ရွတ်ဆိုနေသည့်အသံများကို ကြားရတတ်သည်။

"သူတို့က ငါတို့ဘာသာဝင်မဟုတ်တာ သွားပြောလို့ဖြစ်ပါ့မလား"

"ဗုဒ္ဓဘာသာဝင်ဘုန်းကြီးတွေက လူမျိုးဘာသာမခွဲခြားတတ်ဘူး၊ ဒုက္ခရောက်နေရင် အကူအညီပေးကြပါတယ်၊ ရှမ်းဆရာက ထိုသို့ပြောပြီး ပြန်သွားလေသည်။

သို့သော်လည်း လွယ်ဒန်ရွာမှ ရွာလူကြီးများက ရှမ်းဘုန်းကြီးများကို သွားမပင့်ကြပေ။

အဘယ်ကြောင့်ဆိုလျှင် ဘာသာမတူသောကြောင့်ဖြစ်လေသည်။

နောက်ပိုင်းမှာတော့ လွယ်ဒန်ရွာမှာနေကြသူအတော်များများ သေကျေပျက်စီးသွားရုံမက ကျန်လူများမှာလည်း မနေစုံတော့သဖြင့် အခြားရွာများသို့ ပြောင်းပြေးသွားကြသဖြင့် ရွာပျက်လေတော့သည်။

လွယ်ဒန်တစ်ရွာလုံးပျက်စီးသွားသော်လည်း ကိစ္စကထိုမျှနှင့်မပြီးပေ။





ဦးထန်လုံတစ်ယောက် မန်ဖာရွာမှာ မနေဝံ့သဖြင့် လွယ်ဒန်ရွာသို့ ထွက်ပြေးသွားတော့မှ ထိုရွာပျက်ရလေသည်။ သူသေသွားခဲ့ပြီးနောက်ပိုင်းမှာလည်း မပြီးသေးပေ။ မန်ဖာရွာမှာ သူ၏လက်ရင်းတပည့်နှစ်ယောက် ကျန်ခဲ့လေသည်၊

ဇန်မွန်းနှင့်စိုင်းထော်တို့ သမီးယောက်ဖနှစ်ယောက်ပင်ဖြစ်သည်။

စိုင်းထော်၏အစ်မ မနန်းပိန်ကို ဇန်မွန်းကယူထားပြီးတစ်အိမ်ထဲမှာပင် အတူတကွ ပူးပေါင်းနေကြလေသည်။

၎င်းတို့နှစ်ယောက်သည်လည်း ဦးထန်လုံမရှိတော့သည့်နောက်ပိုင်းတွင် နွားသတ်သောတာဝန်ကို ဆက်လက်လုပ်ကိုင်ကြလေသည်။

၎င်းတို့နှစ်ယောက်စလုံးမှာလည်း ခေသူများမဟုတ်ကြပေ။ ဦးထန်လုံထံမှာ အချိန်အတော်ကြာအောင် နွားသတ်သောအလုပ်ကို လုပ်ခဲ့ကြသောကြောင့် တစ်ပွဲစားမှော်အောင်သကဲ့သို့ ကျွမ်းကျင်နေကြပေပြီ။

နွားတစ်ကောင်ကို အချိန်အနည်းငယ်အတွင်းမှာ သတ်ဖြတ်နိုင်သည်။ အသားပိဿာချိန် မည်ရွေ့မည်မျှ ထွက်မည်ကို မလွဲအောင် ခန့်မှန်းပေးနိုင်ကြသည့်အပြင် နွားသတ်ရာမှာ လာရောက်နှောင့်ယှက်လေ့ရှိကြသော သရဲသဘက် စသော. . . မကောင်းဆိုးဝါးတို့၏ အနှောင့်အယှက်အန္တရာယ်များကိုလည်း အတန်အသင့် ဖယ်ရှားပေးနိုင်ကြသောကြောင့် တစ်ရွာလုံးက



www.burmeseclassic.com

www.burmeseclassic.com



အားကိုးအားထား ပြုကြလေသည်။

နွားသတ်သမားဘွဲ့ ခံထားသူများမှာ အခြားအရည်အချင်းများရှိဖို့ထက် မကောင်းဆိုးဝါးများ ဝင်ရောက်နှောင့်ယှက်မှုကိုတော့ အတန်အသင့်နားလည်ကြရလေသည်။

သို့မဟုတ်ပါက အန္တရာယ်နှင့်တွေ့ရတတ်သည်။ နွားသတ်သောအချိန်တွင် ပတ်ဝန်းကျင်မှာရှိသော တစ္ဆေသရဲ၊ သဘက်၊ ဖုတ်၊ ဘီလူးစသည်တို့က အနားရောက်လာကြသည်။

လူများကမမြင်ရသော်လည်း ထိုနေရာပတ်ဝန်းကျင်မှာ ကြိတ်ကြိတ်တိုးနေတတ်သည်။ သွေးနံ့ရသည်နှင့် ပိုဆိုးလာတတ်သည်။

အဝေးမှာရှိသော ဘီလူးများပင် ရောက်လာတတ်သည်။ နံနက်ပိုင်းအချိန်တွင် ပြုလုပ်ပါက မဆိုးလှသော်လည်း နေဝင်ရီတရောအချိန်မျိုးပြုလုပ်ပါက ဖုတ်ဝင်လျှင်ဝင် သို့မဟုတ်ပါက သတ်ဖြတ်ထားသော အမဲသားများကို အတင်းဝင်ရောက်ပြီး လုယူစားသောက်ကြသည်။

ဖုတ်ဝင်သည်ဆိုခြင်းမှာ လူကိုဝင်သည်မဟုတ်ပေ၊ သတ်ဖြတ်လိုက်သောနွားကို အပမှီခြင်းဖြစ်သည်။

ထိုအခါ ထိုနွားကို ဘယ်လိုသတ်လို့မှ မသေတော့ပေ။ ပေါက်ဆိတ်ဖြင့်ထုသတ်လည်း မသေ၊ ဓားဖြင့်ခုတ်၊ လှံဖြင့်ထိုးလည်းမရတော့ပေ။ ထိုသို့ပြုလုပ်သူကိုပင် မျက်ထောက်နီကြီးဖြင့် ကြည့်နေတတ်သည်။





တစ်ခါက လူတစ်ယောက်မှာ နွားသတ်ရာတွင် နွားကိုအပမှီနေမှန်းမသိသောကြောင့် ဦးခေါင်းထိပ်ကိုပေါက်ဆိန်ဖြင့် အချက်ပေါင်းများစွာ ထုသတ်သော်လည်း နွားကမသေပေ။

သို့ကြောင့် လည်ပင်းကို ဓားဖြင့်လှီးဖြတ်သည်။ နွားက တဂီးဂီးတဂူးဂူးအော်ရင်းနှင့် နီရဲနေသောမျက်လုံးဖြင့် ကြည့်နေသည်။

နောက်ဆုံး ဦးခေါင်းပြတ်ကျသွားသော်လည်း နွားက မတ်တတ်ရပ်လျက်သား ကျန်သည်။ ပြတ်ကျသွားသော ဦးခေါင်းမှာလည်း မျက်လုံးပွင့်နေပြီး နွားသတ်သူများကို လိုက်ကြည့်နေသည်။

နွားသတ်သမားတို့မှာ ဖုတ်ဝင်နေမှန်းမသိကြသဖြင့် နည်းအမျိုးမျိုးဖြင့် သတ်သော်လည်း မရသဖြင့် တုပ်နှောင်ထားသောကြိုးတို့ကိုဖြုတ်ချပြီး အမဲဖျက်ရန်ပြင်ကြလေတော့သည်။

ထိုအခါမှ လည်ပင်းပြတ်နေသောနွားက လိုက်လံတိုက်ခိုက်ရာ ထွက်ပြေးကြရသည်။

နွားသတ်သမားတစ်ယောက်မှာ ပြေးရင်းလွှားရင်းနှင့် ခေါင်းပြတ်နေသောနွား၏ တိုက်ခိုက်ခြင်းကိုခံရသဖြင့် သေဆုံးသွားလေတော့သည်။

လူတစ်ယောက်သေဆုံးသွားတော့မှပင် ဦးခေါင်းပြတ်နေသည့်နွားမှာလည်း မနီးမဝေးမှာ လဲကျသေဆုံးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ပိုဆိုးသော အဖြစ်အပျက်များလည်း ရှိကြသေးသည်။ ဇန်မွန်းနှင့် စိုင်းထော်တို့ သမီးယောက်ဖနှစ်ယောက်မှာ နွားသတ်ခြင်းအလုပ်နှင့် အမဲပေါ် ရောင်းသောအလုပ်ဖြင့် အသက်မွေးခဲ့ကြရာ တစ်နေ့တော့ စိုင်းထော်တစ်ယောက် အမဲသား သွားရောင်းရာမှ သရဲနှင့်တွေ့ပြီး သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ပုတ်ရာမှ သူရှုံးသွားပြီးနောက် ပါသမျှ အမဲသားတွဲများကို ထားခဲ့ရကာ ပြန်ပြေးခဲ့ရလေသည်။

အိမ်ပြန်ရောက်သောအခါ အကြီးအကျယ်ဖျားလေတော့သည်။ အဖျားရောဂါမှာ ဘယ်လိုကုစ၍မှမပျောက်ဘဲ မစားနိုင် မသောက်နိုင်ဖြစ်လာကာ ပိန်ချုံးကျလာသည်။ မနန်းပိန်ကတော့ မောင်ဖြစ်သူကို တတ်နိုင်သမျှ ပြုစုပေးလေသည်။

နောက်ပိုင်း ရောဂါသည်းလာသောအခါ ညအချိန်ရောက်သောအခါ တိရစ္ဆာန်အသံများဖြင့် အော်ဟစ်နေတော့သည်။ နွားလိုအော်လိုက်၊ ဝက်လိုအော်လိုက်၊ ကြက်လိုအော်သောအသံများကို ကြားကြရသည်။

ထိုအသံများကို ပတ်ဝန်းမှလူများပါ ကြားကြရသဖြင့် နားမချမ်းသာအောင် ဖြစ်ကြလေသည်။

တစ်ခါတစ်ရံမှာလည်း. . .

"အမယ်လေး ကယ်ကြပါဦးဗျ၊ ငရဲက လူမည်းကြီးတွေ တက်လာပြီ အတင်းဆွဲခေါ်နေပါတယ် ကယ်ကြပါဦး"

ဟုတစ်မျိုး. . .





"ဟိုမှာ ငရဲခွေးကြီးတွေ ရောက်လာပြီး အတင်းတက်ဆွဲနေပါတယ်၊ အတင်းလိုက်ကိုက်နေပါတယ်၊ လုပ်ကြပါဦး သေရပါတော့မယ်"

ဟု အသံနက်ကြီးများဖြင့် အော်ဟစ်နေလေသည်။

မနန်းပိတ်ကတော့ မောင်ဖြစ်သူကို ပွေ့ပွေ့ပိုက်ပိုက် ပြုစုပေးလေသည်။

တစ်နေ့တွင် မနန်းပိန်က ပွေ့ထားစဉ် မလှုပ်နိုင်တော့သော စိုင်းထော်က မျက်စိနီနီရဲရဲကြီးဖြင့် ပြူးပြလေသည်။

ပြီးလျှင် ပါးစပ်ထဲမှလျှာကိုလည်း အပြင်ထုတ်ပြသည်။ လျှာမှာ လူတစ်ယောက်လျှာနှင့်မတူပဲ နွားတစ်ကောင်၏ လျှာနှင့်တူပြီး အပြင်သို့ တစ်တောင်ခန့် ထွက်လာလေသည်။

မနန်းပိန်က ကြောက်ရွံ့တတ်သူမဟုတ်ပေ။

"စိုင်းထော် နင် ငါတို့ကို မခြောက်နဲ့ မလှန့်နဲ့၊ နင်ခြောက်လည်း ငါမကြောက်ဘူး၊ နင်သွားမယ်လမ်းကို ဖြောင့်ဖြောင့်သာ သွားပေတော့"

ဟု ခွင့်ပေးသောအခါ အသံသြသြကြီးဖြင့် ပြန်ပြောသည်။

"ငါ့ ပစ္စည်းတွေပြန်ပေးပါ"

ထိုအခါ ဇန်မွန်းက နွား၊ ဝက်၊ ကြက်သတ်ရာတွင် အသုံးပြုနေကျပစ္စည်းများဖြစ်သော ဓား၊ ဓားမြှောင်၊ ကြိုး၊ ထုသတ်ရာတွင်သုံးသော ပေါက်ဆိန်၊ နွားချည်ကြိုး၊ အသားချိန်သော



www.burmeseclassic.com

www.burmeseclassic.com



ချိန်ခွင်နှင့် အလေးစသည်တို့ကို ယူ၍ စိုင်းထော်ရင်ဘတ်ပေါ်သို့ တင်ပေးလိုက်သည်။

စိုင်းထော်မှာ သူ့ပစ္စည်းများ ရင်ဘတ်ပေါ်ရောက်လာသောအခါ မက်မက်မောမောနှင့် ပွေ့ဖက်ထားပြီး နွားတစ်ကောင်အသက်ထွက်ကာနီး အော်သံမျိုးဖြင့် အော်ဟစ်ကာ အသက်ထွက်သွားလေတော့သည်။







# အခန်း (၃)

# ဖုတ်ဝင်နေသောအလောင်းများ

မန်ဖာရွာ၏အရှေ့ဘက်တွင် ကိုးကန့်နယ်ရှိသည်။ ကိုးကန့်နယ်သည် ဘိန်းနှင့်လက်ဖက်ကို စိုက်ပျိုးကြသည်။ လက်ဖက်စိုက်ခင်းကနည်းပြီး ဘိန်းစိုက်ခင်းက ပိုများလေသည်။

အနောက်ဘက်၌ မူဆယ်မြို့ရှိသည်။ ထိုတစ်ပိုက်မှာလည်း ရွာကြီးရွာငယ် အမြောက်အမြားရှိကြပြီး၊ ထိုရွာများမှာလည်း ဘိန်းစိုက်ပျိုးကြသည်။ တောင်ဘက်တွင် ကွတ်ခိုင်မြို့ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com



ကွတ်ခိုင်နှင့် မန်ဖာရွာကြားမှာရှိသော ရွာများမှာလည်း ဘိန်းကိုသာ အဓိကထားကာ စိုက်ပျိုးကြသည်။

မြောက်ဘက်တွင် မုန်းကိုးနယ်နှင့် ဖောင်းဆိုင်နယ်တို့ ရှိကြသည်။ ထိုနေရာတစ်ကြောမှ တရုတ်ပြည်ယူနန်အထိ ဘိန်းစိုက်ပျိုးကြရာ ထိုနေရာဒေသများကတော့ ဘိန်းစိုက်ပျိုးသောလောကမှာ အထင်ရှားဆုံးဖြစ်ကြသည်။

ကိုးကန့်၏ တောင်ဘက်မှာရှိသော ကွမ်းလုံနယ်နှင့် ဟိုပန်ခရိုင် ဝနယ်တို့မှာလည်း ဘိန်းစိုက်ပျိုးရာတွင် အများဆုံးဒေသများ ဖြစ်ကြလေသည်။

ဘိန်းစိုက်ပျိုးသောဒေသများကတော့ ဘိန်း၏ ကျေးကျွန်းဘဝသို့ရောက်ကာ ဆင်းရဲမွဲတေကြသော်လည်း ဘိန်းကုန်ကူးသူများကတော့ တစ်နေ့တခြား ကြီးပွားချမ်းသာလာကြသည်။

ဘိန်းစိုက်ပျိုးသောဒေသမှာရှိကြသည့် ယောကျ်ားများမှာ ဘိန်းစွဲနေသူများဖြစ်ကြပြီး အလုပ်ကိုပင် ကောင်းစွာမလုပ်နိုင်ကြပေ။

သို့ကြောင့် မိသားစုတာဝန်ကို မိန်းမများက တာဝန်ယူလုပ်ကိုင်ကျွေးမွေးကြရသည်။

ထို့ကြောင့် ထိုဒေသမှာရှိကြသော မိန်းမများမှာ အိမ်ထောင်ဦးစီးများဖြစ်ကြရပြီး ယောကျ်ားများက ဘိန်းစားများဘဝရောက်ကြရလေသည်။





မိသားစုတစ်စုမှာ လူတစ်ယောက် ဘိန်းစွဲသွားပြီဆိုပါက ဘယ်လောက်ချမ်းသာသော မိသားစုဖြစ်ပါစေ လပိုင်းနှစ်ပိုင်းမှာ ဆင်းရဲမွဲတေသွားတော့သည်။ အချို့ဆိုလျှင် ကုန်းကောက်စရာမရှိအောင် ဆင်းရဲသွားကြကာ ဘိန်းစွဲသောရောဂါနှင့်ပင် သေကျေပျက်စီးကြရလေသည်။

ကျန်ခဲ့သော မိသားစုများလည်း ဘဝပျက်ကြရတော့သည်။ ဘိန်းစိုက်ပျိုးသောရွာများမှာ ဘိန်းရောင်းရသောရက်တွင် ငွေရှိသည်။

ထိုရက်တွင်လာရောင်းသမျှဈေးသည်ကို ခေါ်ပြီး ဝယ်စားလေ့ရှိသည်။

ထို့ကြောင့် ထိုရက်များတွင် ဈေးရောင်းသူများလည်း ရောင်းကောင်းကြသည်။

မန်ဖာရွာတွင် ဦးထန်လုံနှင့် စိုင်းထော်တို့ မရှိကြတော့သည့်အခါ နွားသတ်သောအလုပ်ကို ဇန်မွန်းက ဆက်လုပ်လေသည်။

သူကတော့ စီးပွားရေးအမြင်ရှိသူဖြစ်သဖြင့် အခြားသူများက နွားသတ်ဖို့လာခေါ်ပါက အခကြေးငွေယူ၍ လိုက်သတ်ပေးသည်။

အခြားသူများလာမခေါ်လျှင် မိမိမွေးထားသောနွားကို သတ်ရောင်းသည်။ သို့မဟုတ် အခြားမှနွားကိုဝယ်ပြီး ပေါ်ရောင်းလေ့ရှိသည်။ သူသည် နွားသားကိုရောင်းချရာတွင် မိမိရွာ



www.burmeseclassic.com

www.burmeseclassic.com

မကုန်ပါက အနီးဝန်းကျင်ရွာများသို့ လှည့်လည်ရောင်းချရသည်။ ထိုသို့ရောင်းချရာမှာတော့ သူ့အတွက် အန္တရာယ်မျိုးစုံနှင့် ကြုံတွေ့ရလေသည်။

ငှင်းတို့နေသောရွာမှ တောင်ဘက်တွင် ကွတ်ခိုင်သို့ သွားသောလမ်းပေါ်မှာ အထိကရသစ်ပင်ကြီးတစ်ပင် ရှိသည်။ လူလေးယောက်ဖက်ခန့် လုံးပတ်ကြီးသည်။

အပင်လည်းမြင့်သည်။ အပေါ်ကိုင်းများမှာ သစ်ခွပန်းမျိုးစုံတို့ တွယ်ကပ်ပေါက်နေကြသည်။

တစ်ခါက တရုတ်ပြည် ယူနန်နယ်မှ လူအချို့ ထိုသစ်ပင်ကြီးရှိရာ ရောက်လာကြသည်။

ငှင်းတို့မှာ သစ်ပင်လှဲရန် လွ၊ ဓား၊ ပေါက်ဆိတ်၊ သံသတ် စသည်တို့ ပါလာသည်။ တရုတ်ဖြူများမှာ ယူနန်နယ်မှ တရုတ်စော်ဘွား နန်းတော်ဆောက်ရန်အတွက် သစ်သားကောင်းကောင်း လိုက်လံရှာဖွေရင်းမှ ထိုသစ်ပင်ကြီးရှိရာရောက်လာလေတော့သည်။

ငှင်းတို့နှင့်အတူ တရုတ်ဗိသုကာ လက်သမားများလည်း ပါလာကြရာ ထိုသစ်ပင်ကြီးကိုမြင်သည်နှင့် လှဲဖြတ်ရန် အမိန့်ပေးကြလေသည်။

သို့ကြောင့် အလုပ်သမားများက သစ်ပင်ခြေရင်းမှ လွဖြင့်တိုက်ဖြတ်လှဲကြလေသည်။

ထိုသို့လှဲဖြတ်နေစဉ် ပတ်ဝန်းကျင်မှ ကျားဟိန်းသံများ





ပေါ်ထွက်လာသောကြောင့် ကြောက်ရွံ့ပြီး ပြန်ပြေးကြရသည်။ နောက်တစ်ခါမှာတော့ မုဆိုးများပါခေါ်လာပြီး သေနတ်များပါယူကြသည်။

ထူးဆန်းသောအချက်မှာ ငှင်းတို့နောက်တစ်ခေါက်ပြန်ရောက်လာသောအခါ ယခင်တစ်ပတ်က တိုက်ဖြတ်ခဲ့သည့် လွကြောင်းအရာမှာ မရှိတော့ပေ။

နောက်တစ်ကြိမ်မှာတော့ သစ်ပင်လှဲဖြတ်၍ အောက်ခြေပြတ်ကာနီးသော်လည်း ဘယ်လိုမှမလဲနိုင်သဖြင့် သံသတ်များဖြင့် ရိုက်သွင်းကြသည်။

သံသတ်ရိုက်သံများက ပတ်ဝန်းကျင်မှာ ဟိန်းထွက်နေတော့သည်။ သံသတ်ရိုက်နေရင်းမှပင် တစ်ယောက်က သစ်ပင်ပေါ်မှ အခြေအနေကို တွေ့မြင်သွားသည်။

"ဟို. . . ဟို. . . မှာ. . ."

သူမြင်ရသောအရာမှာ အခြားမဟုတ်ပေ။

သစ်ပင်ပေါ်မှ ဇောက်ထိုးရှိနေသော ဘီလူးတစ်ကောင်က သံသတ်တစ်ချက်ရိုက်တိုင်း အောက်သို့တစ်ဆင့်ချင်း လျောဆင်းလာခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် သေနတ်ပါလာသူတစ်ယောက်က သစ်ပင်ပေါ်မှ ဇောက်ထိုးဆင်းလာသောဘီလူးကို သေနတ်ဖြင့် လှမ်းပစ်သည်။

"ဒိုင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် သစ်ပင်ပေါ်မှ ဖောက်ထိုးတွယ်ကပ်နေသောဘီလူးက အောက်သို့ခုန်ဆင်းလာတော့သည်။ ထိုအခါ အားလုံးထွက်ပြေးကြသော်လည်း နှစ်ယောက်သေပြီး သစ်ပင်လှဲသော လွှသမားနှစ်ယောက်မှာတော့ သွက်သွက်လည်အောင် ရူးသွားလေတော့သည်။

သစ်ပင်ကြီးမှာ အောက်ခြေမှ ပြတ်လုပြတ်ခင် အနေအထားရောက်နေလေပြီ။

သို့သော်လည်း သစ်ပင်လှဲသူများမှာ နောက်တစ်ကြိမ်ရောက်လာကြပြန်သည်။

ဒီတစ်ကြိမ်မှာတော့ သစ်ပင်လှဲရန်လာရောက်ကြခြင်းမဟုတ်ပေ။ ဓလေ့ထုံးစံအရ ပူဇော်ကန်တော့ပြီး တောင်းပန်ရန်ရောက်လာကြခြင်းဖြစ်သည်။

သူတို့ရောက်လာသောအခါ ထူးဆန်းသောမြင်ကွင်းကို တွေ့မြင်ရသည်။ အခြားမဟုတ်ပေ။

လွှကြောင်းရာထက်ဝက်ခန့်အထိ ပြတ်နေသောသစ်ပင်ကြီးမှာလွှကြောင်းရာ လုံးဝမရှိတော့ပဲ ပျောက်သွားလေပြီ။

ပင်စည်မှာ ပေါက်ဆိတ်၊ ဓားတို့ဖြင့်ခုတ်ထားသော ဒဏ်ရာဒဏ်ချက်အချို့လောက်သာ ကျန်ခဲ့တော့သည်။ တရုတ်လက်သမားတို့လည်း သစ်ပင်ခြေရင်းမှာ ယဇ်ပူဇော်ခြင်း၊ အသားများ၊ အစားအသောက်များဖြင့် ပူဇော်တောင်းပန်ပြီးမှ ပြန်သွားကြသည်။ (ထိုသို့လာတောင်းပန်တော့မှ ရူးနေသော သစ်ပင်လှဲ





သမားနှစ်ယောက်တို့မှာ ပုံမှန်အခြေအနေ ပြန်ရောက်ကြသည်ဟု နောက်ပိုင်းမှာသတင်းကြားရသည်)

နောက်ပိုင်းမှာတော့ ထိုအထိကရသစ်ပင်ကြီးကို ခုတ်လှဲဖို့ မဆိုထားနှင့် အချို့ဆိုလျှင် အနားသို့ပင် မသွားဝံ့ကြပေ။ သို့သော်လည်း မန်ဖာရွာအပါအဝင် ထိုပတ်ဝန်းကျင်မှာရှိကြသော ရွာများမှလူများသည် ထိုအထိကရသစ်ပင်ကြီးအနီးမှ ဖြတ်သွားဖြတ်လာပြုလုပ်ကြရသည်။

သူတို့အသုံးပြုသောလမ်းမှာ ထိုသစ်ပင်ကြီးအနီးမှ ဖောက်ထားသောကြောင့်ဖြစ်သည်။

အချို့မှာ ထိုသစ်ပင်အနီးမှ မသွားဝံ့ကြပေ။ မလွှဲသာ၍ သွားရလျှင်လည်း အဖော်နှင့်သွားကြသည်။ အချို့ ကျွဲပျောက်နွားပျောက်လိုက်ရှာရင်း အချိန်လွန်မှ ထိုနေရာသို့ရောက်လာကြသူတို့မှာ သစ်ပင်ပေါ်မှ ဘီလူးများ ဖောက်ထိုးဆင်းလာပြီးဆင်းလိုက်သဖြင့် ထွက်ပြေးကြရလေသည်။

တစ်ခါက ကျွဲပျောက်ရှာရင်း မိုးချုပ်မှ ထိုလမ်းမှပြန်လာသော လူတစ်ယောက်မှာ ထိုသစ်ပင်နားရောက်မှ သစ်ပင်ပေါ်မှ အစွယ်ငေါငေါနှင့် လူမည်းကြီးတစ်ယောက် ဆင်းလာသည်ကို တွေ့ရသဖြင့် လူရောကျွဲပါ ထွက်ပြေးရတော့သည်။

ထိုသို့ဆင်းလာသည်ကိုမြင်သောအခါ လူထက် ကျွဲက ရှေ့မှအရင် ထွက်ပြေးလေသည်။

ထိုလူလည်းအိမ်ရောက်သောအခါ အကြောက်လွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတမ်းဖြစ်နေသောကြောင့် ရှမ်းဆရာတစ်ယောက်နှင့် ခေါ်ကုတော့မှ သက်သာရရလေသည်။

"အဲ့ဒီသစ်ပင်မှာ ဂမုန်းဘီလူးရှိတယ်၊ အပင်နားရောက်ရင် အပေါ့အလေးမစွန့်နဲ့၊ ညစ်ညမ်းတဲ့စကား မပြောနဲ့၊ တံတွေးမထွေးကြနဲ့"

ဟု ရှမ်းဆရာကပြောသည်။

"ဂမုန်းဘီးလူးဆိုတာ ဘယ်လိုမျိုးလဲဟင်"

"ဂမုန်းဘီလူးဆိုတာ သိဒ္ဓိရှိတဲ့ဂမုန်းမျိုးပဲ၊ သူ့ရဲ့ဥမှာ ဘီလူးမျက်နှာ ပေါ်နေတယ်၊ အဲ့ဒီသစ်ပင်ပေါ်မှာ ဂမုန်းဘီလူးရှိနေရင် အဲ့ဒီသစ်ပင်နားကို မသွားရဘူး"

နောက်ပိုင်းမှာတော့ ထိုသစ်ပင်နားကို ညအချိန်မတော် ဘယ်သူမှ မသွားလာဝံ့တော့ပေ။

"ဖုန်မွှန်း၊ နင့်အမဲသားသွားရောင်းရင် ဟိုသစ်ပင်ကြီးနားကဖြတ်မသွားနဲ့နော် တော်ကြာ သရဲဆွဲနေဦးမယ်"

အမဲသားတွဲများကို တောင်းထဲထည့်နေသော ဖုန်မွှန်းက ဂရုမစိုက်သောအမူအရာဖြင့် တံတွေးတစ်ချက် ထွေးလိုက်သည်။

"ငါက သရဲကြောက်တတ်တဲ့လူမှ မဟုတ်တာ၊ ငါ့အမဲသားတွေလာလုရင် ဓားနဲ့ခုတ်မှာပေါ့"

ဟု ပြန်ပြောသည်။

"နင် ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ သရဲဆိုတာ





တကယ်ကြောက်အောင်ခြောက်ရင် ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ နင်မသိသေးလို့ပါ"

မနန်းပိန်က အပျိုဘဝကတည်းက နတ်ကိစ္စ၊ စုန်းကိစ္စများကို အတန်အသင့်တတ်ကျွမ်းသူဖြစ်သည်။

လိပ်ပြာခေါ်ခြင်း၊ လိပ်ပြာခွဲခြင်း၊ လိပ်ပြာနှင်ခြင်းများလည်း ပြုလုပ်ပေးနိုင်သူဖြစ်သည်။

သူမွေးထားသောကြက်၊ ဝက်တို့ကို ခိုးစားလျှင်သော်လည်းကောင်း၊ သူစိုက်ပျိုးထားသော အသီးအနှံများကို ခိုးယူလျှင်သော်လည်းကောင်း ဒုက္ခရောက်အောင်လုပ်နိုင်သည်။

အချိန်မီ လာမတောင်းပန်ပါက အသက်သေသည်အထိ ပြုလုပ်နိုင်သူဖြစ်သည်။

ဖုန်မွှန်းကတော့ မနန်းပိန်ပြောနေသော စကားများကို ဂရုမစိုက်ပဲ အမဲသားတွဲများကို တောင်းထဲသို့ထည့်ပြီး ထွက်သွားလေတော့သည်။

သူ့အနေနှင့် သရဲခြောက်သည့်ကိစ္စထက် အချိန်မီ အမဲသားရောင်းနိုင်ဖို့ကိစ္စက အရေးကြီးသည်။

ထိုတစ်ကြိမ်ကတော့ ရွာထဲမှာတင် အမဲသားကုန်သွားသဖြင့် အခြားရွာများကိုပင် မရောက်တော့ပေ။

နောက်တစ်ကြိမ်မှာတော့ ဖုန်မွှန်းတစ်ယောက် မလွှဲမရှောင်သာ ထိုလမ်းမှဖြတ်ရလေသည်။

သူသည် အခြားရွာမှ နွားတစ်ကောင်သွားဝယ်ရာ ည



www.burmeseclassic.com

www.burmeseclassic.com



နေပိုင်းအချိန်ရောက်တော့မှ အရောင်းအဝယ်ပြီးသဖြင့် ထိုနွားကိုပင် စီးပြန်ခဲ့လေသည်။

ထိုသစ်ပင်နားရောက်တော့ နေဝင်ချိန်ရောက်နေပြီ။ သစ်ပင်အောက်ရောက်တော့ အပင်ပေါ်သို့ တစ်ချက်မော့ ကြည့်သော်လည်း ဘာမှမတွေ့ရပေ။

"သရဲဆိုတာ ကြောက်တတ်တဲ့လူမှ ရွှေခြောက်တာနေမှာပါ. . ထွီ"

ပြောပြောဆိုဆိုနှင့် သစ်ပင်ခြေရင်းသို့ တံထွေးတစ်ချက် ထွေးချလိုက်သည်။

ထိုသို့တံထွေးထွေးလိုက်ပြီးသည်နှင့် ကြက်သီးတဖြန်းဖြန်းထလာသည်။ ကျောထဲမှာ စိမ့်ခနဲဖြစ်သွားသည်။

နွားကလည်း တရှူးရှူးတရှားရှားနှင့် ရုန်းကန်နေလေပြီ။ ထို့ကြောင့် ထိုနေရာမှ အမြန်သွားရန်ပြင်သော်လည်း မရတော့ပေ။

တစ်စုံတစ်ယောက်က နောက်မှ လိုက်ဆွဲချလိုက်သကဲ့သို့ဖြစ်ကာ ပက်လက်လန်ကျသွားတော့သည်။

ထိုသို့ကျသွားစဉ်မှာပင် တစ်စုံတစ်ခုနှင့် ခေါင်းကိုဆောင့်မိပြီး သတိလစ်သွားတော့သည်။

အချိန်မည်မျှကြာအောင် သတိမေ့နေသည်မသိပေ သူသတိပြန်ရလာတော့ ပတ်ဝန်းကျင်မှာ မှောင်မည်းနေသည်။

ဇနီမွန်းက နေရာမှထကြည့်လိုက်ပော့ သူနွားကို





မတွေ့ရသဖြင့် များစွာစိတ်ပူသွားသည်။

ဝယ်လာသောနွားပျောက်သွားလျှင်တော့ အရင်းရောအမြတ်ပါ ဆုံးရှုံးရတော့မည်မို့ ဟိုဟိုဒီဒီ လိုက်ရှာနေစဉ်မှာပင် သစ်ပင်အကိုင်းမှထွက်နေသော နွားဦးခေါင်းကိုတွေ့ရသည်။

မှောင်နေသောကြောင့် သဲသဲကွဲကွဲတော့ လှမ်းမမြင်ရပေ။

"တော်ပါသေးရဲ့"

ထိုသို့တွေးပြီး အနားသွားကြည့်တော့ သူထင်သလို မဟုတ်ပြန်ပေ။

နွားခေါင်းပြတ်ကြီးကို သစ်ငုတ်တစ်ခုတွင် စွပ်ထားခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာတော့ သွေးညှီနံ့များပြည့်နေပြီး နွားအရိုးများကလည်း ထိုနေရာတစ်ဝိုက်မှာ ပြန့်ကျဲလျက်ရှိသည်။

ထိုအခြေအနေကိုမြင်ရသောအခါ ဇနီမွန်းမှာ ခေါင်းနားပန်းကြီးသွားသည်။ ဒေါသလည်း ဖြစ်သွားသည်။

လက်ထဲမှာကိုင်ထားသောဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး အော်မေးလိုက်သည်။

"ဟေ့ ငါ့နွားကို ဘယ်သူတွေ သတ်တာလဲကွ"

တိတ်ဆိတ်နေသော အချိန်မို့ သူ့အော်သံများက ပဲ့တင်ထပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သစ်ပင်အကွယ်မှ လူမည်းကြီးနှစ်ယောက် ထွက်လာကြသည်။ အရပ်အမောင်းမြင့်မားလှပြီး တစ်ကိုယ်လုံး အမွေးရှည်များရှိသည်။

ရုတ်တရက်ကြည့်ပါက လူဝံတစ်ကောင်နှင့်တူသော်လည်း လူဝံတော့မဟုတ်ပေ။

နီရဲသောမျက်လုံးပြူးကြီးများနှင့် ရှေ့သို့ငေါ်ထွက်နေသည့် အစွယ်များက လူဝံမျက်နှာနှင့်မတူပဲ ဘီလူးတစ်ကောင်မျက်နှာမျိုးဖြစ်သည်။ ဇန်မွန်းထက် အရပ်အမောင်းရော ကိုယ်လုံးကိုယ်ထည်ပါ မြင့်မားထွားကျိုင်းလေသည်။

ဇန်မွန်းက ကြောက်တတ်သူမဟုတ်ပေ။

"ငါရဲ့နွားကို မင်းတို့သတ်လိုက်တာလား"

"ဟုတ်တယ်"

"ဒါဖြင့် အလျော်ပြန်ပေးရမယ်"

"မပေးရင်ဘယ်လိုလုပ်မလဲ"

"မပေးရင်ဓားနဲ့ခုတ်မယ်"

"ခုတ်ချင်လည်းခုတ်ပေါ့"

တစ်ယောက်ကထိုသို့ပြောသဖြင့် ပြေးဝင်သွားပြီး ဓားမြင့်ခုတ်ရာ ဖွဲ့အိတ်ကြီး ခုတ်ရသကဲ့သို့ တဗုန်းဗုန်းနှင့် အသံမြည်နေသော်လည်း ဘာမှအရာမထင်ပေ။

နောက်ဆုံးမှာတော့ ထိုလူမည်းကြီးနှစ်ကောင်က ဝိုင်းဝန်းတိုက်ခိုက်ကြသောကြောင့် ဇန်မွန်းမှာ နေရာမှာ မထနိုင်





တော့ပေ။

တစ်ညလုံးဘယ်ကဲ့သို့ဖြစ်နေသည် မသိရသော်လည်း နောက်တစ်နေ့ နံနက်လင်းသောအခါမှတော့ ပြန်သတိရလာသည်။

သူသည် နေရာမှလူးလဲထပြီး ကြည့်သောအခါ လူမည်းကြီးနှစ်ယောက်ကို မတွေ့ရတော့သည့်အပြင် သူဆွဲယူလာသောနွားကိုလည်း မတွေ့ရတော့ပေ။

ညကတွေ့ခဲ့ရသည့် နွားဦးခေါင်းပြတ်နှင့် အရိုးများလည်း နေရာမှာမရှိတော့ပေ။

သို့ကြောင့် ဇဝေဇဝါနှင့် နေရာမှထကာ အိမ်သို့ပြန်လာခဲ့လေသည်။

အိမ်ပြန်ရောက်တော့ မနန်းပိန်ကမေးသည်။

"ဇန်မွန်း နင်ညကအိမ်ပြန်မလာဘူး၊ ဘယ်နေရာတွေ လျှောက်သွားနေတာလဲ၊ နွားဝယ်သွားတာ နွားလည်း မပါလာဘူး"

ဇန်မွန်းက ဘာမှမပြောပဲ ငူငူကြီးထိုင်နေသည်။

"နင်လောင်းကစားဝိုင်းမှ ရှုံးလာခဲ့ပြီထင်တယ်၊ ရှိစုမဲ့စုလေးတော့ကုန်ပါပြီ"

ဟု ညည်းညည်းညူညူပြောဆိုနေသည်။

နောက်ပိုင်းမှာလည်း ဇန်မွန်းမှာ ယခင်ကလို ဘာမှ မလုပ်နိုင်တော့ပဲ အိပ်ရာထဲမှာပင် လှဲနေလေသည်။



www.burmeseclassic.com

နန်းပိန်ကတော့ ယောက်ျားအလုပ် မလုပ်နိုင်လှည်း အဲဒါမှမပြောရမဲ့ စားဖို့သောက်ဖို့တော့ သူ့ဘာသာသူရှာလုပ်ကိုင်လေသည်။ ဇန်မွှန်းမှာ တစ်နေ့တခြား ပိန်ချုံးကျလာပြီး အရိုးပေါ်အရေတင်သည့် အနေအထားမျိုး ရောက်လာလေသည်။

သို့သော်လည်း အစားအသောက်တွေကတော့ မပျက်ပေ။ ထည့်ပေးသမျှ ကုန်ခဲ့အောင်စားသောက်လေသည်။

"လူကသာ အရိုးပေါ်အရေတင်နေတာယ်၊ အစားအသောက်ကျတော့ မခံသေးဘူး"

ဟုပြောသောအခါ ဇွန်မွှန်းကပြောသည်။

"ငါ့အမဲသားဟင်းစားချင်တယ်။ လွှားမှတွေကို မကောင်းတော့ နူးအောင်ပြုတ်ပေးပါ"

မိနန်းပိန်ကရော့တဲ့ သူ့ယောကျ်ား နေမကောင်းဖြစ်နေသည်ဆိုသဖြင့် အခြားမှ အမဲသားဝယ်ပြီး အိုးတစ်လုံးဖြင့် တစ်နေကုန်ပြုတ်သည်။

အသားများ နူးလာတော့ အိုးလိုက်ချပေးသည်။ ဇန်မွှန်းကဟင်းအိုးထဲသို့ ထိုက်နှိုက်သည်။ အမဲသားများမှာ အပြင်သို့ ပန်းထွက်လာကြသည်။

သို့သော် ကြမ်းပြင်ပေါ် မရောက်ခင်မှာပင် အမဲသားဖတ်များက ပျောက်သွားကြသည်။

မနန်းပိန်က ထိုအခြေအနေကိုမြင်ရ၍ ချက်ချင်းသဘောပေါက်သွားသဖြင့် သားအကြီးကိုပြောလိုက်သည်။





"ဟဲ့... အဲ့ဒီဟင်းတွေ မစားနဲ့တော့၊ အပြင်ဘက်ကို အိုးလိုက်ယူသွားပြီး သရက်ပင်ခြေရင်းမှာ မှောက်သွန်ချလိုက်၊ အိုးကိုပြန်မယူနဲ့"

ဟုပြောသဖြင့် သားဖြစ်သူ တင်းအိုးကိုအပြင်သို့ မ,ယူသွားပြီး သရက်ပင်ခြေရင်းမှာ မှောက်ချလိုက်သည်။

ထိုသို့မှောက်လိုက်သောအချိန်မှာ အိုးထဲ၌ အမဲသားများတစ်ဖတ်မှ မကျန်ခဲ့တော့ပေ။

မရှိတော့ပေ။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ အခြားမဟုတ်ပေ။ ဖုင်းဝဝိလာသောဆွားမှာ သတိဖြတ်စဉ်က အပမှီနေသောကြောင့် တော်တော်နှင့်သတိမရသော ပိန္နားသားဖြစ်နေသောကြောင့်ဖြစ်သည်။

နောက်တစ်နေ့မှာလည်း မနန်းပိန်က အမဲသား ဝယ်လာပြီး ချက်ပြန်လေသည်။

အသားနူးတော့ ဇန်မွှန်းရှေ့မှာ ချကျွေးသည်။ ဟင်းအိုးကို စိုက်ကြည့်ပြီး မစားပဲထိုင်နေသည်။ ထို့ကြောင့် ဆက်မကျွေးတော့ပဲ ကျန်တဲ့မိသားစုများသာ စားပြီး ဟင်းများကျန်ခဲ့သော ဟင်းအိုးကို ကျပ်ခိုးစင်ပေါ်မှာ တင်ထားလိုက်သည်။

ညအချိန် အိပ်ချိန်ရောက်တော့မှ မီးဖိုဘက်မှ အိုးခွက်ပန်းကန်များကျသံကြားတော့မှ မနန်းပိန်က လန့်နိုးလာပြီး ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇန်မွှန်းမှာ မီးဖိုဆောင်ထဲမှာ ဆောင့်ကြောင့်ထိုင်ကာ အမဲသားဟင်းအိုးကို ရှေ့မှာချပြီး စားသောက်နေလေတော့ သည်။ ထိုအခါမှ မနန်းပိန်က ထသွားပြီးပြောလိုက်သည်။

"ငါက ကောင်းကောင်းမွှန်မွှန် ချက်ကျွေးတာကျတော့ မစားဘူး၊ အခုကျတော့ထပြီး ဟင်းခိုးစားနေတယ်"

ဟုပြောလိုက်သည်နှင့် နေရာမှတင် ဗုန်းခနဲလဲကျသွား လေတော့သည်။

ချက်ချင်းဆိုသလို ပုံသဏ္ဌာန်ကလည်း ပြောင်းသွား တော့သည်။

သာမန်နေမကောင်းသဖြင့် ပိန်နေတာမျိုးမဟုတ်ဘဲ သေတာကြာခဲ့ပြီဖြစ်သောကြောင့် အရိုးပေါ်အရေတင်နေသော ကမ္မဋ္ဌာန်းကောင်ဘဝရောက်သွားတော့သည်။

နောက်တစ်နေ့ရောက်တော့ ရှမ်းဆရာကိုခေါ်ပြလေ သည်။

"သူသေသွားတာကြာပြီ ဟင်းခိုးစားတဲ့ဖုတ်ကောင် ဝင် နေတာ သူ့အလောင်းကိုသင်္ဂြိုဟ်ရင် လိပ်ပြာမခေါ်နဲ့၊ ရက်လည် လည်းမလုပ်နဲ့"

ဟုပြောသဖြင့် သူပြောသည့်အတိုင်း သင်္ဂြိုဟ်ရန် ပြင် ဆင်ကြလေသည်။

ရွာသားအချို့ကရောက်လာပြီး အလောင်းကိုမြေမြှုပ် သင်္ဂြိုဟ်ရန် တောစပ်မှာမြေကျင်းတူးနေကြစဉ်မှာပင် တောခွေး





များအူသံကြားရသည်။ တောခွေးများအူသည်နှင့် ရွာခွေးများက ပါ လိုက်အူကြတော့သည်။

ထိုအခါ အတွေ့အကြုံရှိသော လူကြီးတစ်ယောက်က ကြောက်လန့်တကြားပြောသည်။

"တောခွေးနဲ့ရွာခွေး တစ်ပြိုင်နက်အူရင် အလောင်း ကောင် ဖုတ်ဝင်လာတော့မယ် မြန်မြန်လုပ်ကြ"

ထိုသို့ပြောသော်လည်း မြေကျင်းတူးသည့်သူများက မပြီး သေးသောကြောင့် မြေမမြှုပ်ရသေးခင်မှာ အလောင်းကောင်က ဝေါက်ခနဲ ထထိုင်လာတော့သည်။

"ဟာ အလောင်းကောင်ထလာပြီ ပြေးကြဟေ့"

အသုဘမြေမြှုပ်ရန် ပြင်နေကြသောလူအချို့ ထွက်ပြေး သွားကြသည်။

ထိုနေရာမှာတော့ ငုတ်တုတ်ကြီးထိုင်နေသော အ လောင်းကောင်နှင့် သတ္တိရှိသော လူလေးငါးယောက်သာ ကျန်ခဲ့ တော့သည်။

အချို့ကအလောင်းကောင်ကို ပြန်လှဲချကြသည်။

မရပေ။

အချို့က ပါလာသောဓားဖြင့်ခုတ်သည်။

သားရေတုံးခုတ်ရသကဲ့သို့ မပြတ်ပေ။

အနားမှာရှိနေကြသော လူများမှာ ငုတ်တုတ်ထိုင်နေ သော အလောင်းကို ဘယ်လိုမှ ပြန်လှဲ၍မရဘဲ အခက်ကြုံနေ


www.burmeseclassic.com

www.burmeseclassic.com

ကြသည်။

အကယ်၍ ထိုအလောင်းကောင် မတ်တုတ်ရပ်လာပါက နိုင်တော့မည်မဟုတ်မှန်း သူတို့သိသည်။

သို့သော်လည်း ဘယ်လိုမှမရပေ။

ထိုအချိန်မှာပင် ထိုသတင်းကိုကြားသဖြင့် ရွာထဲမှ လူအချို့ ပြေးလာကြသည်။

သူတို့လက်ထဲမှာ မခုတ်ဓား၊ မခုတ်လှံများပါလာလေသည်။ (မခုတ်ဓား၊ မခုတ်လှံဆိုသည်မှာ နတ်စင်မှာတင်ထားသော ဓားလှံများပင်ဖြစ်သည်)

ဧင်းဓားလှံတို့ဖြင့် ခုတ်လိုက်၊ ထိုးလိုက်တော့မှ ငုတ်တုတ်ထိုင်နေသော အလောင်းကောင်မှာ ဗိုင်းခနဲ မြန်လဲကျသွားတော့သည်။

ထိုအခါမှပင်မြေကျင်းထဲသို့ အလျင်အမြန်ထည့်ကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြရလေတော့သည်။

မန်ဟရွာမှ ရွာသတ်သမားတို့၏ အပြစ်အဖျက်များကား ကြောက်မက်ဖွယ်ရာများဖြစ်တော့သည်။







# အခန်း (၄)

# နန်းမွေချောင်းမှ ထူးဆန်းသောငါးများ

မန်ဟင်ရွာသည် မြောက်ပိုင်းဒေသတစ်ကြောတွင် ထူးခြားသော နေရာတစ်ခုဖြစ်သည်။ မန်ဟင်ရွာကို နန်းမွေချောင်းကမ်းပါး၌ တည်ထားခြင်းဖြစ်ပြီး အိမ်ခြေများသောရွာတစ်ရွာလည်းဖြစ်သည်။ ထိုမျှ အိမ်ခြေများသော်လည်း ထိုရွာမှာနေကြသူအားလုံး ဘိန်းမစိုက်ကြပေ။

တစ်ရွာလုံး အမှိသား၊ ဝက်သားစသော သားကြီးငါးကြီး



www.burmeseclassic.com

www.burmeseclassic.com

လည်း မစားကြပေ။ ထို့ကြောင့် အသားစားရန်အတွက်၊ နွား၊ ဝက်၊ ကြက် မွေးမြူသော ရှိကြပေ။

ကျွဲနွားများ မွေးမြူကြလျှင်လည်း တောင်ယာအလုပ်များအတွက် အသုံးချရန်အတွက်သာဖြစ်သည်။

ကြက်မွေးလျှင်လည်း အလှထားကြသည်သာ ဖြစ်၏။ မန်ဟင်ရွာတွင် ဝက်မွေးသူမရှိပေ။ ထိုရွာမှာ နေကြသူများမှာ အများအားဖြင့်တော့ အမဲသား၊ ဝက်သား၊ ကျွဲသားအပါအဝင် သားကြီးငါးကြီးမစားကြသဖြင့် ရောင်းချသူလည်း မရှိပေ။

အခြားမှ အသားငါးလာရောင်းလျှင်လည်း ဝယ်မစားကြပေ။ ထိုသို့မစားသောကြောင့်လည်း အခြားမှ အသားငါးလာရောက်ရောင်းချသူလည်း မလာကြတော့ပေ။

မန်ဟင်ရွာသည် နှစ်ပေါင်းများစွာကတည်းက တည်ရှိနေသော်လည်း တစ်ကြိမ်တစ်ခါမှ ရွာပျက်ပြီး ရွှေ့ပြောင်းရသည်မျိုး မရှိကြပေ။

အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ မကြာခဏဆိုသလို ရွာငယ်ကလေးများ ပေါ်လာကြသည်။ ထိုသို့ပေါ်လာပြီး မကြာခင်မှာပင် ပြန်ပျောက်သွားကြပြန်သည်။

ထိုသို့ပျောက်သွားရခြင်းမှာလည်း အခြားကြောင့်တော့ မဟုတ်ပေ။ ဖုတ်ဝင်ခြင်း၊ သရဲသဘက်များ ဝင်ရောက်နှောင့်ယှက်ခြင်းခံရသဖြင့် ရွာပျက်ပြီး ပြေးကြရခြင်း ဖြစ်ပေသည်။ ထိုသို့ပျက်သွားသောရွာများမှ လူအချို့မှာ မန်ဟင်ရွာသို့ ရွှေ့





ပြောင်းနေထိုင်ရန် ကြိုးစားသော်လည်း နေ၍မရပေ။

မန်ဟင်တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ အမဲသား၊ ဝက်သား စသောသားကြီးငါးကြီး မစားကြပေ။ အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် တောင်ယာအသီးအနှံ စိုက်ပျိုးခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြလေရာ ဓလေ့စရိုက် မတူကြပေ။

တစ်ရွာလုံး တစ်ဦးတစ်ယောက်မှ နွားသတ်ရောင်းသူ၊ ဝက်သတ်ရောင်းသူ မရှိပေ။

ရွာလူကြီးကလည်း ပြုလုပ်ခွင့်မပေးချေ။ တခြားမှလာရောက်နေမည်ဆိုလျှင်လည်း ရွာ၏ဓလေ့ထုံးစံ စည်းကမ်းကိုတော့ လိုက်နာကြရသည်။

"မင်းတို့ ဒီရွာမှနေရင်တော့ ဒီရွာစည်းကမ်းကိုတော့ လိုက်နာကြရမှာပဲ၊ ဒီရွာမှနေရင် ဘိန်းမစိုက်ရဘူး၊ နွားမသတ်ရဘူး၊ ဝက်မသတ်ရဘူး၊ နွားသားဝက်သား မရောင်းချရဘူး"

ထိုစည်းကမ်းတစ်မျိုးတည်းနှင့်ပင် အခြားမှ ဘယ်သူမှ လာမနေကြတော့ပေ။

အဘယ်ကြောင့်ဆိုသော် ထိုနယ်တစ်ကြောမှာ နေကြသူများမှာ နတ်ကိုးကွယ်သူနှင့် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြကာ အဓိကအသက်မွေးဝမ်းကျောင်းအလုပ်များမှာလည်း ဘိန်းစိုက်ပျိုးခြင်းဖြစ်ပြီး၊ နွားသတ်ရောင်း၊ ဝတ်သတ်ရောင်းချသော အလုပ်များမှာ ၎င်းတို့၏ အဓိကလုပ်ငန်းများဖြစ်ကြ


www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ထိုအလုပ်များမှာ သူတို့အဓိက ကျွမ်းကျင်ကြသည့် အသက်မွေးဝမ်းကျောင်း အလုပ်များဖြစ်ကြသည်။

၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်များကို လုပ်ခွင့်မရသောကြောင့် မန်ဟင်ရွာကို အခြားမှလာရောက်နေထိုင်ခြင်းမရှိတော့ပေ။

သူတို့နေထိုင်သောရွာများ ပျက်သွားလျှင်လည်း မန်ဟင်ရွာသို့မလာကြပဲ အခြားသင့်တော်သောနေရာတစ်နေရာ၌ ဝင် ရွာတည်ပြီးနေကြသည်။ သူတို့အတွက် ရွာတည်သည်ဆိုသောကိစ္စမှာလည်း ခက်ခက်ခဲခဲတော့ မဟုတ်လှပေ။

သင့်တော်သောနေရာမှာ တဲအိမ်များစုဆောက်ပြီး တောင်ယာစိုက်ပျိုးရန်အတွက် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းသောကိစ္စသာရှိသည်။

မန်ဟင်ရွာတည်ထားသောနေရာမှာ နမ်းမွှေချောင်းနှင့် တောင်မြင့်ကြီးများကြား၌ရှိပြီး ရေမြေသာယာဝပြောကောင်းမွန်သောနေရာလည်းဖြစ်သည်။

ထို့ကြောင့် သီးနှံစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ကြလေသည်။

မန်ဟင်တစ်ရွာလုံး ရှမ်းလူမျိုးများပြီး အခြားလူမျိုးအချို့လည်း အနည်းစု စုပေါင်းနေထိုင်ကြသည်။ တစ်ရွာလုံးကတော့ ဗုဒ္ဓဘာသာကိုပင် ယုံကြည်ကိုးကွယ်ကြသည်။





မန်ဟင်ရွာထိပ်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်ထားသော ရှေးဟောင်းကျောင်းကြီးဖြစ်သည်။

ပုံစံမှာ သုံးထပ်လှည့်ရှိ၍ ပုံသဏ္ဍာန်နှိမ်မျိုးဖြစ်ပြီး အခန်းပေါင်းများစွာရှိသည်။ ထိုကျောင်းမှာ ရှမ်းဗုဒ္ဓဘာသာဘုန်းကြီးများနှင့် တိဘက်ဘုန်းကြီးအချို့ရှိသည်။

အချို့မှာ ရွှေဖြစ်အောင်ပြုလုပ်နိုင်ကြဖူးလေသည်။

ထို့ကြောင့် ကျောင်းတိုင်များတွင် ရွှေပြားများကပ်ထားလေသည်။

ကျောင်းခေါင်းရင်းဘက် ဂန္ဓာကုဋိတိုက်အတွင်းမှာ ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ရှိလေသည်။

ထိုင်တော်မူပုံသဏ္ဍာန်ဖြစ်ပြီး ဉာဏ်တော်ခြောက်ပေခန့် အမြင့်ရှိသည်။

အရွယ်အစားကြီးသောကြောင့် မည်မျှအလေးချိန်၊ ပိဿာချိန်ရှိမည်ကို မည်သူမှ မသိကြပေ။ ထိုရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ်တော်တွင် အရွယ်အစားကြီးမားသော ပတ္တမြားကြီးတစ်လုံး မြှုပ်နှံထားသည်။

ကွမ်းသီးလုံးအရွယ်ခန့်ရှိပြီး အရည်အသွေးကောင်းလှသောကြောင့် ညအချိန် မှောင်နေသောအချိန်ရောက်လျှင် ပတ္တမြားမှ အနီရောင်များထွက်နေရာ မီးရောင်မှိန်မှိန်လင်းနေထား


www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ရှိလေသည်။

ထိုပတ္တမြားကြီးအကြောင်းကိုတော့ ထိုတစ်နယ်လုံးက လူသိများကြသည်။

ထိုဘုန်းကြီးများမှာ ရွှေကိုရွှံ့လုပ်သလို လုပ်နိုင်ကြရာ ရွှေပြားများခတ်ပြီး ကျောင်းတိုင်များမှာ ကပ်ထားရုံမက အခြားနေရာများမှာပင် အသုံးပြုကြသေးသည်။

ဘုန်းကြီးကျောင်းရှေ့၊ နန်းမွေချောင်းအတွင်းမှာ ငါးအလွန်ပေါသည်။ ထူးဆန်းသောငါးမျိုးစုံတို့လည်း ရှိကြသည်။

ငါးပုံသဏ္ဌာန်များမှာ မြေပြန့်မှာတွေ့ရသော ငါးများနှင့်မတူပေ၊ အချို့ငါးများမှာ ဦးချိုပါသည်၊ အချို့ငါးများမှာ လိပ်စွန်များကဲ့သို့ တောင်ပံနှစ်ဖက်ပါကြသည်၊ အချို့ငါးကြီးများမှာ ထိပ်တည့်တည့်တွင် ကြီးမားသော မျက်လုံးတစ်လုံးသာပါပြီး ထိုမျက်လုံးမှာလည်း လူမျက်လုံးနှင့် တူလေသည်၊

အချို့ငါးများမှာ ခြေလက်များပါပြီး လူနှင့်တူလှလေသည်၊ အချို့ငါးမှာ ရုပ်ပုံများမှာသာတွေ့ရသော ရေသူမနှင့် ပုံသဏ္ဌာန်ဟူသောငါများပင် ရှိကြသည်။

ထိုကဲ့သို့ ပုံသဏ္ဌာန်ထူးခြားသောငါးများမှာ နန်းမွေချောင်းထဲမှာ အများအပြားနေကြသော်လည်း အခြားနေရာများမှာမနေပဲ ကျောင်းတံတားဆိပ် အနီးပတ်ဝန်းကျင်မှာသာ နေကြသည်။

ဘုန်းကြီးများက ထိုငါးများ၏ ဦးခေါင်းထိပ်တွင်ရွှေပြား





များကပ်ကာ ပင်အပ်ဖြင့် စိုက်ထားသည်။

ထိုငါးကြီးများကို လိုချင်သဖြင့် ငါးခိုးသူများက နည်းအမျိုးမျိုးနှင့် ခိုးဖမ်းသော်လည်း မရပေ။

မိုင်းခွဲဖမ်းလျှင်လည်း မိုင်းမကွဲပေ။

အကယ်၍ မိုင်းကွဲသွားလျှင်လည်း ငါးမသေပဲ မိုင်းခွဲသည့်လူများသာ သေကျေပျက်စီးကြလေသည်။

မန်ဟင်ရွာသည် ထိုနယ်တစ်ကြောတွင် သာယာလှပသော ရွာတစ်ရွာပင်ဖြစ်သည်။

နံနက်အရုဏ်တက်သောအခါ ကျောင်းရှိသောနေရာမှ တုံးမောင်းခေါက်သံများ မှန်မှန်ကြားရသည်။

ဥပုသ်နေ့များတွင် ဗုဒ္ဓစာပေများအား သံပြိုင်ရွတ်ဆိုပူဇော်သောအသံများကို အဝေးမှပင် ကြားရသည်။

ကြေးစည်တီးသံ၊ ဖားစည်တီးသံ၊ မောင်းတီးသံများကိုလည်း အဆက်မပြတ်ကြားကြရသည်။

အခြားဘာသာဝင်များပင် ကြေးစည်သံ၊ ဖားစည်သံများကြားသောအခါ သာယာသည်ဟု ထင်တတ်ကြသည်။

ထိုအချိန်က ထိုဒေသတကြောမှာ ဘိန်းလုပ်ငန်းများကို ဘိန်းဘုရင်တစ်ဦးက လက်ဝါးကြီးအုပ်ကာ လုပ်ကိုင်နေသောအချိန်လည်းဖြစ်သည်။

၎င်းက တပည့်လက်သား တရုတ်ဖြူများကို ငွေနှင့်လက်နက်များပေးပြီး တစ်နယ်လုံးကို ဘိန်းစိုက်မျိုးရန်အတွက် တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပေးစေခိုင်းလေသည်။

တရုတ်ဖြူများကလည်း ကျေးရွာများသို့သွားပြီး ဒေသခံများကို ဘိန်းစိုက်ရန် စရိတ်ကြိုတင်ပေးပြီးနောက် ဘိန်းမစိုက်လျှင် မနေရဟူသော အမိန့်များထုတ်ပြီး စိုက်မျိုးခိုင်းလေသည်။

တစ်နယ်လုံးမှာတော့ ဘိန်းဘုရင်နှင့် လွတ်ကင်းသူမရှိသလောက်ဖြစ်ကြသည်။ ဘိန်းမစိုက်သော ရွာလည်း မရှိပေ။

ထိုအထဲမှာမှ ထူးထူးခြားခြားဘိန်းမစိုက်သော နေရာရှိပြီး ထိုနေရာမှာ မန်ဟင်ရွာပင်ဖြစ်၏။

တစ်နယ်လုံးဘိန်းစိုက်မျိုးနေသည့်ကြားမှ ဘိန်းမစိုက်သောနေရာမှာ မန်မာင်ရွာပင်ဖြစ်၏။

တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အပြင် ရွာလူကြီး ဦးထန်ဖုန်းရှိန်၏ ခေါင်းဆောင်မှုသော အရည်အသွေးကောင်းသောကြောင့်လည်းဖြစ်သည်။

ထိုကဲ့သို့ ဘိန်းမစိုက်ခြင်းကိုပင် တရုတ်ဖြူတို့က မကျေနပ်ကြပေ။

ဦးထန်ဖုန်းရှိန် မရှိလျှင် ထိုရွာကိုသူတို့ဆာဘောကျပြုလုပ်၍ရမည်ထင်သောကြောင့် တစ်ညမှာတော့ လက်နက်များကိုင်ဆောင်သော တရုတ်ဖြူအချို့ ရောက်လာကြပြီး ဦးထန်ဖုန်းရှိန်ကို ဖမ်းခေါ်သွားကြလေတော့သည်။

ထိုသို့ အဖမ်းခံရသောကြောင့် မိသားစုများကတော့ အသက်ခံရတော့မည်ကို ရိပ်မိသဖြင့် ပူဆွေးသောကြာရောက်ကြ





လေသည်။

"မငိုကြနဲ့၊ ငါမတရား ဘာမှမလုပ်ဘူး၊ ကောင်းတာလုပ်တဲ့လူကို မကောင်းတာလုပ်တဲ့သူတွေက ဘာမှ မတရားလုပ်လို့ မရဘူး၊ တရားနတ်စောင့်လိမ့်မယ်"

ဟုပြောပြီး အသာတကြည်ပင် လိုက်သွားလေသည်။

သေနတ်ကိုင်ထားသော တရုတ်ဖြူငါးယောက်က သူ့ကိုကြိုးတုပ်ပြီး ခေါ်သွားလေသည်။

တောစပ်ရောက်သောအခါ သေနတ်ဖြင့်ချိန်ပြီးမေးသည်။

"မင်း ဘိန်းစိုက်မလား"

"မစိုက်ဘူး"

"ငွေများများပေးရင်ကော စိုက်မလား၊ မင်းမစိုက်ချင်ရင်လည်း ရွာသားတွေကို စိုက်ခိုင်းပါ"

"ဘယ်တော့မှ မစိုက်ခိုင်းဘူး၊ လူတွေအညွန့်တုံးစေတဲ့ အလုပ်မှန်းသိရက်နဲ့ ပိုက်ဆံရဖို့ တစ်ခုတည်းနဲ့တော့ မင်းတို့ခိုင်းတာမလုပ်ဘူး"

ဟု ပြတ်ပြတ်သားသားပင်ပြောသည်။

"ဒီတစ်နယ်လုံးမှာ ငါတို့ဆရာကြီးကို အာခံဝံ့တဲ့သူ မရှိဘူး၊ အာခံရင်လည်း သေမှာပဲ"

"သေလည်း မကြောက်ဘူး၊ ငါကောင်းတာလုပ်နေလို့ လျက်နဲ့ မင်းတို့လို မကောင်းတာလုပ်နေတဲ့သူမျိုးတွေ သတ်လို့



www.burmeseclassic.com

www.burmeseclassic.com



သေရရင်လည်း ဝမ်းမနည်းဘူး”

ထိုအခါ တရုတ်ဖြူတစ်ယောက်က သေနတ်နှင့် ချိန်ပစ်လေသည်။

“ချောက်. . ချောက်. . ”

သေနတ်က ကျည်ဆံမထွက်ပေ။

ထပ်ပစ်တော့လည်း ကျည်ဆံမထွက်သဖြင့် နောက်ထပ်တစ်လက်ယူပြီး ပစ်ပြန်သည်။

တချောက်ချောက်နှင့်သာ ဖြစ်နေပြီး ကျည်ဆံကတော့ မထွက်လာပေ။

သူတို့မှာပါလာသော သေနတ်ငါးလက်စလုံး ပစ်မရသောအခါ များစွာအံ့သြသွားကြသည်။

“သေနတ်တွေက ငါတို့ယူလာတုန်းက အကောင်းသားပဲ၊ အခုမှ ဘယ်လိုဖြစ်တာလဲ၊ သူက သေနတ်ပြီးနေလို့လား”

“သေနတ်နဲ့ပစ်လို့မရတော့ပဲ ဓားနဲ့ခုတ်သတ်ခဲ့ကွာ”

ဟုပြောပြီး တစ်ယောက်က စိတ်မြန်လက်မြန်နှင့် သေနတ်ကိုထား၍ ဓားကိုယူကာ ဦးထန်ဖုန်းရှိန်အနီးသို့ တိုးသွားလေသည်။

ဦးထန်ဖုန်းရှိန်ကတော့ မျက်စိမှိတ်ပြီး ဘုရားတရားသာ အာရုံပြုထားလေသည်။

အနားရောက်သည်နှင့် ဓားဖြင့်လည်ပင်းကို ပိုင်းချလိုက်လေသည်။





“အား”

ဦးထန်ဖုန်းရှိန်ထံမှ အော်သံထွက်လာခြင်းမဟုတ်ပေ၊ ဓားခုတ်သူထံမှ အော်သံပင်ဖြစ်၏။

မြင်ကွင်းက မကောင်းလှပေ၊ ဓားကိုင်ထားသူနောက်ဘက်မှာ မည်သည့်အချိန်က လူမည်းကြီးတစ်ယောက် ရောက်လာမှန်းမသိရပဲ ဓားကိုင်ထားသူ လည်ကုပ်မှဆွဲယူရာ ခြေကားရားလက်ကားရားနှင့် ပါသွားတော့သည်။

“လုပ်ကြပါဦး. . ငါကိုကယ်ကြပါဦး”

ထိုသို့အော်သဖြင့် ကျန်လေးယောက်ကသေနတ်များဖြင့် ပစ်ကြရာ ဒီတစ်ကြိမ်တော့ သေနတ်လေးလက်စလုံးက ကျည်ဆံထွက်သည်။

“ဒိုင်း. . ဒိုင်း. . ဒိုင်း. . ”

ပစ်လိုက်သော ကျည်ဆံများက လူမည်းကြီးကို မထိပဲ သူ့လက်ထဲမှ ခြေကားရား၊ လက်ကားရား ဖြစ်နေသူကိုထိပြီး အသံပျောက်သွားတော့သည်။

ကျန်လေးယောက်က ထိုလူမည်းကြီးကို သေနတ်များဖြင့် ပစ်သော်လည်း မည်သို့မဖြစ်ပဲ ရှေ့သို့ပင်တိုးလာတော့သည်။

ထိုအခါမှပင် အခြေအနေမဟန်တော့မှန်း သိသဖြင့် နောက်သို့ ပြန်လှည့်ပြေးကြသည်။

သူတို့အတွက်ကတော့ ပြေးခွင့်မသာတော့ပေ၊ သူတို့ပြေးမည့်လမ်းပေါ်မှာ လူမည်းကြီးများက ရောက်နှင့်နေပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြီးတစ်ယောက် ဖမ်းဆီးသတ်ဖြတ်လိုက်လေတော့သည်။

လူငါးယောက်စလုံး သေသွားတော့မှ အသံလည်း ပျောက်သွားတော့သည်။

ဘိန်းဘုရင်မှာ သူလွှတ်လိုက်သောလူများ ပြန်ရောက်မလာသောကြောင့် နောက်ထပ်လူဆယ်ယောက်ခန့်ကို လက်နက်အပြည့်အစုံပေးပြီး ထပ်မံစေလွှတ်လိုက်ပြန်သည်။

သူတို့ကရွာလူကြီး ဦးထန်ဖုန်းရှိန်ကို တွေ့ရသဖြင့် အံ့သြနေကြသည်။

"ကျုပ်တို့ လူငါးယောက်ဒီရွာမလာဘူးလား"

"ငါမသိဘူး"

ထိုသို့ ပြန်ပြောသဖြင့် အခက်တွေ့နေကြသည်။

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားသိကို သိရမယ်"

"ငါမသိဘူး"

"ကျုပ်တို့ဆရာကြီးက ခင်ဗျားကို သတ်ဖို့လွှတ်လိုက်တာ ခင်ဗျားမသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

ဟု တစ်ယောက်ကပြောသည်။

ထိုအချိန်မှာပင် နောက်ဘက်မှ ရှမ်းဘုန်းကြီးတစ်ပါး ရောက်လာပြီးမေးလိုက်သည်။

"မင်းတို့ဆရာက သူ့မှာဘာအပြစ်ရှိလို့ သတ်ချင်ရတာလဲ"





ထိုသို့မေးသောအခါ ဘယ်လို ပြန်ပြောရမှန်းမသိပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

"ဒီရွာက ဘိန်းမစိုက်လို့ သတ်ချင်နေတာမဟုတ်လား ဒီလိုဆိုရင် သူ့မှာဘာအပြစ်မှ မရှိဘူး၊ ငါတို့ဘုန်းကြီးတွေက မစိုက်နဲ့လို့ ပြောထားတာနဲ့ မစိုက်ကြတာ၊ မင်းတို့သတ်ချင်ရင် အပြစ်မရှိတဲ့လူတစ်ယောက်ကို မသတ်နဲ့၊ ငါတို့ကို လာသတ်လှည့်၊ မင်းတို့လူတွေနဲ့ တွေ့ချင်ရင်လည်း ငါနောက်က လိုက်ခဲ့ကြပေတော့"

ထိုသို့ပြောပြီး လှည့်ထွက်သွားရာ တရုတ်ဖြူများနောက်မှ လိုက်သွားကြသည်။

ဘုန်းကြီးကျောင်းရောက်သောအခါ ရှမ်းဘုန်းကြီးက နန်းမွှေချောင်းရှိရာသို့ လက်ညှိုးထိုးပြသဖြင့် သွားကြည့်သောအခါ ချောင်းထဲမှာ မျောပါနေသည့် အလောင်းငါးလောင်းကို တွေ့ကြရသည်။

ထိုအလောင်းများအနီးမှာ ကူးခတ်နေသော ထူးဆန်းသည့်ငါးကြီးများကို မြင်သောအခါ များစွာအံ့သြသွားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

## သင်းကျစ်တော်ပတ္တမြားနှင့် သစ္စာရေ

နောက်တစ်ပတ်ခန့်ကြာသောအခါ မန်ဟင်ရှမ်းဗုဒ္ဓဘာသာကျောင်းရှိရာသို့ တရုတ်ဖြူအချို့ရောက်လာကြသည်။ ၎င်းတို့မှာ သေနတ်များအပြင် မိုင်းများပါ ပါလာကြသည်။

သူတို့သည် ချောင်းထဲမှာ ငါးများကို ရေမြှုပ်မိုင်းချပြီး ဖမ်းဆီးရန်နှင့် မန်ဟင်ရွာတစ်ရွာလုံး ဖျက်ဆီးပစ်ရန် ရောက်လာကြခြင်းဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ချောင်းထဲမှငါးများကို မိုင်းခွဲရန် ပြင်နေကြစဉ်မှာ ရှမ်းဘုန်းကြီးတစ်ပါးက လာပြောသည်။

"ဘာလုပ်ကြမလို့လဲ"

"ငါးတွေကို မိုင်းခွဲဖမ်းမလို့"

"ဒီငါးတွေက ဘေးမဲ့ပေးထားတာ ဖမ်းလို့မရဘူး"

"ချောင်းထဲကငါး ဖမ်းတာပဲ ဘာဖြစ်သလဲ မသေချင်ရင် အေးအေးနေ"

ဟုပြောသဖြင့် ဘုန်းကြီးလည်း ကျောင်းဘက်သို့ ပြန်လှည့်သွားတော့သည်။

ထိုအခိုက်မှာပင် မိုင်းများက အလိုအလျောက် ထပေါက်သဖြင့် အတော်များများ သေကုန်ကြသည်။ မသေဘဲ ကျန်ခဲ့သူများမှာလည်း ဒဏ်ရာများရကြပြီး မလှုပ်နိုင်တော့ပေ။

ထိုသို့ဖြစ်နေသော်လည်း ဘုန်းကြီးများက ထွက်မကြည့်တော့ပေ။ ရွာထဲမှ လူများကလည်း မိုင်းကွဲသံကြားပြီး ကြောက်သဖြင့် ဘယ်သူမှ မလာကြပေ။

ညအချိန်ရောက်သောအခါမှ ချောင်းထဲမှ လူမည်းကြီးများတက်လာကြသည်။

အချို့ကခေါင်းမှာ ဦးချိုပါသည်။ အချို့က ကျောမှာ အတောင်ပံပါသည်။ အချို့ကတော့ နဖူးထိပ်မှာ မျက်လုံးတစ်လုံးသာပါသည်။ အချို့မှာတော့ ကိုယ်ကသေးပြီး ဦးခေါင်းက အဆမတန် ကြီးနေပြီး ကျယ်ပြန့်သောပါးစပ်ကြီးများ ပါသည်။





ထိုပါးစပ်ကျယ်ကြီးများထဲမှာ ချွန်ထက်သောအစွယ်နှင့်သွားများက အပြင်သို့ ခေါ်ထွက်နေကြသည်။

ရေထဲမှ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် တက်လာသောလူမည်းကြီးများက ကမ်းစပ်မှာ သေဆုံးနေသည့် လူများရော ဒဏ်ရာရကာ ညည်းညူနေကြသူများကိုပါ ရေထဲသို့ ဆွဲချသွားလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်တွင် တရုတ်ဖြူများလည်း နောက်ထပ်မလာဝံ့တော့ပေ။ တစ်နေ့သ၌ ထိုကျောင်းသို့ ရပ်ဝေးမှလာသော အာဂန္တုဘုန်းကြီးနှစ်ပါး ရောက်လာသည်။

တိဘက်လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာဝင် ဘုန်းကြီးများလည်း ဖြစ်ပေသည်။

"တပည့်တော်တို့ ဒီနေရာတစ်ဝိုက်မှာ တရားအားထုတ်ချင်ပါတယ် ခွင့်ပေးပါဘုရား"

ထိုသို့ခွင့်တောင်းသောအခါ ကျောင်းထိုင် ရှမ်းဘုန်းကြီးကလည်း ဗုဒ္ဓဘာသာဝင်ချင်းအတူတူ ဖြစ်သောကြောင့် ခွင့်ပြုရုံမက ဒေသခံတို့၏ ဝတ္တရားရှိသည့်အတိုင်း ပြောလိုက်သည်။

"ကိုယ်တော်တို့ နှစ်သက်တဲ့နေရာမှာ တရားအားထုတ်နိုင်ပါတယ်၊ ဆွမ်းကွမ်းအခက်အခဲရှိရင်လည်း ကျောင်းမှာပဲ ဘုဉ်းပေးနိုင်ပါတယ်၊ ဒီနေရာတစ်ဝိုက်မှာ တပည့်တော်တို့ မန်ဟင်တစ်ရွာမှာပဲ ဗုဒ္ဓဘာသာဝင်ရှိတာဆိုတော့ တခြားနေရာ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ ဆွမ်းကွမ်းမရနိုင်ပါဘူး၊ ဒါကြောင့် ဆွမ်းကွမ်းအတွက်တော့ တပည့်တော်တို့ ... ်းကလျှုပါတယ်"

" သာဓု . . သာဓု . . သာဓု . . "

ထို့နောက်မှာတော့ တိဘက်ဘုန်းကြီးနှစ်ပါးတို့မှာ ပြန်ထွက်သွားကြသည်။

တစ်နေလုံးမတွေ့ရတော့ပဲ ညအချိန်မှ ပြန်ရောက်လာသည်။ ထိုအချိန်ကအပြင်မှာ ရာသီဥတုဆိုးဝါးနေသောကြောင့် တိဘက်ဘုန်းကြီးနှစ်ပါးစလုံး အပြင်ပြန်မထွက်ကြတော့ပေ။ ညဦးပိုင်းအချိန်ရောက်တော့ ကြေးစည်၊ ဖားစည် တီးသံများပေါ်လာသည်။

တစ်ကျောင်းလုံးမှာရှိသော ဘုန်းကြီးနှင့် ကိုရင်များကို ဘုရားဝတ်ပြုရန် အချက်ပေးလိုက်ခြင်းဖြစ်သည်။ ထိုအခါ ဂန္ဓာကုဋီတိုက်အတွင်းမှာရှိသော ရွှေဆင်းတုရုပ်ပွားတော်ကြီးရှိရာသို့ အားလုံးလာကြသည်။

ဧည့်သည်တိဘက်ဘုန်းကြီးနှစ်ပါးလည်း ဘုရားခန်းသို့လာကာ ဘုရားဝတ်တက်ကြသည်။

အခန်းထဲမှာ ဆီမီးတိုင်များထွန်းထားသောကြောင့် အလင်းရောင်များရှိနေသည်။

မီးအလင်းရောင်များကြောင့် ရွှေဆင်းတုရုပ်ပွားတော်ကြီးမှ အရောင်များထွက်နေသလို သင်းကျစ်တော်မှာ ထည့်ထားသော ပတ္တမြားကြီးကလည်း အနီရောင်အလင်းများ လက်





နေလေသည်။

ပတ္တမြားအလင်းရောင်ကြောင့် အခန်းတစ်ခန်းလုံး နီရဲနေတော့သည်။

အာဂန္တုဘုန်းကြီးနှစ်ပါးတို့မှ ထိုမြင်ကွင်းကိုမြင်ရသောအခါ များစွာအံ့သြနေကြသည်။ ညဦးပိုင်း တစ်ချိန်လုံး ဘုရားစာ၊ တရားစာများ သံပြိုင်ရွတ်ဆိုပူဇော်ခြင်း၊ ကြေးစည်၊ ဖားစည်များ တီးခြင်းကို ပြုလုပ်ပူဇော်ကြပြီး အတော်ညည့်နက်မှ ပြီးသွားကာ အပြင်သို့ပြန်ထွက်ကြရလေသည်။

ဘုရားဝတ်တက်ပြီးပါက ထိုအခန်းတွင်မှာ မည်သူမှ မနေရပဲ အပြင်သို့ပြန်ထွက်ကြရသည်။

အားလုံးမရှိတော့လျှင် တံခါးချပ်များကိုပိတ်ပြီး သော့ခလောက်ဖြင့် ခတ်ထားလိုက်သည်။

သော့တံကိုတော့ ကျောင်းထိုင်ဘုန်းကြီးက ယူထားကာ သူ၏ခါးမှာသာ အမြဲချိတ်ဆွဲထားလေသည်။

ကျောင်းထိုင်ဘုန်းကြီးမှာ အင်္ဂရတ်ပညာမှာ ကျွမ်းကျင်လှပြီး ထွက်ရပ်ပေါက်လမ်းစဉ်ရောက်သည်အထိ ကြိုးပမ်းနေသူဖြစ်သည်။

တစ်နေ့တော့ ညနေပိုင်းအချိန် ဖိုထိုးသောအခန်းထဲမှာ ထွက်လာစဉ် ဧည့်သည်ဘုန်းကြီးနှစ်ပါးက အပြင်မှ စောင့်နေသောကြောင့် တွေ့ရသည်။

ထိုဘုန်းကြီးနှစ်ပါးရောက်နေသည်မှာ လပိုင်းမျှရှိနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ငှင်းတို့သည် နံနက်လင်းသည်နှင့် ဆွမ်းရိက္ခာထုပ်ကို ယူသွားပြီး လူသူဝေးသော တောတောင်များသို့ရောက်လာကာ တရားအားထုတ်ကြသည်။

ရာသီဥတုကောင်းလျှင် ပြန်မလာပဲ တစ်ရက်နှစ်ရက် ကြာအောင်နေကြသည်။

ရာသီဥတုဆိုးဝါးလျှင်တော့ ကျောင်းသို့ပြန်လာသည်၊ ယခုလည်း ကျောင်းမှာပြန်ရောက်နေခိုက် ကျောင်းထိုင်ဘုန်းကြီး နှင့်လာတွေ့ခြင်းဖြစ်၏။

"အော် ကိုယ်တော်တို့ပါလား၊ ဒီမှာ တရားအားထုတ်ရတာ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် ဘုရား၊ အခုလိုကူညီစောင့်ရှောက်ပေးတာကိုပဲ ကျေးဇူးတင်လှပါတယ်"

"ကျုပ်တို့က ဘာသာတူချင်းတွေပဲ တစ်ဦးအခက်အခဲရှိရင် တစ်ဦးက အကူအညီပေးရမယ့် ဝတ္တရားရှိတာပေါ့၊ အခုကော ဘာများလိုကြသေးလဲ"

"မလိုပါဘူးဘုရား အရှင်ဘုရားကို လျှောက်တင်စရာရှိလို့ပါ"

"ဘာများပါလိမ့်"

"အရှင်ဘုရားက အင်္ဂရိတ်လုပ်ငန်းကိုလုပ်နေတာ ဘယ်အထိ ခရီးပေါက်နေပါပြီလဲဘုရား"





"ကိုယ်တော်တို့ကလည်း ဒီလုပ်ငန်းကို ဝါသနာပါကြသလား"

ဟု စိတ်အားထက်သန်စွာ မေးလိုက်လေသည်။

အင်္ဂရိတ်ဝါသနာပါသူများမှာ ဝါသနာတူချင်းတွေ့ပါက ကျန်တဲ့ကိစ္စများထက်ပိုပြီး စိတ်ဝင်စားကြလေသည်။

"တပည့်တော်တို့က အတော်အသင့် ခရီးပေါက်တဲ့အထိ ရောက်ခဲ့ပြီးပါပြီဘုရား"

"ဟင်. . ဒါဖြင့် နည်းကောင်းလေးဘာလေးရှိရင်ပြစမ်းပါဦး"

"အရှင်ဘုရားလိုချင်ရင်တော့ ပြပေးပါမယ်ဘုရား"

ထို့နောက် အင်္ဂရိတ်ထိုးသောအခန်းထဲဝင်ကာ ဖိုထိုးကြလေသည်။

တိဘက်ဘုန်းကြီးနှစ်ပါးမှာ အင်္ဂရိတ်ထိုးသောကိစ္စတွင် အတော်အသင့်ခရီးပေါက်နေကြသည်မှာ အမှန်ပင်ဖြစ်သည်။

ရွှေဖြစ်ငွေဖြစ်လုပ်ရပ်များကို အခက်အခဲမရှိ လုပ်ပြရာ ကျောင်းထိုင်ဘုန်းကြီးမှာ များစွာနှစ်သက်သဘောကျလေသည်။

ထို့ကြောင့် ကျောင်းမှာ ပြုလုပ်ရမည့်ကိစ္စများ ပြီးပါက တိဘက်ဘုန်းကြီးနှစ်ပါးကိုခေါ်ကာ ဖိုခန်းထဲသို့ ဝင်သွားကြလေသည်။

တစ်ညမှာတော့ ဖိုခန်းထဲမှာ ဖိုထိုးနေကြစဉ် ထူးဆန်းသော ရနံ့တစ်မျိုးထွက်လာရာ တိဘက်ဘုန်းကြီးနှစ်ပါးမှာ အချိန်



www.burmeseclassic.com

www.burmeseclassic.com



မီးရှောင်နိုင်သော်လည်း ကျောင်းထိုင်ဘုန်းကြီးကတော့ ထိုရန်ကို ရှုမိသဖြင့် ငုတ်တုတ်ထိုင်လျက်သားနှင့် သတိမေ့သွားတော့သည်။

တိဘက်ဘုန်းကြီးနှစ်ပါးက ဝိုင်းဝန်းပြုစုကြတော့မှ ပြန်သတိရလာတော့သည်။

"မတ်မသင့်တာ တစ်မျိုးကြောင့် အခုလိုဖြစ်ရတာပါဘုရား"

ထိုသို့ပြောပြီး ဖိုထိုးခြင်းအလုပ်ကို ဆက်လုပ်ကြလေသည်။ နောက်ပိုင်းရက်မှာပေါ့ ရာသီဥတုက ဆိုးဝါးလာလေသည်။ နှင်းများကျနေပြီး အအေးဓါတ်ကလည်း များနေသောကြောင့် တိဘက်ဘုန်းကြီးနှစ်ပါးပင် အပြင်မထွက်နိုင်ကြတော့ပေ။

တစ်ညမှာတော့ ကျောင်းတစ်ကျောင်းလုံးမှာရှိသော ဘုန်းကြီးများ ကျိန်းစက်နေကြစဉ် အညိုရောင်သင်္ကန်းများကို ဦးခေါင်းမှာ ခြုံထားကြသည့် ဘုန်းကြီးနှစ်ပါးမှာ ဂန္ဓာကုဋီတိုက်ရှိရာဘက်သို့ တိတ်တဆိတ် သွားနေကြလေသည်။

၄င်းတို့သည် တံခါးရှေ့မှာရှိသော သော့ခလောက်ကို သူတို့မှာပါလာသော သော့တံဖြင့်ဖွင့်ရာ အလွယ်တကူပင် ပွင့်သွားလေတော့သည်။

ထိုနောက် တံခါးကို အသာဟကာ အတွင်းသို့ဝင်ကြပြီး တံခါးချပ်ကို ပြန်ပိတ်ထားလိုက်လေသည်။





ထိုဘုန်းကြီးနှစ်ပါးမှာ အခြားသူမဟုတ်ကြပေ။ ဧည့်သည်ဘုန်းကြီးနှစ်ပါးပင် ဖြစ်သည်။

"ကျောင်းထိုင်ဘုန်းကြီး သတိမေ့နေတုန်း သူ့ခါးကသော့ကို ဖယောင်းနဲ့ ပုံစံယူထားလိုက်တာ တစ်ထေရာထဲပါလား"

"ဒါက ဒီလောက်မခက်ပါဘူး၊ ငါတို့လုပ်စရာရှိတာ မြန်မြန်လုပ်ပြီး ဒီနေရာက အမြန်သွားကြရအောင်"

ဟုပြောဆိုပြီး နှစ်ယောက်သား ရွှေသားရုပ်ပွားတော်ကြီးအနီးသို့ သွားကြလေသည်။

ဂန္ဓာကုဋီတိုက်အတွင်းမှာ မီးရောင်မရှိသော်လည်း နဖူးသင်းကျစ်တော်၌ တပ်ဆင်ထားသည့် ပတ္တမြားကြီးမှ အနီရောင်အလင်းအချို့ကတော့ ရှိနေလေသည်။

ရွှေဆင်းတုတော်ကြီးမှာ ဉာဏ်တော်လေးပေခန့်သာရှိသောကြောင့် သိပ်မမြင့်လှပေ။

တိဘက်နှစ်ယောက်ကတော့ ထိုနေရာရောက်သည်နှင့် တစ်ယောက်က ရွှေဆင်းတုပေါ်သို့တက်သွားလေသည်။

တင်ပလ္လင်ခွေထိုင်နေသည့် ရုပ်ပွားတော်ဖြစ်သဖြင့် အလွယ်တကူပင် အပေါ်သို့တက်သွားနိုင်သည်။

အပေါ်သို့ရောက်သောအခါ နဖူးသင်းကျစ်တော်၌ တပ်ဆင်ထားသည့် ပတ္တမြားကို ဓားဖြင့်ကော်ထုတ်လေသည်။

သို့သော် မရပေ။



www.burmeseclassic.com

www.burmeseclassic.com



နည်းအမျိုးမျိုးဖြင့် ကြိုးစားသော်လည်း မရသဖြင့် နောက်တစ်ယောက်က တက်ပြီး ကော်ထုတ်ပြန်လေသည်။

အချိန်ကလည်း သန်းခေါင်ယံအချိန်ကျော်လာခဲ့လေပြီ။ တိဘက်နှစ်ယောက်မှာ အမျိုးမျိုးကြိုးစားသော်လည်း မရကြသဖြင့် စိတ်ညစ်နေကြသည်။

အရုဏ်တက်ချိန်ရောက်လျှင် အခြားဘုန်းကြီးများ ဘုရားဝတ်တက်ရန် လာကြတော့မည်ဖြစ်သဖြင့် လက်လျှော့ကာ အပြင်သို့ပြန်ထွက်ကြရသည်။

တံခါးကို မူလအခြေအနေမပျက် ပြန်ပိတ်ပြီး ထိုနေရာမှ ပြန်ထွက်လာစဉ် အရုဏ်တက်ချိန် တုံးမောင်းခေါက်ရန် ထလာသော အခြားဘုန်းကြီးတစ်ပါးက သူတို့ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရလေသည်။

ထိုဘုန်းကြီးက ဂန္ဓာကုဋီတိုက်တံခါးကို သွားကြည့်သောအခါ သော့ခလောက်ပိတ်လျက်သားနှင့် မူလအခြေအနေအတိုင်းမြင်ရသောအခါ အံ့ဩသွားလေသည်။

ဇဝေဇဝါဖြစ်သွားလေသည်။

ဘုရားဝတ်ပြုပြီးသောအခါမှာ ထိုအကြောင်းကို ကျောင်းထိုင်ဘုန်းကြီးကိုလျှောက်လိုက်သည်။

ကျောင်းထိုင်ဘုန်းကြီးက သူတို့နှစ်ယောက်နှင့်တွေ့သောအခါ အကျိုးအကြောင်းမေးကြည့်သည်။

"မှန်ပါတယ်ဘုရား၊ ညကတပည့်တော်တို့ တရားထိုင်နေကြတာပါ"

"ဘယ်နေရာမှာထိုင်ကြတာလဲ"

"ဂန္ဓာကုဋီတိုက်ထဲမှာပါဘုရား"

ကျောင်းထိုင်ဘုန်းကြီးမှာ မျက်လုံးပြူးသွားလေသည်။ စိတ်ထဲမှာလည်း တစ်မျိုးတွေးလိုက်မိသဖြင့်. . .

"ကိုယ်တော်တို့က အတော်ကလေး ခရီးပေါက်နေကြသကိုး"

ဟုမှတ်ချက်ချလိုက်လေသည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ ညအချိန်အားလုံး အိပ်မောကျနေသောအချိန်တွင် တိဘက်နှစ်ယောက်တို့မှာ ဂန္ဓာကုဋီတိုက်သို့ သွားကြပြန်သည်။

၄င်းတို့ထံမှာ သော့တုတစ်ခုရှိနေသောကြောင့် အလွယ်တကူဖွင့်ပြီး အတွင်းသို့ဝင်ကြပြန်လေသည်။ အတွင်းရောက်သောအခါ ရှေးနည်းအတိုင်းပင် ရွှေသားရုပ်ပွားတော် အပေါ်တက်ကာ ပတ္တမြားကြီးကို ဓားဖြင့်ကော်ယူကြပြန်သည်။

အမျိုးမျိုးကြိုးစားပါသော်လည်း အရာမထင်ပဲ ရှိနေသောကြောင့် ကြံရာမရဖြစ်နေကြသည်။

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဒီအတိုင်းတော့ရမှာမဟုတ်ဘူး၊ သစ္စာပြုမှပဲရမယ်"

"ငါတို့က ကောင်းတာလုပ်နေတာမှ မဟုတ်တာ ဘယ်လို သစ္စာပြုမလဲ"






www.burmeseclassic.com

www.burmeseclassic.com



"မကောင်းတာလည်း သစ္စာပြုလို့ရတယ်"

ထိုသို့ပြောသောအခါ တစ်ယောက်က ဘုရားရှေ့ တင်ထားသော သောက်တော်ရေခွက်ကို ယူလာပြီး သစ္စာပြု သည်။

"တပည့်တော်တို့သည် သူတောင်စင်များမဟုတ်ကြပါ နဖူးသင်းကျစ်တော်မှ ပတ္တမြားကို အလိုရှိကြပါသည်၊ ဤ ပတ္တမြားကို ရမည်ဆိုပါက တွေ့သမျှကြုံသမျှ ဘေးအန္တရာယ်တို့ ကို ခံပါမည်၊ မဟာအဝီစိငရဲမှာ ခံရလျှင်လည်း ခံပါမည်၊ ဤစေ နှင့်အမျှ သစ္စာပြုပါသည်ဘုရား"

ဟု သစ္စာပြုပြီး သောက်ရေ ခွက်ထဲမှ ရေများကိုမော့ သောက်ချလိုက်လေသည်။

ပြီးနောက် ရုပ်ပွားတော်အပေါ်သို့ နောက်တစ်ကြိမ် တက်ပြီး ပတ္တမြားကို ဓားဖြင့်ကော်ထုတ်သောအခါ အလွယ် တကူပင်ထွက်ကျလာသည်။

ထူးဆန်းသောအချက်မှာ ထိုကဲ့သို့ပတ္တမြားထွက်သွား ပြီးသောအခါ နဖူးသင်းကျစ်တော်နေရာမှ သွေးများစီးကျလာ လေသည်။

ပတ္တမြားရသောအခါ အကြံသမားနှစ်ယောက်လည်း ထိုကျောင်းမှ ထွက်ပြေးသွားကြလေသည်။

နောက်တစ်နေ့အရုဏ်တက်ချိန်တွင် ဘုရားဝပ်တက် ရန်လာကြသောအခါ နဖူးသင်းကျစ်တော်မှ ပတ္တမြားကြီး မတွေ့





ရတော့သည့်အပြင် တိဘက်ဘုန်းကြီးနှစ်ပါးပါ ပျောက်နေသော ကြောင့် ၎င်းတို့လက်ချက်မှန်း သိရသော်လည်း မည်သို့မှ မတတ် နိုင်ကြတော့ပေ။

ကျောင်းထိုင်ဘုန်းကြီးကတော့ သူ့ခါးကြားမှာ အမြဲ ချိတ်ထားသောချော့တွဲကို လက်ဖြင့်ကိုင်ကြည့်ရင်း . . .

"သိဒ္ဓိပေါက်တဲ့အဆင့် ရောက်နေပါရက်နဲ့ မကောင်း တဲ့အကုသိုလ်အလုပ် လုပ်ကြတယ်"

ဟု မှတ်ချက်ချလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၆]

# တစ်ကွက်ကျော်စားသော ကျားများ

ပတ္တမြားကြီးကို ယူသွားသောတိဘက်နှစ်ယောက်မှာ မန်ဟင်ရွာဘုန်းကြီးကျောင်းမှ လွတ်အောင်ပြေးနိုင်သော်လည်း တောထဲရောက်သည်နှင့် အန္တရာယ်များက ဝိုင်းလာလေတော့သည်။ အခြားအန္တရာယ်များတော့ မဟုတ်ပေ။

နတ်ဆိုးများနှင့် ပရလောကသားတို့ပင် ဖြစ်ကြလေသည်။ တကယ်တော့ သူတို့သည် ဘုန်းကြီးမဟုတ်သလို ၊ ပရ



www.burmeseclassic.com

www.burmeseclassic.com



လောကသားများကို နှိမ်နင်းနိုင်သော အစွမ်းရှိကြသည့် ဆေးဆရာလည်း မဟုတ်ကြပေ။

ထို့ကြောင့် တောထဲမှာ လိုက်လံနှောင့်ယှက်သော ပရလောကသားများကို ဘယ်လိုမှ မနှိမ်နင်းနိုင်ကြပေ။

တစ်နေရာရောက်သောအခါမှာတော့ ညအချိန် ဂူတစ်ဂူထဲမှာ ဝင်နားနေကြစဉ် တစ်ကိုယ်လုံး အမွေးရှည်များဖုံးနေသော လူမည်းကြီးများ ရောက်လာသည်။ နှစ်ယောက်သား ပြေးပေါက်မရှိတော့ပေ။

"ငါတို့က ဒီနေရာတစ်ဝိုက်က နွားသတ်သမားတွေပဲ၊ ဒါပေမယ့် မင်းတို့က ပိုပြီး အကုသိုလ်များတယ်၊ ဒါကြောင့် ငရဲမသွားခင် ငါတို့နဲ့အတူနေဖို့ လာခေါ်တာပဲ"

ဟု အသံသြသြကြီးဖြင့် ပြောသည်။

၎င်းတို့နှစ်ယောက်မှာ ကြောက်ကြောက်လန့်လန့်နှင့် ဂူအတွင်းမှ ဇာက်ပြေးရန်ကြိုးစားသော်လည်း မလွတ်တော့ပေ၊ နောက်ဆုံး နွားသတ်သမားများ ဘဝမှ သရဲအဖြစ်ရောက်နေကြသည့် ပရလောကသားများ လက်ချက်ကြောင့် ဂူပေါက်ဝမှာပင် အသက်သေဆုံးသွားကြတော့သည်။

နောက်တစ်နေ့တွင် ထိုနေရာသို့ ဘိန်းကုန်ကူးနေကြသည့် လူငါးယောက်ရောက်လာကြသည်။

သူတို့သည် ဂူပေါက်ဝမှာ တိဘက်နှစ်ယောက် သေဆုံးနေသည်ကိုမြင်သောအခါ အနားသွားကြည့်ကြသည်။ ထိုအခါ





နေရောင်ခြည်ကြောင့် အနီရောင်များထွက်နေသည်ကို တွေ့သဖြင့် ရှာဖွေကြည့်ရာ ပတ္တမြားကြီးတစ်လုံးကို တွေ့ကြရသဖြင့် ဝမ်းသာသွားကြသည်။

"ဟာ ပတ္တမြားကြီးပါလား၊ အရွယ်အစားကလည်း ကြီး၊ အရည်အသွေးကလည်း ကောင်းနဲ့ ဟန်ကျပြီ"

"ငါတို့နဲ့ထိုက်လို့ ရတာပဲကွ၊ ဒီပတ္တမြားကိုသာ ရောင်းလိုက်ရင်တော့ ငါတို့တစ်သက်မဟုတ်ဘူး ဆယ်သက်စားရင်တောင်မကုန်နိုင်ဘူး"

"ဒါဖြင့် ဘယ်လိုခွဲယူမလဲ"

"ရောင်းပြီးမှ ခွဲယူလို့ရမှာပေါ့ကွ၊ လောလောဆယ်တော့ ငါပဲသိမ်းထားမယ်"

ဟုပြောပြီး ခေါင်းဆောင်လာသူက သူ့အိတ်ထဲ ထည့်သိမ်းထားလေသည်။

ထိုအချိန် ကျန်လေးယောက်က သူကိုမျက်ခြည်ပြတ်မပေးတော့ပေ၊ နောက်တစ်နေ့မှာတော့ ခေါင်းဆောင်လုပ်သူက ပြောသည်။

"ပြောရမှာတော့ စိတ်မကောင်းစရာပဲ ငါတို့ငါးယောက်ပိုင်တဲ့ ပတ္တမြားကြီးတော့ မရှိတော့ဘူး ညကပျောက်သွားပြီ"

"ဟင်. . ."

ခေါင်းဆောင်လုပ်သူ၏ စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က လက်နက်ကိုပင် ကိုင်လိုက်ကြသည်။

"ဒီလောက်စိတ်မလောကြပါနဲ့၊ ငါပြောတဲ့စကားကို သေသေချာချာ ဆုံးအောင်နားထောင်ပါဦး၊ ပတ္တမြားကြီးပျောက်သွားတယ်ဆိုပေမယ့် အခြားရောက်သွားတာ မဟုတ်ပါဘူး၊ ဒီနေရာမှာပဲရှိပါသေးတယ်"

"ဟင် ဆရာကြီးစကားက ဘယ်လိုလဲဗျ"

"ငါပြောတဲ့ အဓိပ္ပာယ်က ငါတို့ဆီပတ္တမြားကို တခြားနေရာကလူ လာခိုးတာမဟုတ်ပါဘူး၊ ငါတို့အထဲက လူတစ်ယောက်ကပဲ ခိုးယူထားတာပါ"

"ဟင်"

ထိုစကားကြောင့် ကျွန်လေးယောက်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ပတ္တမြားခိုးတဲ့လူဟာ ဒီအထဲမှာပဲရှိပါတယ်၊ ဒါဟာ အချင်းချင်း သစ္စာဖောက်တာပဲ၊ သစ္စာဖောက်တဲ့သူဟာ ဘယ်လို အဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုတာ မင်းတို့အသိပဲမဟုတ်လား"

"သတ်ပစ်ရမှာပါ"

"အေး ဟုတ်တယ်၊ ဒါပေမယ့် ငါတို့က လက်တွဲလာကြတာကြာပြီဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိနေကြပြီပဲ၊ ဒီတော့ အခုအချိန်မှာ အမှန်အတိုင်းဝန်ခံပြီး ပြန်ပေးမယ်ဆိုရင်တော့ အသက်ကချမ်းသာပေးတန် ပေးရမှာပေါ့၊ မင်းတို့ရော ဒီအတိုင်း သဘောတူတယ်မဟုတ်လား"





ထိုသို့မေးသောအခါ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ မည်သည့်စကားသံမှ မထွက်လာသောအခါ ဆရာကြီးကဆက်မေးလေသည်။

"ငါတို့တစ်တွေက မကောင်းတာမှန်သမျှ အားလုံးလုပ်တဲ့ လူမိုက်တွေဖြစ်ကြပေမယ့် သစ္စာတော့ရှိရတယ်. . ၊ တစ်ယောက်ယောက်က သစ္စာပျက်တာနဲ့ အားလုံးဒုက္ခရောက်ရတယ်ဆိုတာ မင်းတို့အသိဆုံးပါ၊

ကိုင်း. . ဘယ်သူမှ ဝန်မခံပေမယ့်၊ ပတ္တမြား ဘယ်သူယူထားတယ်ဆိုတာ ငါသိပါတယ်"

ထိုစကားသည် ကျွန်လေးယောက်အတွက် စိတ်ဝင်စားစရာဖြစ်သွားကြသည်။

"ငါဖွင့်မပြောခင် ယူထားတဲ့လူကိုယ်တိုင်က အပြစ်ဝန်ခံရင် အသက်ချမ်းသာပေးမယ်"

တစ်ယောက်မှ မလှုပ်ပေ။

"ကဲ. . ငါတစ်ယောက်ချင်းမေးမယ် ယက္ခ မင်းယူထားသလား"

"သစ္စာမဲ့တဲ့အလုပ် ဘယ်တော့မှ မလုပ်ဘူး"

ယက္ခဆိုသူမှာ ဗလကောင်းကောင်းနှင့် ခါးမှ သေနတ်တစ်လက်ထိုးထားသည်၊

"ဘရန် မင်းယူထားသလား"

"စိတ်တောင် မကူးမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းလုံ မင်းယူထားသလား"

"ဒီလို အမေးခံရတာတောင် အတော်သိက္ခာကျနေပြီ စိုင်းလုံတို့က ဒီလိုအလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး"

"ထွန်းဖေ မင်းယူထားသလား"

"ဆင်းရဲရင် လူသတ်ပြီး ယူချင်ယူမယ်၊ ခိုးတော့မစားဘူး"

ထိုသို့လေးယောက်စလုံးက ငြင်းလိုက်သောအခါ ဆရာကြီး ကတစ်ချက်ပြုံးလိုက်သည်။

"မင်းတို့ဘယ်လိုပဲငြင်းငြင်း၊ မင်းတို့လေးယောက်ထဲက တစ်ယောက်က ပတ္တမြားကိုယူထားတယ်ဆိုတာ ငါသိပြီးပါပြီ၊ ဒီအတွက် သူ့ကိုအပြစ်လည်း ပေးပြီးပါပြီ"

"ဘယ်လိုအပြစ်မျိုးပေးတာလဲ"

"သစ္စာဖောက်တဲ့လူတွေ သွားရာလမ်းအတိုင်း သေဒဏ်ပေးကြွာ မကြာခင်မှာတင် မင်းတို့ရှေ့မှာသူသေရတော့မယ်"

ထိုစကားကြောင့် လေးယောက်သား တအံ့တသြဖြစ်ကာ မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုသေမှာလဲ"

"စောစောက ငါတို့ငါးယောက် အရက်သောက်ကြတုန်းက သူသောက်မယ့်အရက်ခွက်ထဲမှာ အဆိပ်ရည်ထည့်ပေးလိုက်ပြီးပြီ၊ အဲဒီအဆိပ်ရည်သောက်ပြီးရင် နာရီဝက်ထက်





ပိုမကြာဘူး"

ထိုစကားကြောင့် ပိုမိုတိတ်ဆိတ်သွားလေသည်။

"မင်းတို့မယုံရင် စောင့်သာကြည့်ပါ အခုပဲဆယ်မိနစ်လောက်အချိန်ကုန်သွားပြီးဆိုတော့ သူ့အတွက် လူလောကမှာနေရလို့ မိနစ်နှစ်ဆယ်လောက်ပဲ ကျန်တော့တယ်"

ထိုသို့ပြောပြီး ဆရာကြီးက သူ့အိတ်ထဲမှ ပုလင်းတစ်လုံးထုတ်ယူလိုက်သည်။

"ဒါအဆိပ်ဖြေဆေးပဲ၊ ဒီဆေးရည်ကို အချိန်မီသောက်ရင်တော့ အသက်ချမ်းသာရာ ရနိုင်သေးတယ်၊ ဒါပေမယ့် အားလုံးရှေ့မှာ ပတ္တမြားကို ပြန်ထုတ်ပေးပြီးတော့ ဝန်ချတောင်းပန်ရမယ်"

သို့သော်လည်း မည်သူမျှမလှုပ်ပဲနေသောအခါ ဆရာကြီးက အဆိပ်ဖြေဆေးပုလင်းကို အဖုံးဖွင့်လိုက်သည်။

"အသက်တစ်ချောင်းဆိုတာ ရကောင်းတယ်၊ အသက်သေသွားရင်ယူထားတဲ့ပတ္တမြားလည်း ဘာမှအသုံးဝင်တော့မှာမဟုတ်ဘူး၊ သေသွားတာနဲ့ ငါတို့က ပတ္တမြားကို ပြန်ယူကြမှာဆိုတော့ သေတာပဲ အဖတ်တင်တယ်၊ ဒီတော့ တစ်. . နှစ်. . သုံးဆိုပြီး ရေတွက်လို့မှ ဝန်မခံရင် ဒီအဆိပ်ဖြေဆေးကို သွန်ပစ်လိုက်မယ်၊ ဒါနောက်ဆုံး အခွင့်အရေးပဲ"

ဟုပြောလိုက်ရာ လေးယောက်စလုံး လှုပ်လှုပ်ရွရွ ဖြစ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်.. နှစ်..."

"နေဦး"

အော်သံနှင့်အတူ သေနတ်ဖြင့် ချိန်ကာထလာသူက ယက္ခပင်ဖြစ်သည်။

အားလုံးက တအံ့တသြနှင့် ဝိုင်းကြည့်နေကြသည်။

"တစ်ယောက်မှ မလှုပ်ကြနဲ့၊ ခင်ဗျားလည်း အဆိပ်ပုလင်းကို မသွန်ပစ်နဲ့၊ သွန်ပစ်ရင်တော့ လေးယောက်စလုံးကိုပစ်အသတ်ပဲ"

ဟုကြိမ်းမောင်းရင်း ထလာရာ မလှုပ်ဝံ့ကြတော့ပေ၊

"မင်းယူထားမှန်း ငါအစောကြီးကရိပ်မိပါတယ်ကွာ ဒါကြောင့် မင်းသောက်မယ့် အရက်ခွက်ထဲမှာ အဆိပ်ထည့်ပေးလိုက်တာပေါ့"

"အဆိပ်ထည့်လည်း ပူစရာမှမဟုတ်တာ အခုပဲ အဆိပ်ဖြေဆေးရတော့မှာပဲ အဲဒီပုလင်းပေးပါ"

ယက္ခက သေနတ်ဖြင့်ချိန်ကာ အနားကပ်လာရင်းတောင်းသည်။

"မပေးနိုင်ဘူးကွ မင်းလို သစ္စာဖောက်နဲ့ ဒီဆေးမျိုးနဲ့ မတန်ဘူး၊ ငါသေချင်သေပေစေ"

"ခင်ဗျားသေရုံနဲ့ မရဘူး၊ ကျုပ်သေရမယ့် အတူတူတော့ ကျန်တဲ့လူတွေပါ ပစ်သတ်မှာ"

ဟုပြောရာ ဆရာကြီးမှာ မကြံတတ်အောင်ဖြစ်ကာ





မျက်စိမျက်နှာပျက်နေတော့သည်။

သေနတ်ဖြင့်ချိန်ထားသဖြင့် ကျန်လူများမှာလည်း မလှုပ်သာကြပေ။

"ကဲ အချိန်မရှိဘူး၊ အဆိပ်ဖြေဆေးပေးမလား၊ ဒါမှမဟုတ် ခင်ဗျားကိုပစ်သတ်ပြီးမှ ယူရမှာလား"

ပြောပြောဆိုဆို အနားကပ်လာသောကြောင့် ဆရာကြီးလည်း မျက်စိမျက်နှာပျက်နှင့် အဆိပ်ဖြေဆေးပေးလိုက်ရတော့သည်။

"ဒီလိုမှပေါ့"

ဖြေဆေးပုလင်းရသည်နှင့် ယက္ခက ပါးစပ်ထဲသို့လောင်းထည့်လိုက်လေသည်။

ကိစ္စပြီးတော့မှ သူ့အိတ်ထဲမှ ဝှက်ထားသော ပတ္တမြားကြီးကို ထုတ်ပြသည်။

"ဒါ ခင်ဗျားတို့ပျောက်သွားတဲ့ ပတ္တမြားကြီးမဟုတ်လား၊ ဒီလောက်အလုံးကြီးပြီး... အရည်အသွေးကောင်းတဲ့ ပတ္တမြားမျိုး တစ်ခါမှမတွေ့ဖူးသေးဘူး၊ ဟိုဘက်နိုင်ငံယူသွားပြီး ရောင်းလိုက်ရင်တော့ ဒီတစ်သက်စားမကုန်တော့ဘူး"

ထိုသို့ပြောပြီး ယက္ခက ပတ္တမြားကြီးကို အိတ်ထဲပြန်ထည့်လိုက်လေသည်။

ကျန်လေးယောက်မှ မတတ်သာသောကြောင့်သာ ကြည့်နေသော်လည်း အံတကြိတ်ကြိတ်နှင့် ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယက္ခက သေနတ်ဖြင့်ချိန်ထားရင်းမှပင် တဖြည်းဖြည်းနှင့် ဂူပေါက်ဝသို့သွားရန် ပြင်...

"သစ္စာဖောက်တဲ့လူတွေဟာ တစ်နေ့ကျရင်ဘယ်လိုလမ်းမျိုးသွားရတယ်ဆိုတာ မင်းမကြာခင်သိရတော့မှာပါကွာ"

"နောက်ဘဝမှပဲ သိချင်သိကြပေါ့ဗျာ အခုဘဝတော့သွားလိုက်ဦးမယ်ဗျို့"

ဟုပြောပြီး နောက်ပြန်ဆုတ်ရင်းထွက်သွားရာ ဂူပေါက်ဝ မရောက်မှာပင် ယက္ခမှာ မျက်လုံးကြီးပြူးထွက်လာပြီး မြေပေါ်သို့ ဗိုင်းခနဲ ပစ်လဲကျသွားတော့သည်။

ပြန်မထလာတော့ပေ။

ထိုအခါမှ ဆရာကြီးက အေးအေးဆေးဆေး အမူအရာနှင့်ထသွားပြီး သေနတ်နှင့် ယက္ခအိတ်ထဲမှ ပတ္တမြားကြီးကို နှိုက်ယူလိုက်သည်။

ကျန်သုံးယောက်ကတော့ မမျှော်လင့်သော မြင်ကွင်းကိုကြည့်ကာအံ့သြနေကြသည်။

"မင်းတို့ အတော်ကလေးအံ့သြနေကြတယ် ထင်တယ်ဒါကတော့ သစ္စာဖောက်တဲ့လူတွေဟာ တစ်နေ့ကျရင် ဒီလမ်းမျိုးသွားရမှာပဲ"

"သူဘယ်လိုဖြစ်သွားတာလည်း ဆရာကြီး"

"ဘယ်လိုဖြစ်သွားသလည်းဆိုတော့ သေသွားတာပေါ့ကွာ. . ဘယ်လိုသေသလည်းဆိုတော့ အဆိပ်မိပြီးသေသွားတာ





ပဲပေါ့"

"သူသောက်တာ အဆိပ်ဖြေဆေးမဟုတ်ဘူးလား"

"အဲဒါ အဆိပ်ဖြေဆေးမဟုတ်ပါဘူး၊ လူတစ်ယောက်ကို ချက်ချင်းသေနိုင်တဲ့ အဆိပ်ပုလင်းပါ"

"ဟင်"

ထိုစကားကြောင့် အံ့သြသွားကြသည်။

"တကယ်တော့ ငါတို့ငါးယောက်သောက်တဲ့ အရက်ခွက်တွေထဲမှာ ဘယ်သူ့အထဲကိုမှ အဆိပ်ထည့်မထားပါဘူး၊ ညက ပတ္တမြားကြီးပျောက်နေမှန်းသိလို့ တမင်အကွက်ဆင်ပြောလိုက်တာပါ၊ ငါတို့လောကမှာ ဉာဏ်သာသူက စားကြစတမ်းပေါ့ကွာ"

ထိုသို့ပြောသောအခါ ကျန်သုံးယောက်က ဆရာကြီးကို စိတ်မချတော့ပေ။

ထို့ကြောင့် သုံးယောက်သား ခေါင်းချင်းဆိုင်တိုင်ပင်ပြီး ပြောလိုက်သည်။

"ကျုပ်တို့လောကမှာ တစ်ယောက်နဲ့တစ်ယောက် မယုံကြည့်ရဘူးဆိုတာ မှန်ပါတယ်၊ ဒါကြောင့် ဒီလောက်အဖိုးတန်တဲ့ ပတ္တမြားကြီးရထားတာလည်း စိတ်မချရပါဘူး"

ဘရန်က ပွင့်ပွင့်လင်းလင်းပြောသဖြင့် ဆရာကြီးက အံ့သြသွားလေသည်။

သူ့လက်ထဲမှာ သေနတ်တစ်လက်ရှိသလို ကျန်သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကလည်း သေနတ်ကိုယ်စီ အဆင်သင့်ကိုင်ထားကြသည်။

"ဒီတော့ မင်းတို့ကဘယ်လိုလုပ်ချင်လို့လဲ"

"ခွဲယူထားကြတာ စိတ်အချရဆုံးပဲ"

"ဟင်.. ရောင်းမှမရောင်းရသေးတာ ဘယ်လိုခွဲယူမလဲ နောက်ပြီး၊ ပတ္တမြားဆိုတာ လေးစိတ်စိတ်ယူလို့မှ မရတာ"

"ကျုပ်ပြောတာက ဒီပတ္တမြားကို တစ်ယောက်ယောက် ရသွားတာမကောင်းဘူးလား၊ ကျုပ်တို့လေးယောက် ကံဆိုးကံကောင်းရွေးကြတာပေါ့"

ထိုသို့ပြောတော့မှ ဆရာကြီးသဘောပေါက်သွားပြီး တစ်ချက် ရယ်လိုက်သည်။

သူ့လက်ထဲမှ ပတ္တမြားကို အများရှေ့မှာ တင်ထားလိုက်သည်။

"မင်းတို့ ဘယ်လိုလုပ်ချင်သလဲ"

"ကျုပ်တို့လေးယောက်မှာ သုံးယောက်မရှိတော့ရင် ကျန်ခဲ့တဲ့တစ်ယောက်က ဒီပတ္တမြားကြီးကို အပိုင်ရမှာပဲ သေနတ်နဲ့တော့ မရှင်းချင်ဘူး၊ သေနတ်နဲ့ရှင်းရင် လေးယောက်စလုံး သေသွားရင် အလကားဖြစ်မယ်"

"ဘယ်လိုရှင်းမလဲ"

"စောစောကလိုပဲ အဆိပ်သောက်ကြတာပေါ့"

"ဟင်"





ဘရန်စကားကြောင့် ကျန်သုံးယောက်က မျက်လုံးပြူးသွားကြသည်။

"အဆိပ်သောက်တယ်ဆိုတာ အရက်ခွက်လေးခွက်ထဲမှာ အဆိပ်ရေသုံးခွက်ထည့်မယ် ကျန်တဲ့တစ်ခွက်ကို အလွတ်ထားမယ်၊ လေးယောက်မျက်နှာချင်းဆိုင် သောက်ကြတာပေါ့"

"သောက်တာကတော့ ဟုတ်ပါပြီ အဆိပ်ခွက်ကို ဘယ်သူက လုပ်ပေးမှာလဲ"

"ဆရာကြီးပဲလုပ်ပေးပါ၊ ဒါပေမယ့် စီစဉ်ပေးတဲ့သူကတော့ နောက်ဆုံးကျန်တဲ့ အရက်ခွက်ကိုပဲယူရမယ် သဘောတူသလား"

"သဘောတူတယ်၊ သေမြေကြီး ရှင်ရွှေထီးပေါ့"

"ဒီအစီအစဉ်ကောင်းတယ်၊ သေသွားတော့လည်း နောက်ထပ်စိတ်မပူရတော့ဘူးပေါ့"

"ကဲ.. အဆိပ်ခွက်သာ မြန်မြန်လေးလုပ်ပေးတော့ဗျာ"

အားလုံးကသဘောတူကြသဖြင့် ဆရာကြီးက ကျောက်တုံး တစ်တုံးနောက်သို့သွားပြီး အရက်ခွက်လေးခွက်ယူလာလေသည်။

အရက်ခွက်လေးခွက်ကို အများရှေ့မှာချသည်။ ထိုနေရာမှာ ပတ္တမြားကြီးကိုလည်း ချထားသည်။

"ဒီအရက်လေးခွက်ထဲမှာ သုံးခွက်က အဆိပ်ပါတယ် တစ်ခွက်ကမပါဘူး၊ ကဲ.. မင်းတို့တစ်ခွက်စီ အရင်ယူကြ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောသဖြင့် ကျန်သုံးယောက်က မိမိတို့စိတ်ထင်သောအရက်ခွက်များကို ယူလိုက်ကြသည်။

နောက်ဆုံးကျန်နေသောခွက်ကို ဆရာကြီးကယူသည်၊

"ကဲ. . လေးယောက် ပြိုင်တူသောက်မယ်"

ဟုပြောပြီး ပြိုင်တူသောက်လိုက်ကြသည်။

ထိုသို့သောက်ပြီးနောက် ဦးစွာလဲကျသွားသူက ဆရာကြီးဆိုသူပင် ဖြစ်၏။

မရှေးမနှောင်းမှာပင် ဘရန်၊ စိုင်းလုံ၊ ထွန်းဖေတို့သုံးယောက်မှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။ လေးယောက်စလုံး လဲကျသွားသောအခါ ဂူအတွင်းမှာ တိတ်ဆိတ်သွားတော့သည်။

အနည်းငယ်ကြာတော့မှ ထိုအထဲမှတစ်ယောက် ပြန်ထလာသည်။

ဆရာကြီးဆိုသူပင်ဖြစ်သည်။

သူက ကျန်သုံးယောက်ကို အခြေအနေလိုက်ကြည့်သော သုံးယောက်စလုံး အသက်ပျောက်နေကြလေပြီ။ ထိုအခါမှ ပတ္တမြားကို ကောက်ယူလိုက်သည်။

"လောကမှာ လည်သူစားစတမ်းပေါ့ကွာ ငါ့ဆီမှာ အဆိပ်ပုလင်းပါသလို၊ အဆိပ်ဖြေဆေးပုလင်းလည်းပါတယ်ဆိုတာ မင်းတို့မှမသိကြပဲကိုး၊

အရက်ခွက်လေးခွက်စလုံးမှာ အဆိပ်ရေထည့်ထားပြီး





ငါက အဆိပ်ဖြေဆေး ကြိုသောက်ထားလိုက်တာ မင်းတို့မှ မသိကြပဲကိုး၊

"မင်းတို့အတွက် ငါစိတ်မကောင်းပါဘူး၊ မင်းတို့လေးယောက်စလုံး ဒီနေရာမှာ မသေရင်လည်း တစ်နေရာရောက်ရင်သေကြရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီပတ္တမြားကြီးက ငါတစ်ယောက်တည်းပဲ ပိုင်ဆိုင်ရမှာကွ"

ဟု ပြောဆိုရေရွတ်ကာ ပတ္တမြားကြီးကို အိတ်ထဲသို့ထည့်ကာ ထိုနေရာမှ အေးအေးဆေးဆေး ထွက်သွားလေတော့သည်။ ဂူထဲမှာတော့ ဒုစရိုက်သမား အလောင်းများက တုံးလုံးပက်လက်ဖြစ်ကာ ကျန်ရစ်ခဲ့သည်။

ထိုအချိန်မှစပြီး မန်ဟင်ရှာဘုန်းကြီးကျောင်း၊ ဂန္ဓာကုဋိတိုက်အတွင်းမှာထားသော ရွှေသားရုပ်ပွားတော်ကြီး နဖူးသင်းကျစ်တော်တွင် တပ်ဆင်လှူဒါန်းထားသည့် ပတ္တမြားကြီးမှာ ပျောက်သွားခဲ့လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

# သစ်ခွနက် သို့မဟုတ် အာသာဝတီနတ်ပန်း

မြန်မာနိုင်ငံအရှေ့ဘက်ခြမ်းတွင် ရှမ်းတောင်တန်းကြီးများက ကာဆီးထားလေသည်။ မြင့်မားလှသော တောင်တန်းကြီးများက တံတိုင်းကြီး များသဖွယ်ရှိပြီး အခြားဒေသများနှင့် ပိုင်းခြားထားသကဲ့သို့ ရှိလေသည်။ အနိမ့်ဆုံးပေ (၃၀၀၀)ကျော်သော တောင်များမှသည် ပေ(၁၀၀၀၀)ကျော်မြင့်သော တောင်တန်းကြီးများအထိ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်တစ်ခုလုံးကို သံလွင်မြစ်က တောင်နှင့်မြောက်သွယ်တန်းကာ ပိုင်းခြားထားသကဲ့သို့ ရှိလေသည်။ သံလွင်မြစ် အနောက်ဘက်ခြမ်းထက် အရှေ့ဘက်အခြမ်းက ပိုခေါင်သည်။ လူနေအိမ်ခြေနည်းသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့်လည်း အနရောက်အပေါက် နည်းကြသည်။

ထိုနေရာတစ်ဝိုက်မှာ မြင့်မားလှသော တောင်တန်းကြီးများရှိသည်။နက်ရှိုင်းလှသော တောနက်ကြီးများရှိသည်။ သယံဇာတပစ္စည်းမျိုးစုံတို့ ပေါကြွယ်ဝသည်။ ရွှေငွေ၊ ကျောက်သံပတ္တမြား၊ ကျွန်းသစ်အပါအဝင် အခြားအဖိုးတန်သစ်ခွပန်းမျိုးစုံတို့ ရှိကြလေသည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တစ်ကြောမှာ သော်လည်းကောင်း၊ အနောက်ဘက် ချင်းတောင်းတန်းကြီးများတွင် သော်လည်းကောင်း အဖိုးတန်သစ်ခွပန်းမျိုးစုံတို့ ရှိကြသည်။

အာသာဝတီနွယ်နီနတ်ပန်း ဟုတင်စားခေါ်ကြသည့် သစ်ခွနက်အပါအဝင် အခြားသစ်ခွပန်းအမြောက်အမြား ရှိကြသည်။

ဗင်ဒါတေးရီး(Vandateres) ၄င်းကို မြန်မာအမည်ဖြင့် စာကလေးသစ်ခွဟု ခေါ်ကြသည်။ ဗင်ဒါကိုရူးလီယား (Vanda coerules ) ၄င်းကို မိုးလုံး မှိုင်းဟုခေါ်ကြသည်။

ရွှေဝါလေး၊ တောင်ကရက်၊ ပန်းသက်ရှည်ဝါ၊ မြေမင်းသား၊ မြေမင်းသမီး၊ မိုးသူဇာ၊ ဗင်ဒါ အမည်ခံသော သစ်ခွ





အမျိုးပေါင်း ငါးရာကျော်မျှ ရှိကြသည်။

သစ်ခွဝါသနာပါသူတို့အတွက် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးနေရာများ ဖြစ်တော့သည်။ နှစ်စဉ် သစ်ခွရှာဖွေသူတို့ တက်ရောက်လာကြသော နေရာများလည်း ဖြစ်သည်။

ယခုလည်း ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ တောင်တန်းပေါ်သို့ လူတစ်စုရောက်လာကြသည်။

အခြားသူများတော့ မဟုတ်ပေ။ ဒေါက်တာမင်းထင်ကျော် ခေါင်းဆောင်သောအဖွဲ့ပင် ဖြစ်သည်။

၄င်းနှင့်အတူ ဦးဇန်ကောင်း၊ စာရေးဆရာ အောင်မင်းအောင်၊ စောထီး၊ ငမဲအောင်တို့ ပါလာကြရာ စုစုပေါင်း ငါးယောက်ပင်ဖြစ်သည်။

၄င်းရောက်နေသောနေရာမှာ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့ ထိစပ်နေသောနေရာ ဖြစ်သည်။ ထိုနေရာဘက်သို့ ခရီးထွက်လာခြင်းမှာ အကြောင်းနှစ်မျိုး ဖြစ်သည်။

တစ်ကြောင်းက သစ်ခွနက်အပါအဝင် ရှားပါးသော သစ်ခွများကို ရှာဖွေစုဆောင်းရန်ဖြစ်သည်။ နောက်တစ်ကြောင်းကတော့ မန်ဟင်ရွာသို့ အရောက်သွားကြရန် ရည်ရွယ်ချက်ဖြစ်သည်။

မန်ဟင်ရွာမှာ ၄င်းတို့မိတ်ဆွေကြီး ဦးထန်ဖုန်းရှိန် ရှိပြီး ၄င်းထံသို့လည်း အရောက်သွားကြရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်အနေနှင့် ထိုဒေသို့ ရောက်ဖူးသော်လည်း မန်ဟင်ရွာသို့ မရောက်ဖူးသေးပေ။

၄င်းတို့၏ အဓိကရည်ရွယ်ချက်မှာ သစ်ခွနက်ရှာဖွေရန်ဖြစ်သော်လည်း မန်ဟင်ရွာရောက်ပါက ထိုနေရာတစ်ဝိုက်မှာရှိသော ထူးဆန်းသည့်အကြောင်းအရာများကို လေ့လာကြရန်ဖြစ်သည်။

အချိန်မှာ (၁၉၅၀)ခုနှစ်ဝန်းကျင်ဖြစ်ပြီး ရာသီဥတုသာယာသော နွေနှောင်းကာလပိုင်းဖြစ်သည်။

ဇူလိုင်၊ ဩဂုတ်လများ ရောက်ပါက မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးရာသီရောက်သော်လည်း တောင်တန်းဒေသများမှာတော့ နှင်းများအရည်ပျော်ကျချိန်ဖြစ်ပြီး သစ်ခွပန်းမျိုးစုံနှင့် ဆေးပင်ဆေးမြစ်တို့ရှာဖွေရန် အကောင်းဆုံးဖြစ်ပေသည်။

သစ်ခွနက်မှာ ရှားပါးသော သစ်ခွမျိုးနွယ်ဖြစ်သည်။ ထို့ကြောင့် မဥ္ဇူသက သို့မဟုတ် 'အာသာဝတီနတ်ပန်း'ဟု တင်စား ခေါ်ဝေါ်ကြခြင်းဖြစ်၏။

"မဥ္ဇူသက" သို့မဟုတ် "အာသာဝတီနွယ်နီနတ်ပန်း" ဟူ၍ တင်စားခေါ်ဆိုထိုက်သည့် ကမ္ဘာတွင် အလွန်ရှားမှရှားသော မြန်မာ့သစ်ခွတစ်မျိုး၏ ရုက္ခဗေဒအမည်မှာ "ပါဖီယိုပီဒီလမ်းဝါဒီ" ( Paphiopedilum Wardii ) ဖြစ်သည်။

ပန်းပွင့်ပုံသဏ္ဌာန်က အမျိုးသမီးစီးခုံမြင့် ဒေါက်ဖိနပ်(လေဒီရှူး)နှင့်တူသောကြောင့် ဖိနပ်သစ်ခွ (Slipper Orchid)





နွယ်ဝင်ဟူ၍လည်း ခေါ်ကြသည်။

ထိုသစ်ခွပန်းကို ကမ္ဘာကျော်ရုက္ခဗေဒပါရဂူ စာရေးဆရာကြီး မစ္စတာကင်းဒမ်းဝေါ့(ဒ်)က ပထမဆုံးအကြိမ်အဖြစ် ကချင်ပြည်နယ် မြောက်ဖျား၊ ပူတာအိုအရှေ့မြောက် မလိခနှင့် နမ့်တိဆမ်မြစ်တို့၏ ရေဝေတောင်တန်းပေါ်၌ (၁၉၂၂)ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။

ရုက္ခဗေဒအသင်းကြီးသို့ တင်ပြရန်ဖြစ်သော်လည်း အဦးဆုံးတွေ့သော သစ်ခွပင်က ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေသည်။

သည့်နောက် အကြိမ်အကြိမ် အမျိုးမျိုး ကြိုးစားကာ သစ်ခွရှာပုံတော်ဖွင့်တော့မှ (၁၉၃၁)ခုနှစ်တွင် ထိုသစ်ခွပင်ကို မူလအနေရာ၌ပင် ထပ်မံတွေ့ရပြန်သည်။

ထိုသို့တွေ့ရှိပြီးနောက် စနစ်တကျမှတ်တမ်းတင် ရေးသားကာ နမူနာအပင်များဖြင့် အပြည်ပြည်ဆိုင်ရာ ရုက္ခဗေဒအသင်းကြီးသို့ တင်ပြခဲ့ပေသည်။

ထိုအချိန်ထိ ယင်းသစ်ခွမျိုးကို မည်သူတစ်ဦးတစ်ယောက်ကမျှ တရားဝင်တွေ့ရှိခြင်း၊ အမည်ပေးခြင်း မပြုလုပ်ရသေးကြောင်း အထောက်အထားခိုင်မာသေချာတော့မှ စတင်တွေ့ရှိတင်ပြသူ "မစ္စတာကင်းဒမ်းဝေါ့(ဒ)"၏ အမည်နှင့် သစ်ခွပင်၏ မျိုးရင်းအမည်ပါ ပူးတွဲကာ "ပါဖီယိုပီဒီလမ်းဝါဒီ"( Paphiopedilum Wardii) သို့မဟုတ် "ဆင်ပရိပီဒီယမ် ဝါဒီယာနမ်"



www.burmeseclassic.com

www.burmeseclassic.com



( Cypripedium Wardianum) ဟု (၁၉၃၇)ခုနှစ်တွင် ကမ္ဘာ့ပန်းဂေဇက်၌ နေရာပေး မှတ်တမ်းတင် ဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်လေသည်။

ထိုသစ်ခွသည် မြန်မာနိုင်ငံ၌သာရှိသည်။ ရှားပါးသော သစ်ခွဖြစ်ကြောင်းလည်း အပြည်ပြည်က ထိုအချိန်မှစတင်ကာ အသိအမှတ်ပြုခဲ့ကြသည်။

ထိုသစ်ခွပွင့်သည် ရှားပါးသော ပုံစံနှင့်ကိုက်ညီအောင် သစ်ခွပင်၏ ပင်စည်တစ်ခုတည်းဝယ် တစ်ပြိုင်တည်း ငွားငွားစွင့်စွင့် ပွင့်လေ့ရှိသည်။

အရောင်အသွေးမှာ နာမည်ကျော် "ကက်တယ်လီးယား"သစ်ခွကဲ့သို့ ရောင်စုံတောက်ပြောင်လှသည်ဟူ၍တော့ မဆိုသာပေ။ အစိမ်းရောင် ဖန့်ဖန့်နောက်ခံတွင် ခရမ်းရင့်ရောင် ခြယ်သထားသည်။

ထို့အပြင် ပွင့်ဖတ်ပေါ်၌ ခရမ်းနုအမွေးအမှင်ကလေးများ၊ အစိမ်း၊ အဖြူမျဉ်းပြိုင်စင်းကလေးများက သူ့နေရာနှင့်သူ လှပစွာ တန်ဆာဆင်ထားသောကြောင့် အခြားသစ်ခွပန်းများနှင့်မတူပဲ တစ်မူထူးခြားလှသည်။

အချို့သော မြန်မာနိုင်ငံမှ ရုက္ခဗေဒ သုတေသီများက မြန်မာပြည်တွင် တွေ့ရသည့် "သစ်ခွနက်" ဟုတင်စား ခေါ်ဝေါ်ကြသည်။

ဖော်ပြပါ "ပါဖီယို" သစ်ခွပင်ကို မြန်မာပြည် အခြား





တစ်နေရာ၌လည်း တွေ့ရှိကြောင်း မှတ်တမ်းများအရ သိရှိရပြန်သည်။

တွေ့ရှိသူမှာလည်း မူလထိုသစ်ခွပင်မျိုးကို စတင်ရှာဖွေတွေ့ရှိခဲ့သူ "မစ္စတာကင်းဒမ်းဝါ့(ဒ)" ကိုယ်တိုင်ပင်ဖြစ်သည်။

ရုက္ခမုဆိုးကျော်ဆရာကြီး "ကင်းဒမ်းဝါ့(ဒ)"သည် သူနှင့်ဝါသနာတူသူ သူငယ်ချင်းများဖြစ်ကြသော "မစ္စတာဆူဒမ်ကတ်တိန်"နှင့် "မစ္စတာအာသာဗာနေ"တို့ ခေါင်းဆောင်သည့် အမေရိကန်သဘာဝသမိုင်းပြတိုက်မှ စေလွှတ်လိုက်သော လေ့လာရေးအဖွဲ့ (Vemay Cutting Zoological And Ornithological Expedition)၏ ဖိတ်ကြားချက်အရ (၁၉၃၈ - ၃၉)ခုနှစ်တွင် အဖွဲ့နှင့်အတူ လိုက်ပါသွားလေသည်။

လူသူအရောက်အပေါက်နည်းသော တရုတ်-မြန်မာနယ်စပ်၊ ဝေါချမ်းခမြစ်ဝှမ်းဒေသသို့ ခရီးနှင်ကြခြင်းဖြစ်သည်။

(၁၉၃၈)ခုနှစ် ကုန်ဆုံးတော့မည့် ဒီဇင်ဘာလ (၁၂)ရက်၊ အပူအအေးပြ ဖာရင်ဟိုက်သာမိုမီတာက (၄၁) ဒီဂရီကိုဖော်ပြနေသည်။

ချမ်းအေးသည့် နံနက်ခင်းတွင် ကချင်ပြည်နယ် "ထော့ကော်" တောင်ရိုးနှင့် "ကျောက်တုံးမည်းကြီး"ကြား ကွင်းဆင်းလေ့လာရာ သစ်ခွမျိုးစုံ ဝေဝေဆာဆာလှလှပပ ဖူးဖွင့်နေကြပုံကို အံ့ဩဝမ်းမြောက်စွာ တွေ့ကြရသည်။

"ဆလိုဂျီနီ၊ ဒင်ဒရိုဗီယမ်၊ ကလမ်းသီ၊ ဆင်မီဒီယမ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပရိပီးဒီးယမ်း” စသည်ဖြင့် အမျိုးအစား စုံလင်လှပေသည်။

မြန်မာ့ရုက္ခဗေဒသိုက်ကို တွေ့ပြီဟူ၍ပင် တင်စားခေါ်ဆိုနိုင်သည်။ ထိုသို့ဖြင့် စိတ်ဝင်စားစွာ ရုက္ခဗေဒသိုက်တူးနေစဉ် ထော့ကော်တောင်ထိပ်ရောက်ခါနီး တစ်နေရာသို့ ရောက်သွားကြသည်။

စိမ်းပြာပြာ ထင်းရှူးတောများကြား ခြောက်သွေ့သော သဲစပ်၌ မမျှော်လင့်ဘဲ “ပါဖီယို ပီဒီလမ်းဝါဒီ” (ခေါ်) ဖိနပ်ပုံသစ်ခွပင်များ ဖူးပွင့်ဝေဆာလျက်ရှိသည်ကို ထပ်လောင်း၍ တွေ့ကြရခြင်းဖြစ်လေသည်။

အထက်ဖော်ပြပါ အကြောင်းအရာများသည် “မဥ္ဇူသက” သို့မဟုတ် “အာသာဝတီနွယ်နီနတ်ပန်း”ကို စတင်တွေ့ရှိသူ ရုက္ခဗေဒပညာရှင်ဆရာကြီး “ကင်းဒမ်ဝါ့(ဒ)”၏ စာစောင်များနှင့် ရုက္ခဗေဒကျမ်းများမှ ကိုးကားပြုစုထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ “ကင်းဒမ်ဝါ့(ဒ)” ပြီးလျှင် တရားဝင်ဒုတိယတွေ့ရှိသူမှာ “ယိမ်းနွဲ့ပါး”အဖွဲ့ ဖြစ်သည်။

တွေ့ရှိသည့် ခုနှစ်သက္ကရာဇ်မှာ (၁၉၅၆) ခုနှစ်၊ မတ်လ (၅)ရက်၊ တနင်္လာနေ့ဖြစ်သည်။

“ယိမ်းနွဲ့ပါး” အဖွဲ့၏နောက်တွင် ရှာဖွေတွေ့ရှိမှတ်တမ်းပြုစုထားခြင်းများလည်း ရှိသေးသည်။

ယင်းအကြောင်းကို ဖော်ပြထားသည့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ရုက္ခဗေဒပညာရှင် အငြိမ်းစား သစ်တော





ပါမောက္ခ “ဦးစောဟန်” ၏ မှတ်တမ်းကောက်နှုတ်ချက်များကိုပါ ဖော်ပြ၍ အကိုးအကားပြုပါသည်။

ဦးစောဟန်က “ပါဖီယိုပီဒီလမ်းဝါဒီ” သစ်ခွမျိုးသည် အများအားဖြင့် မြေတွင်ပေါက်သော မြေကပ်သစ်ခွမျိုးဖြစ်ကြောင်းနှင့် အအေးပိုင်းနှင့် တောင်ပေါ်ဒေသများတွင်သာ ပေါက်ကြပြီး မြန်မာနိုင်ငံတွင် မျိုးစိတ်(၁၁)မျိုးခန့်ရှိမည်ဟု ခန့်မှန်းပေသည်။

သို့သော် မှတ်တမ်းစာအုပ်တွင် မျိုးစိတ်(၈)မျိုးသာ ဖော်ပြထားသည်။

“ပါဖီယိုပီဒီလမ်းဝါဒီ” သစ်ခွကို အမျိုးသမီးဖိနပ်ပုံသဏ္ဌာန်နှင့် တူသည်ဟူသော ယူဆချက်ကြောင့် “ဖိနပ်သစ်ခွ” (Slipper Orchid) ဟု အရပ်သုံးခေါ်ဆိုလေ့ရှိပါသည်။

“ပါဖီယိုပီဒီလမ်းဝါဒီ” သည် အလွန်ရှားပါးသော သစ်ခွတစ်မျိုးဖြစ်ပါသည်။

လွန်ခဲ့သော (၁၀)နှစ်ကျော်ခန့်က အမေရိကန်နိုင်ငံမှ ထုတ်ဝေသော သစ်ခွမဂ္ဂဇင်းစာစောင်တွင် ယင်းသစ်ခွမျိုးသည် သစ်ခွစိုက်ပျိုးသူတို့၏လက်တွင် (၃)ပင်တည်းသာရှိကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။

ယင်းသစ်ခွ(၃)ပင်သည် ဂျာမနီ၊ အမေရိကန်နှင့် ဆွစ်ဇာလန် နိုင်ငံတို့တွင် တစ်ပင်စီရှိကြောင်း ဖော်ပြထားပါသည်။

“ပါဖီယိုပီဒီလမ်းဝါဒီ”၏ ပင်ရင်းဒေသသည် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ကချင်ပြည်နယ်မှဖြစ်ပါသည်။

ရုက္ခဗေဒပညာရှင် "အက်(ဖ်)ကင်းဒမ်းဝေါ့(ဒ)" (F. Kingdon Ward) က ရှေးဦးစွာ တွေ့ရှိစုဆောင်းခဲ့သောကြောင့် ၎င်းကို ဂုဏ်ပြုသောအားဖြင့် ရှာဖွေတွေ့ရှိသူ၏အမည်ကို သုံးကာ "ပါဖီယိုပီဒီလမ်းဝါဒီ" (Paphio pedilum Wardii) ဟု ကင်ပွန်းတပ်ခဲ့ခြင်းဖြစ်ပါသည်။

အက်(ဖ)ကင်းဒမ်းဝေါ့(ဒ)သည် ကချင်တောင်တန်းဒေသတွင် ရုက္ခဗေဒ စူးစမ်းလေ့လာမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သူဖြစ်သည်။

သူသည် ရုက္ခဗေဒလေ့လာရေးကို ဒုတိယကမ္ဘာစစ်၊ စစ်ကြိုခေတ်နှင့် စစ်ပြီးနောက်ပိုင်းခေတ်တွင်ပါ အကြိမ်များစွာ ဆောင်ရွက်ခဲ့သည်။

ပထမဦးဆုံး ရုက္ခဗေဒစူးစမ်းမှုများ ပြုလုပ်နေချိန်ဖြစ်သော (၁၉၂၂)ခုနှစ်တွင် "ပါဖီယိုပီဒီလမ်းဝါဒီ" သစ်ခွပင်ကို ပူတာအိုဒေသတွင် တွေ့ရှိခဲ့ပြီး၊ အပင်တစ်ပင် ရရှိစုဆောင်းခဲ့ပေသည်။

သို့ရာတွင် တစ်ပင်တည်း စုဆောင်းရရှိခဲ့သော ရှားပါးအပင်သည် ၎င်းတို့စခန်းပြန်အရောက်တွင် ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့လေသည်။

အမှတ်သညာကောင်းသော ရုက္ခဗေဒပညာရှင်သည် နောက် (၄)နှစ်အကြာ (၁၉၂၆)ခုနှစ်တွင် ယင်းဒေသသို့ ပြန်





လည်သွားရောက်၍ မူလတွေ့ရှိစုဆောင်းခဲ့သောနေရာတွင်ပင် "ပါဖီယိုပီဒီလမ်းဝါဒီ" အပင် (၂၀)ခန့်ကို ထပ်မံစုဆောင်းရရှိခဲ့ပြန်သည်။

ပထမစုဆောင်းရရှိချိန် (၁၉၂၂) ခုနှစ်တွင် ယင်းအပင်သည် "ပါဖီယိုပီဒီလမ်း" မျိုးရင်းအပင်ဖြစ်ကြောင်း သိသော်လည်း မျိုးစိတ်မသိရှိသဖြင့် ဒုတိယအကြိမ် စုဆောင်းသည့် (၁၉၂၆) ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကျူး(Kew) ရုက္ခဗေဒဥယျာဉ်သို့ ပေးပို့စစ်ဆေးခဲ့ပေသည်။

ကျူး(Kew) ရုက္ခဗေဒဥယျာဉ်မှ ကမ္ဘာ့ရုက္ခဗေဒအသင်းကြီးက သစ်ခွမျိုးသစ်ဖြစ်ကြောင်းနှင့် တွေ့ရှိစုဆောင်းသူအား ဂုဏ်ပြု၍ "ပါဖီယိုပီဒီလမ်းဝါဒီ" ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။

ထိုသစ်ခွပင်တွေ့ရှိသည့် နေရာသည် ပူတာအို အရှေ့မြောက်ဒေသ ပေ(၅၀၀၀)ဝန်းကျင်ရှိ နမ်တမိုင်နှင့် မလိခမြစ်တို့အကြားတွင်ဖြစ်ပြီး၊ ၎င်း၏ပတ်ဝန်းကျင် တောင်ကြောများတွင် တွေ့ရှိရကြောင်းသိရှိရပါသည်။

ထိုအပင်ကို (၁၉၃၁)ခုနှစ်တွင် တစ်ဖန် စုဆောင်းရရှိခဲ့ပြန်သည်။

"ပါဖီယိုပီဒီလမ်းဝါဒီ"ပင်ကို ပူတာအို (ယခင် ဖို့(ထ)ဟာ့(ဇ) (Fort Hertz)ဒေသတွင် အက်(ဖ)ကင်းဒမ်းဝေါ့(ဒ) တွေ့ရှိခဲ့ရပြီးနောက် မိုင်(၁၂၀)ကျော်ကွာဝေးသော ထောကော်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



တွင် ပထမဆုံးတွေ့ရှိရသည့် နှစ်နောက်ပိုင်း (၂၅)နှစ်ခန့်တွင် ထပ်မံတွေ့ရှိ စုဆောင်းခဲ့ပေသေးသည်။

ယခုကာလ (၁၉၇၅)ခုနှစ်ခန့်က မင်္ဂလာဒုံသစ်ခွဥယျာဉ်မှ သစ်ခွမန်နေဂျာ "ဦးကျော်ညွန့်" ခေါင်းဆောင်၍ သွားရောက် စုဆောင်းခဲ့ပေသည်။

(၁၉၈၈)ခုနှစ် ဖေဖော်ဝါရီလတွင် ဦးမောင်မောင်စိုး ခေါင်းဆောင်သော အဖွဲ့ကလည်း နောင်မွန်ဒေသသို့ လေ့လာရေးခရီးထွက်ခဲ့စဉ်က အဆိုပါ သစ်ခွမျိုးများကို နမ့်ခမ်းနှင့် နောင်မွန်ကြားရှိ တောင်တန်းပေါ်၌ တွေ့ရှိစုဆောင်းခဲ့ပြန်သည်။

"ပါဖီယိုပီဒီလမ်းဝါဒီ"ပင်သည် ရှေးယခင်က အလွန်ရှားပါးသော သစ်ခွမျိုးဖြစ်သော်လည်း သစ်ခွဥယျာဉ်မှ နိုင်ငံခြားသို့ရောင်းချပြီးသည့်နောက် မျက်မှောက်ကာလ ကမ္ဘာ့သစ်ခွ အရောင်းကြော်ငြာ(Catalogue)များတွင် ဖော်ပြနေပေပြီ။

သစ်ခွနက်ကို ရှာဖွေသောအလုပ်မှာ များစွာခက်ခဲသော်လည်း ဒေါက်တာမင်းထင်ကျော်တို့မှာ စိတ်ပါဝင်စားစွာဖြင့် လိုက်လံရှာဖွေကြလေသည်။

သူတို့အဖွဲ့မှာ တက်ညီလက်ညီလည်းရှိကြသည်။ ဒေါက်တာမင်းထင်ကျော်က သစ်ခွပန်းများကို ရှာဖွေပြီး ဦးဗန်ကောင်းကတော့ ဆေးဖက်ဝင်အပင်များနှင့် ဂမုန်းပင်များကို စုဆောင်းရှာဖွေသည်။

စာရေးဆရာကတော့ တွေ့သမျှ မြင်သမျှ မှတ်တမ်းပြုစု





ထားသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကတော့ လမ်းပြအဖြစ်နှင့်သော်လည်းကောင်း၊ အခြားကိစ္စမှန်သမျှ စီစဉ်ဆောင်ရွက်ပေးကြသည့်နေရာတွင် များစွာအားကိုးရလေသည်။

"ကျွန်တော့်ဆီမှာရှိတဲ့ မှတ်တမ်းတွေအရဆိုရင်တော့ သစ်ခွနက်တွေ့နိုင်တဲ့နေရာတွေဟာ ဒီရှမ်းပြည်နယ် မြောက်ပိုင်းနဲ့ ကချင်ပြည်နယ်ထဲမှာပဲ၊ အတိအကျပြောရရင်တော့ ရွှိုင်ငွန်းတောင်တန်းပေါ်မှာရှိတာ သေချာတယ်"

"ရွှိုင်ငွန်းတောင်က ဘယ်ဘက်မှာရှိသလဲ"

"ခါကာဘိုရာဇီ တောင်တက်လမ်းမှာရှိတယ်၊ ရွှိုင်ငွန်းတောင်ဟာ မြန်မာနိုင်ငံသာမကဘူး၊ အရှေ့တောင်အာရှဒေသမှာရှိတဲ့ တောင်တွေထဲမှာ အမြင့်ဆုံးပဲ"

"ကျုပ်တို့ အဲဒီဘက်ရောက်မှာမဟုတ်လား"

"မန်ဟင်ရွာက ဦးထန်ဖုန်းရှိန်တို့မှာ ခရီးတစ်ထောက်ဝင်နားပြီးမှ ခရီးဆက်တာပေါ့"

စကားတပြောပြောနှင့် ခရီးဆက်ကြရာ နေဝင်ခါနီးတွင် အနောက်ဘက် တောင်တန်းတစ်နေရာမှ ထူးဆန်းသော အလင်းရောင်အချို့ကိုတွေ့ကြရသည်။

"အနောက်ဘက်မှာ တိမ်တွေနီရဲနေပါလား၊ ဘာဖြစ်တာလဲ"

"နေဝင်ချိန် တိမ်တောက်တာဖြစ်နိုင်တယ်"




www.burmeseclassic.com

www.burmeseclassic.com

"တိမ်တောက်တဲ့အရောင်က ဒီလောက်မနီဘူး၊ အဲဒီဘက်မှာနေရောင်ခြည်လည်း ထိုးကျနေတယ်၊ ထူးခြားတဲ့ အရောင်တခုခုပဲ"

နေဝင်ချိန်တွင် ထူးခြားစွာတွေ့မြင်နေရသော အလင်းရောင်များကို လှမ်းကြည့်နေကြစဉ် နေရာင်ခြည်ကကွယ်သွားပြီဖြစ်သောကြောင့် သူတို့မြင်ရသောအလင်းရောင်လည်း ပျောက်ကွယ်သွားလေတော့သည်။



သစ်ခွနက်အပွင့်နှင့်ရှုံးတံကိုဤသို့တွေ့ရသည်၊







# အခန်း [၈]

# ရေထဲမှတက်လာသော ပရလောကသား

မန်ဟင်ရွာထဲသို့ ဒေါက်တာမင်းထင်ကျော်တို့တစ်တွေ ဝင်လာသောအခါ တအံ့တဩနှင့် ကြည့်နေကြသည်။ ၎င်းတို့သည် ရွာလူကြီး ဦးထန်ဖုန်းရှိန်နေအိမ်သို့ မေးမြန်းပြီးသွားကြလေသည်။

ဦးထန်ဖုန်းရှိန်မှာ ၎င်း၏မိတ်ဆွေများ ရောက်လာသည်ကို မြင်သောအခါ များစွာအံ့ဩနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဝမ်းသာအားရဖြင့် ဆီးကြိုလေသည်။

"ဟာ. . . ဆရာတို့ပါလား မမျှော်လင့်ပဲနဲ့ ဒီရွာကို ရောက်လာကြတာ နတ်ကောင်းနတ်မြတ်တွေက စေလွှတ်လိုက်လို့ ရောက်လာတာပဲဖြစ်ရမယ်"

ဟု ပြောပြီး အိမ်ထဲသို့ ဖိတ်ခေါ်ပြီး လက်ဖက်ရည်နှင့် အစားအသောက်များချကာ ဧည့်ခံလေသည်။

လက်ဖက်ရည်နှင့် ကောက်ညှင်းပေါင်း၊ ပဲကြော် စသည်တို့မှာ မောပန်းလာသမျှ အဆာပြေစားသောက်ရန် အဆင်အပြေဆုံး အစားအသောက်များဖြစ်ကြသည်။

ဦးထန်ဖုန်းရှိန်ကလည်း ၄င်း၏ဇနီးနှင့် သမီးဖြစ်သူ နန်းရွှေမှုံကိုပါခေါ်ပြီး နေ့လယ်စာစားသောက်ရန်အတွက် အစားအသောက်များ စီမံချက်ပြုတ်ခိုင်းလေသည်။

"ခင်ဗျားတို့ရောက်လာတာ ကျုပ်ဖြင့် သိပ်ပြီးဝမ်းသာတာပဲ၊ အကြောင်းမကြားပဲ ဘယ်လိုရောက်လာကြတာလဲ"

"ခင်ဗျားဆီကို အကြောင်းကြားဖို့ကလည်း လူကြုံရှိမှ ဖြစ်မှာကိုး၊ ဒါကြောင့် အကြောင်းမကြားတာပါ၊ ဒီကိုလာတဲ့ ရည်ရွယ်ချက်ကတော့ ရှားပါးတဲ့ သစ်ခွပန်းတွေရှာဖို့ပါပဲ၊ အထူးသဖြင့်တော့ သစ်ခွနက် လိုချင်လို့လာခဲ့ကြတာပါ"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်က ဆေးတံသောက်ရင်းနှင့် အတန်ကြာအောင် စဉ်းစားနေလေသည်။

"အခြားသစ်ခွမျိုးတွေကတော့ ရှာဖွေရင်ရနိုင်ပါတယ်၊





ဆရာပြောတဲ့ သစ်ခွနက်ကတော့ အတော်ရှားတယ်၊ ကျုပ်တို့နယ်တစ်ဝိုက်မှာတော့ တစ်ခါမှ တွေ့တယ်လို့ ပြောသံမကြားမိသေးဘူး"

"ဘယ်ဘက်တွေမှာ ရနိုင်မလဲ"

"နှိုင်ငွန်းတောင်ပေါ်မှာတော့ သစ်ခွနက်ရှိတယ်လို့ သတင်းကြားမိတယ်"

"နှိုင်ငွန်းတောင်က ဘယ်မှာလဲ"

"ပူတာအိုဘက်မှာပါ နမ့်တီးစခန်းဘက်က သွားရတယ်လို့ပြောကြတယ်၊ တချို့ကတော့ သစ်ခွနက်ကို နတ်ပန်းဖြစ်တယ်လို့ပြောကြတယ်၊ ရှာတိုင်းလည်း မတွေ့နိုင်ဘူး. . . တွေ့ပြီးမှ ပျောက်သွားတာမျိုးတွေလည်း ရှိတယ်"

"မှတ်တမ်းတွေထဲမှာတော့ ဖတ်ဖူးပါတယ်၊ တကယ်ရှိရင်တော့ ရှာဖွေရင်ရနိုင်ပါတယ်"

"ဆရာတို့သွားမယ်ဆိုရင်တော့ ဒီရွာမှာ လမ်းပြကျွမ်းကျင်တဲ့သူတွေ ရှိပါတယ်၊ သူတို့ကိုခေါ်သွားရင် အချိန်တိုတိုနဲ့ ရောက်နိုင်တယ်၊ သူတို့က ခါကာဘိုရာဇီအထိ သွားဖူးတဲ့ လမ်းပြတွေပဲ"

"ဒီလိုဆိုတော့လည်း အဆင်ပြေတာပေါ့၊ ဒီကိစ္စတော့ ဦးထန်ဖုန်းရှိန်ပဲ အကူအညီပေးရလိမ့်မယ်"

"ဒါကတော့ ကိုယ့်မိတ်ဆွေတွေပဲ အကူအညီပေးရမှာပေါ့၊ ဒါထက်ဆရာတို့က ကျုပ်တို့ရွာမှ ဘယ်လောက်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



နေကြမှာလဲ"

"ခရီးပန်းလာတာဆိုတော့ တစ်ပတ်လောက်တော့ နေကြဦးမှာပါ၊ ဒီနားတစ်ဝိုက်မှာရှိတဲ့ တောထဲတောင်ပေါ်တွေလည်း လှည့်ကြည့်ချင်ပါသေးတယ်"

"ကောင်းတာပေါ့ဗျာ၊ သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ ဒီလိုဆိုရင်လည်း ကျုပ်ကလည်း ပြန်ပြီး အကူအညီတောင်း ရတော့မှာပဲ"

"ဘယ်လိုအကူအညီမျိုးလဲဗျ"

"ခရီးရောက်မဆိုက် ပြောရမှာ အားနာနေလို့ပါ၊ ကျုပ်တို့ရွာမှာလည်း အခက်အခဲတစ်ခုရှိနေတယ်ဗျ"

"ဘယ်လိုအခက်အခဲလဲ"

"ကျုပ်တို့ မန်ဟင်ဘုန်းကြီးကျောင်းမှ ရွှေသားနဲ့ပြုလုပ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရှိတယ်၊ ရုပ်ပွားတော်ကြီးမှာ ပတ္တမြားကြီးတစ်လုံးလည်း တပ်ဆင်ပူဇော်ထားတယ်၊ လွန်ခဲ့တဲ့တစ်လလောက်က အဲ့ဒီပတ္တမြားကြီး ပျောက်သွားခဲ့တယ်"

"ဘယ်ပုံဘယ်နည်း ပျောက်သွားတာလဲ"

"ကျုပ်တို့ကျောင်းကို တိဘက်ဘုန်းကြီးနှစ်ပါး ရောက်လာတယ်၊ ကျောင်းထိုင်ဘုန်းကြီးကလည်း လက်ခံထားတယ်၊ သူတို့ပြန်သွားတာနဲ့ ပတ္တမြားကြီးလည်း ပျောက်သွားတာပါပဲ"

"အကြံအစည်ရှိလို့ရောက်လာပြီး တစ်ခါတည်းယူသွားကြတာပဲဖြစ်မှာပါ၊ ကျွန်တော်ကိုယ်တိုင် ကျောင်းကိုသွားကြည့်





ချင်ပါတယ်"

"နေ့လယ်စာ စားသောက်ပြီးမှ သွားကြတာပေါ့"

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ကို ဦးထန်ဖုန်းရှိန် ဇနီးနှင့်သမီးက နေ့လည်စာပြင်ဆင်ကျွေးသည်။

အသီးအနှံများဖြင့်သာ ချက်ပြုတ်ထားသည့် ထမင်းဟင်းများဖြစ်သော်လည်း မောပန်းလာကြသဖြင့် စားသောက်ရတာ ခံတွင်းမြိန်လှသည်။

ဦးထန်ဖုန်းရှိန်၏သမီး နန်းရွှေမုံမှာ အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး ရှမ်းသွေးပါသူဖြစ်သဖြင့် အသားဖြူဖြူနှင့် လှပချောမောသူတစ်ဦးဖြစ်သည်။

ထို့ပြင် ဖော်ရွေတတ်သူဖြစ်သဖြင့် ဧည့်သည်များကို လိုလေသေးမရှိအောင် ဧည့်ခံပေးလေသည်။

လေသံဝဲဝဲကလေးဖြင့် . . .

"ဆရာတို့ စားကြပါ သောက်ကြပါရှင်"

ဟုပြောသံလေးကပင် တစ်မျိုးချစ်ခင်စရာကောင်းလှသည်။ နေ့လယ်စာစားသောက်ပြီးသောအခါ မန်ဟင်ဘုန်းကြီးကျောင်းသို့ သွားကြသည်။

မန်ဟင်ဘုန်းကြီးကျောင်းမှာ နန်းမွေချောင်းနှင့် မနီးမဝေးမှာရှိသည်။

ထိုနေရာရောက်တော့ ဦးထန်ဖုန်းရှိန်က ချောင်းထဲမှာရှိသော ထူးဆန်းသည့် ငါးကြီးများအကြောင်းကို ပြောပြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီချောင်းထဲမှာ ထူးဆန်းတဲ့ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ငါးကြီးတွေရှိတယ်၊ လူနဲ့တူတဲ့ငါးတွေတောင်ရှိတယ်၊ သူတို့ကို ဘယ်လိုဖမ်းလို့မှမရဘူး၊ မိုင်းခွဲဖမ်းတာတောင် မိုင်းခွဲတဲ့လူတွေပဲသေတယ်၊ ငါးတော့တစ်ကောင်မှမရကြဘူး"

"ဘုရားငါး ကျောင်းငါးတွေဆိုရင် ဖမ်းလို့မရဘူး. . . အောက်ပိုင်းဘက်မှာလည်း ဘုရားနား ကျောင်းနားမှာနေတဲ့ ငါးတွေဆိုရင် ဖမ်းလို့မရဘူး၊ တကယ်လို့ ဖမ်းမိရင်တောင် ပြန်လွှတ်ပေးကြရတယ်"

ဦးဗန်ကောင်းက ကျောင်းတော်ရာဘုရားမှ ဘုရားဖူးလာကြသော ငါးကြီးများအကြောင်းကို ပြောပြလိုက်သည်။

ထို့နောက်မှာတော့ ကျောင်းပေါ်သို့ သွားကာ ကျောင်းထိုင်ဘုန်းကြီးနှင့်တွေ့ကာ ကန်တော့ပြီး အကျိုးအကြောင်းပြောပြလိုက်သည်။

ထိုအခါ ရှမ်းဘုန်းကြီး သူကိုယ်တိုင်လိုက်လာပြီး ဂန္ဓာကုဋိတိုက် တံခါးသော့ကိုဖွင့်ပေးသည်။

အတွင်းသို့ရောက်သောအခါ ရုပ်ပွားတော်ကြီးအား ကန်တော့ပြီး အသေအချာကြည့်ကြလေသည်။

ရုပ်ပွားတော်ကြီးမှာ ဉာဏ်တော်လေးပေခန့်အမြင့်ရှိ ပြီး ရွှေသားအစစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ လူတစ်ယောက်စာမျှ ရွှေသားနှင့်ချည်း ပြုလုပ်ထားသဖြင့် ပိဿာချိန်ပေါင်း နည်း





မည်မဟုတ်ပေ။ ရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ်တော် နေရာမှာ တွင်းပေါက်တစ်ခုရှိနေပြီး ထိုနေရာမှ သွေးကဲ့သို့ အနီရောင်များက မျက်နှာတော်ပေါ်သို့ စီးကျနေသည်၊

"ဘုန်းကြီးအယောင်ဆောင်ထားတဲ့. . . တိဘက်နှစ်ယောက် ခိုးယူသွားတယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ တပည့်တော်တို့ဒီမှာရောက်နေတဲ့အခိုက်မှာ တတ်နိုင်သမျှ သတင်းစုံစမ်းပေးပါမယ်ဘုရား"

"သာဓု. . . သာဓု. . . သာဓု. . . "

ထိုသို့လျှောက်ထားပြီး ပြန်ခဲ့ကြသည်။

အိမ်ပြန်ရောက်တော့ ကျွန်ုပ်ကမေးလိုက်သည်။

"ပတ္တမြားကိုယူသွားတာ ရက်အတော်ကြာပြီဆိုတော့ လွယ်ပါ့မလား၊ အခုအချိန်လောက်ရှိရင် ဟိုနှစ်ယောက်က တိဘက်ပြန်ရောက်သွားရောပေါ့"

"ကျွန်တော်တော့ အဲ့ဒီလိုမထင်ဘူး"

"မောင်ထင်ကျော်က ဘယ်လိုထင်နေလို့တုန်း"

"သူတို့ယူသွားတာ ဗုဒ္ဓနဲ့သက်ဆိုင်တဲ့ ပစ္စည်းဖြစ်နေလေတော့ သက်ဆိုင်ရာတွေက သူတို့ကို တခြားယူသွားခွင့်ပေးမယ်မထင်ဘူး"

"မောင်ထင်ကျော်ပြောတဲ့စကားကလည်း နားရှုပ်လိုက်တာ သက်ဆိုင်ရာဆိုတာ ဘာကိုပြောတာလဲ"

"ဒီနယ်မြေမှာရှိကြတဲ့ အစောင့်အရှောက်တွေကိုပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သူတို့က တစ်နည်းနည်းနဲ့တော့ တားထားကြမယ်ထင်တာပဲ"

"ဒီစကားကတော့ စိတ်ဝင်စားဖို့ကောင်းတဲ့စကားပဲ၊ ဒီတော့ ဘယ်လိုရှာမလဲ"

"သက်ဆိုင်ရာတွေကိုပဲ မေးရမှာပေါ့၊ ပထမဆုံး ကျောင်းမှာစောင့်တဲ့ သက်ဆိုင်ရာတွေကို အရင်မေးကြည့်ရမယ်၊ ဒီကိစ္စကိုတော့ ဦးဗန်ကောင်းကပဲ တာဝန်ယူပြီး လုပ်ရမှာပဲ၊ ညဉ့်ဦးပိုင်း အချိန်ရောက်တော့ ကျွန်တော်တို့ နန်းမွေချောင်းကို တစ်ခေါက်ပြန်သွားကြတာပေါ့"

ဟုပြောပြီး ထိုနေ့တစ်နေ့လုံး ဘယ်မှမသွားတော့ပဲ တစ်ရေးတမောအိပ်ကြသည်။

ညနေပိုင်းအချိန်ရောက်တော့မှ လိုအပ်သောပစ္စည်းများကို ယူဆောင်ပြီး နန်းမွေချောင်းသို့ သွားကြလေသည်။

ဦးထန်ဖုန်းရှိန်ကပါ စိတ်ဝင်စားသဖြင့် လိုက်လာလေသည်။ ချောင်းကမ်းစပ်ရောက်တော့ အခြေအနေလိုက်ကြည့်ရာ ချောင်းကမ်းစပ်၌ ပေါက်နေသော ညောင်လန်းပင်ကြီး တစ်ပင်ကိုတွေ့ရသဖြင့် ထိုအပင်အောက်သို့ သွားကြလေသည်။

ထိုသစ်ပင်ကြီးမှာ အထိကရအပင်ကြီးဖြစ်သောကြောင့် ချောင်းအတွင်းသို့ပင် တစ်ဝက်ကိုင်းကျပြီး အုပ်ကျနေလေသည်။

အချိန်ကလည်း ညဉ့်ဦးပိုင်းအချိန်ကျော်လာပြီ ဖြစ်သဖြင့် အခြားနေရာများမှာ အလင်းရောင်အချို့ ရှိနေသော်လည်း





ညောင်ပင်ကြီးအောက်မှာတော့ မှောင်နေသည်။

ထိုနေရာရောက်တော့ ဦးဗန်ကောင်းက စည်းဝိုင်းဝိုင်းလိုက်သည်။

ထိုစည်းဝိုင်းအပြင်ဘက်မှာ စားစရာအချို့ကို ပန်းကန်နှင့် ပြင်ပေးထားပြီး အမွှေးတိုင်များ ထွန်းထားသည်။ အမွှေးတိုင်မှ နံ့သာဖြူသားများကို မီးရှို့ထားခြင်းဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ မွှေးကြိုင်နေသည်။ အဆင်သင့်ဖြစ်ပြီးသောအခါ ထိုနေရာမှာ ပရိတ်ချည်များတားကာ သူတို့က စည်းဝိုင်းအတွင်းမှာ ဝင်နေကြသည်။

ဦးဗန်ကောင်းကတော့ ဗှင်းရွတ်ဆိုဆောင်ရွက်ရမည့်အစီအစဉ်အတိုင်း ပြုလုပ်ဆောင်ရွက်နေရာ ဒေါက်တာမင်းထင်ကျော်အပါအဝင် ကျွန်ုပ်တို့အဖို့မှာတော့ မထူးခြားသော်လည်း ဦးထန်ဖုန်းရှိန်ကတော့ အံ့သြနေဟန်ရှိသည်။

အတန်ကြာသောအခါ အမှောင်ထဲမှ ထွက်လာသော မည်းမည်းသဏ္ဌာန်က ဦးဗန်ကောင်းချထားသော ပန်းကန်အနီးသို့ရောက်လာသည်။

ပရိတ်ကြိုးတားထားသောကြောင့် အနားမကပ်နိုင်ပဲ အပြင်ဘက်မှာသာ ဆောင့်ကြောင့်ထိုင်နေသည်။

"ပတ္တမြားကိစ္စ ဘာသိလဲ၊ သိရင်ပြောပါ"

ထိုသဏ္ဌာန်က ခေါင်းခါပြသည်။

"မသိရင်သွားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ဟင်း . . "

ထိုသဏ္ဍာန်က အစားအသောက်ထည့်ထားသော ပန်းကန်ကို တဟင်းဟင်းနှင့် လက်ညှိုးထိုးပြသည်။

"မပြောနိုင်ရင် စားခွင့်မရှိဘူး၊ သွားပေတော့"

ဟုပြောတော့မှ မထချင်ထချင်နှင့် ပြန်ထကာ ထွက်သွားလေတော့သည်။

အတန်ကြာတော့ ထိုနေရာသို့ နောက်ထပ်တစ်ကောင် ရောက်လာပြန်လေသည်။

ပတ္တမြားအကြောင်းမေးသော်လည်း မပြောနိုင်သဖြင့် နှင်ထုတ်လိုက်ရပြန်သည်။

ယခုရောက်လာသော မည်းမည်းသဏ္ဍာန်များမှာ ထိုနေရာတစ်ဝိုက်မှာရှိသော သရဲ တစ္ဆေများဖြစ်ပြီး ပတ္တမြားနှင့် ပတ်သက်သောကိစ္စများကိုတော့ မသိကြပေ။ ထို့ကြောင့် လာသမျှ ပြန်လွှတ်ရလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့မှ ကမ်းစပ်ဘက်မှ လူမည်းကြီးတစ်ယောက် တက်လာသည်။

မနီးမဝေးရောက်လာတော့မှ ကြောက်စရာကောင်းသော မျက်နှာပုံပန်းသဏ္ဍာန်ကိုတွေ့မြင်ရသောအခါ ပိုပြီးထိတ်လန့်သွားကြသည်။

ဦးခေါင်းထိပ်ပေါ်မှာ ကြံ့ချိုကဲ့သို့ ဦးချိုတစ်ချောင်းပါပြီး နဖူးတည့်တည့်တွင် မျက်လုံးတစ်လုံးသာပါသည်။ ပါးစပ်က





ကျယ်ပြီး အထဲမှ သွားနှင့်အစွယ်များက အပြင်သို့ငေါထွက်နေသည်။

ရုတ်တရက်ကြည့်ပါက ဘီလူးတစ်ကောင်မျက်နှာနှင့် အတော်တူလေသည်။

မျက်နှာတစ်ခုလုံးမှာလည်း ရွှေချထားသကဲ့သို့ ဝင်းဝင်းပြောင်ပြောင်ဖြစ်နေသည်။

"ချောင်းထဲမှာ အဲ့ဒီမျက်နှာမျိုးနဲ့ ထူးဆန်းတဲ့ငါးမျိုးတွေ ရှိတယ်"

ဦးထန်ဖုန်းရှိန်က လေသံတိုးတိုးဖြင့်ပြောလိုက်သည်။ သူကြည့်ရသည်မှာ အတော်ထိတ်လန့်ကာ ကြောက်ရွံ့နေဟန်လည်းရှိသည်။

"ပျောက်သွားတဲ့ ပတ္တမြားအကြောင်း ဘာသိသလဲ"

"သူတို့ယူသွားတာသိတယ်"

"ဘယ်ရောက်သွားပြီလဲ"

"ငါမသိဘူး၊ ဒါပေမယ့် သိတဲ့သူရှိတယ်"

"ဘယ်သူလဲ"

"ဂမုန်းဘီလူး"

"ဂမုန်းဘီလူးက ဘယ်မှာရှိသလဲ"

"လခိုင်ဖွန်းသစ်ပင်မှာနေတယ်"

လခိုင်ဖွန်းသစ်ပင်ဟု ပြောလိုက်သဖြင့် ဒေါက်တာဝင်း ထင်ကျော်တို့က မသိသော်လည်း ဒေသခံဖြစ်သော ဦးထန်ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိန်ကတော့ ကောင်းကောင်းသိသည်။

အခြားမဟုတ်ပေ။

မည်သူမှ လှဲမရသော၊ လှဲဖို့ကြံစည်သူတိုင်း သေကြသော အထိကရသစ်ပင်ကြီးပင်ဖြစ်သည်။

လခိုင်ဖွန်းသစ်ပင်ဟု ပြောသံကြားသဖြင့် ဦးဇန်ကောင်းကဦးထန်ဖုန်းရှိန်ကို တစ်ချက်လှည့်ကြည့်ရာ သူသိကြောင်း ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ ဂမုန်းဘီလူးကို သွားမေးကြည့်မယ်၊ ဒီမှာ ချထားတဲ့ အစားအသောက်တွေကို စားခွင့်ရှိပါပြီ"

ထိုသို့ပြောပြီး တန်းထားသော ပရိတ်ကြိုးများကို ဖယ်ပေးလိုက်ရာ မည်းမည်းသဏ္ဌာန်က ယူငင်စားသောက်ပြီးနောက် လာလမ်းအတိုင်း ပြန်သွားလေတော့သည်။







# အခန်း (၉)

## ပရလောကမှ ဆန်းကြယ်သောဘဝများ

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ လက်ဖက်ရည်သောက်ရင်းနှင့် တွေ့ခဲ့ရသောအကြောင်းများကို ပြန်ပြောနေကြလေသည်။

"ကျုပ်တို့လည်း ဒီအရပ်မှာနေတာကြာပြီဆိုတော့ တစ္ဆေသရဲရှိတယ်ဆိုတာတော့ ကြားဖူးပါတယ်၊ ဒီညမှပဲ မျက်မြင်ကိုယ်တွေ့ကြုံရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျန်သည့်လူများကတော့ စားရင်းသောက်ရင်းနှင့် နားထောင်နေကြသည်။

"ဒါထက် လူတွေ သရဲခြောက်ခံရတာတွေလည်း ကြားဖူးပါရဲ့၊ လူတွေကလည်း သရဲတစ္ဆေဆိုတာနဲ့ လူတွေကို ခြောက်လှန့်တတ်လို့ ကြောက်စရာကောင်းတယ်ချည်းပဲ ထင်နေတတ်တာကိုး၊ ဒီလိုအကူအညီရတယ်ဆိုတာမျိုးတော့ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည်သောက်ရင်းနှင့် ရှင်းပြသည်။

"တစ္ဆေသရဲဆိုတာ လူတွေနဲ့ ဘဝခြားနေတဲ့ ပရလောကသားတွေပါပဲ၊ သူတို့ကိုတွေ့တဲ့အခါ ကြောက်စရာကောင်းတဲ့ ပုံသဏ္ဌာန်တွေကြောင့် သရဲခြောက်တယ်လို့ ထင်ကြတာပါ၊ တကယ်တော့ သူတို့ကိုတွေ့ရတယ်ဆိုတာ အကြောင်းအမျိုးမျိုး ရှိပါတယ်"

"ဘယ်လိုအကြောင်းအမျိုးမျိုးလဲ"

"အမှုလိုချင်လို့ပဲဖြစ်၊ သူတို့ ဘယ်ဘဝရောက်နေရလို့ ဘယ်လိုအကူအညီမျိုးတွေ လိုချင်ပါတယ်လို့ ပြောချင်လို့ပဲဖြစ်ဖြစ်၊ သူတို့ထားခဲ့တဲ့ ရတနာပစ္စည်းတွေ ဘယ်မှာထားခဲ့တယ်ဆိုတာ ပြောချင်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အစားအစာလာတောင်းတာပဲဖြစ်ဖြစ် တွေ့မြင်ရပါတယ်၊ အဲ့ဒီလို မြင်ရပြီဆိုတာနဲ့ လူတွေက သရဲခြောက်တယ်ထင်ပြီး ထွက်ပြေးကြတော့ သူတို့မှာ





ဘာမှလည်းမရ၊ ဘာမှလည်း ပြောခွင့်မရကြတော့ပါဘူး"

"အင်း ဒီလိုဆိုတော့လည်း သနားစရာကောင်းသားပဲ"

"တကယ်တော့ ပရလောကရောက်နေကြတဲ့ ဘုံဘဝသားတွေဟာ နေစရာမရှိ၊ ဝတ်စရာမရှိ၊ စားစရာမရှိတဲ့ ဘဝမျိုးနဲ့ လူတွေရဲ့ ပတ်ဝန်းကျင်မှာပဲ ရှိနေကြပေမယ့် လူတွေကတော့ မြင်ခွင့်မရှိလို့ မမြင်နိုင်ကြပါဘူး"

"ဒါဖြင့် တစ္ဆေသရဲဆိုတာ တကယ်ရှိတာပေါ့နော်"

"ရှိပါတယ်၊ သူတို့တွေက လူတွေဆီက အကူအညီတောင်းတတ်ကြသလို၊ လူတွေကိုလည်း အကူအညီပေးကြတာတွေရှိပါတယ်၊ သူတို့ အကူအညီပေးလို့ ချမ်းသာသွားတဲ့သူတွေ ဘေးအန္တရာယ်ကလွတ်မြောက်သွားကြတဲ့သူတွေ ရှိပါတယ်"

"အံ့သြစရာပဲ၊ ကျုပ်တို့က တစ္ဆေသရဲဆိုတာနဲ့ ကြောက်စရာ လန့်စရာ၊ လူတွေကိုဒုက္ခပေးမယ်ချည်း ထင်နေကြတာ၊ ဒါဖြင့် သူတို့တွေက ကျုပ်တို့ပတ်ဝန်းကျင်မှာ တကယ်ရှိတာပေါ့နော်၊ တချို့ကျတော့လည်း ဒါမျိုးတွေကို အယုံအကြည် မရှိကြဘူး"

"ယုံကြည်တယ်၊ မယုံကြည်ဘူးဆိုတာ သူတို့တွေ့ကြုံရတဲ့ အဖြစ်အပျက်တွေနဲ့လည်း သက်ဆိုင်ပါတယ်၊ ဒီအကြောင်းတွေက နေရာအနှံ့မှာ အများကြီးရှိပါတယ်"

လူတော်တော်များများသည် မိမိတို့၏ ဝန်းကျင်အသိုက်၌ တစ္ဆေသူရဲစသည့် ပရလောကသားများရှိနေမှန်းကို ခံစား


www.burmeseclassic.com

www.burmeseclassic.com



သိရှိနိုင်ကြသည်။

သို့ဆိုပါမူ တစ္ဆေဆိုသည်မှာ တကယ်ရှိပါသလား။

ဤအမေးစကားနှင့် ပတ်သက်၍ တိကျသော အဖြေမရှိသေးပေ။ သို့သော် ဖြစ်ရပ်များကို လေ့လာ၍ လူတို့၏ဝန်းကျင်၌ တစ္ဆေသရဲစသည့် ပရလောကသားများ ရှိ/မရှိကို ကောက်ချက်ချနိုင်ပေသည်။

ပရလောကရှိသည်ကို ယုံကြည်သူများအနေဖြင့် တစ္ဆေ၊ သရဲ စသည့်ပရလောကသားများသည် တကယ်ရှိကြောင်း လက်ခံကြသည်။

ပရလောကရှိသည်ကို မယုံကြည်သူများကမူ တစ္ဆေ၊ သရဲ စသည့် ပရလောကသားများသည် တကယ်မရှိဟု ပြောကြသည်။

အဖြေနှစ်မျိုးရှိနိုင်သော "တစ္ဆေဆိုတာ တကယ်ရှိသလား" ဟူသော မေးခွန်းအတွက် လက်တွေ့ကြုံတွေ့သိမြင်ရမှုများကသာ အဖြေမှန်ရစေပါသည်။

လူတို့၏ ဘဝခရီးတစ်လျှောက်တွင် တစ္ဆေပုံပြင်များကို ကြားသိကြရသည်။ အချို့သော ထိုအတွေ့အကြုံများသည် လူတို့အား အသိဉာဏ်လက်လွတ်သွားပြီး ကျောစိမ့်လာကာ တုန်လှုပ်ချောက်ချားသွားစေနိုင်သည်။

တစ္ဆေ၊ သရဲစသည့် ပရလောကသားများကို တွေ့ကြုံရသည်ဆိုသော ဖြစ်ရပ်များမှာ မျက်မြင်သက်သေအဖြစ် တွေ့





ကြုံရသူများရှိကြသည်။

တစ္ဆေရှိသည်ဟု မယုံကြည်သူများပါ ခိုင်ခိုင်မာမာ သိရှိပြီး ယုံကြည်လက်ခံလာစေရန် မငြင်းဆန်နိုင်သော သက်သေအခိုင်အမာ ဖော်ပြနိုင်သည့် တကယ့်တစ္ဆေကို တွေ့ကြုံရမှုဖြစ်စဉ်များကို လူများကသိရှိလိုကြသည်မှာ ဓမ္မတာဖြစ်သည်။

တစ္ဆေတို့၏ မူလရင်းမြစ်အစကိုမူ တိတိကျကျမသိပေ။

လူမျိုးတိုင်း၊ ယဉ်ကျေးမှုတိုင်းက လက်ခံထားကြသည်မှာမူ လူများသေဆုံး၍ အသက်ဝိညာဉ်ချုပ်သွားသည့်အခါတွင် တစ္ဆေဘဝသို့ ကူးပြောင်းရောက်ရှိသွားသူများ ရှိနိုင်ကြသည်ဟူ၍ဖြစ်သည်။

ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသူများ၏ ဝိညာဉ်များကို အရိုအသေပြုခြင်းသည် လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း၍ ဆက်ခံကြခြင်းမျိုးလည်းရှိသည်။

အီဂျစ်လူမျိုးတို့သည် သေလွန်ပြီးနောက် ဘဝကို အလေးအနက် လက်ခံယုံကြည်ကြသည်။

"တစ္ဆေဆိုတာ တကယ်ရှိသလား" ဟုမေးလာပါလျှင် လူတို့သည် မိမိတို့ကြုံတွေ့ရဘူးသည့် အတွေ့အကြုံအရ ပြန်လည်ဖြေဆိုကြပေမည်။

တစ္ဆေ၊ သရဲစသည့် ပရလောကသားများသည် လူတို့အား ကိုယ်နှင့်စိတ်တို့ကို အနှောင့်အယှက်ပြုခြင်း၊ ထိတ်လန့်စေခြင်း၊ တစ်ခါတစ်ရံတွင် အန္တရာယ်ပြုတတ်ခြင်းစသည့် တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခြင်းမျိုးများကို တကယ်လက်တွေ့ ကြုံတွေ့ဖူးသူများ ရှိကြသည်။

လူတို့သည် မိမိတို့နှင့် ချစ်ကျွမ်းဝင်သူ၊ ရင်းနှီးတွယ်တာရသူများ သေဆုံးသွားပါက အချို့မှာ တစ္ဆေဝိညာဉ်ဘဝဖြင့် တွေ့ကြုံရ၊ မြင်ကြရ၊ ခြောက်လှန့်ခြင်း ခံကြရသည့် အဖြစ်မှန်များလည်း ရှိတတ်ပေသေးသည်။

မိမိတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးသည့်သူများ ကွယ်လွန်သွားပြီး ခြောက်လှန့်သည့် တစ္ဆေများရှိသကဲ့သို့၊ မရင်းနှီး မသိကျွမ်း မမြင်တွေ့ဘူးသည့် တစ္ဆေများ ခြောက်လှန့်ခြင်း၊ အသိပေးခြင်း၊ မြင်တွေ့လိုက်ရခြင်း၊ အသံကြားရခြင်း၊ အနံ့များ ရရှိခြင်း စသည့်အတွေ့အကြုံများကို တွေ့ကြုံရဘူးသူများလည်း ရှိနိုင်သည်။

လူ့လောကဝန်းကျင်၌ မကောင်းသော မိစ္ဆာဝိညာဉ်များ ရှိသကဲ့သို့ ကောင်းသည့် ဝိညာဉ်များလည်းရှိပေသည်။

သို့ဖြစ်၍ တစ္ဆေဝိညာဉ်ကို တွေ့ရသည့်အခါ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့သွားခြင်းမျိုးထက် မိမိ၏ စိတ်စွမ်းအားဖြင့် ဆောက်တည်ရာမရအောင် ကြောက်ရွံ့ထိတ်လန့် စိတ်ကို တည်ငြိမ်အောင် ကြိုးပမ်း၍ရနိုင်သည်။

ယုံကြည်လွယ်သူများ ရှိသကဲ့သို့ တစ်စုံတစ်ရာကို ယုံကြည်ရန်ခက်ခဲတတ်သူများလည်း ရှိသည်မှာ ဓမ္မတာဖြစ်ပေသည်။





မိမိအနီးတွင် တစ္ဆေတွေ့မြင်ရလျှင်ပင် မယုံကြည်တတ်သူရှိသကဲ့သို့ "တစ္ဆေ"ဟူသော ပြောသံကိုကြားရုံမျှနှင့်ပင် အထိတ်တလန့် ကြောက်ရွံ့တတ်သူများလည်း ရှိတတ်လေရာ "တစ္ဆေ တကယ်ရှိသလား" ဟူသောအမေးကို ဖြေရန်မှာ လူတစ်ဦးစီ၏ ယုံကြည်မှုနှင့် သက်ဆိုင်သည်ဟု ဆိုနိုင်သည်။

သို့ဖြစ်၍ "တစ္ဆေခြောက်ခြင်းဟူသည်မှာ အဘယ်နည်း" ဟူသော အမေးစကားရှိလာပြန်သည်။

ယနေ့ မျက်မှောက်ခေတ်တွင် တစ္ဆေသုတေသန ပြုကြသူများသည် တစ္ဆေခြောက်လှန့်သည့် ဝန်းကျင်ဒေသနှင့် တစ္ဆေခြောက်လှန့်ခြင်းမရှိသော ဝန်းကျင်ဒေသတို့ကို အခြေပြုကာ နှိုင်းယှဉ်လေ့လာမှုပြုကြသည်။

အဆိုပါ ဝန်းကျင်ဒေသနှစ်ခု၏ မတူညီမှုများ၊ ကွဲပြားခြားနားမှုများကို ရှာဖွေလေ့လာကြခြင်းဖြင့် တစ္ဆေခြောက်လှန့်ခြင်း၏ အမှန်သဘာဝကို သိမြင်နိုင်ကာ အသက်သေဆုံးခြင်းဖြစ်ပြီးနောက် ပေါ်ပေါက်လာသည့် ဖြစ်ရပ်များဖြစ်ကြောင်းလည်း သဲလွန်စရနိုင်ပါသည်။

ယခုအခါ လေ့လာသူများသည် တစ္ဆေခြောက်လှန့်သည်ဆိုသော နေရာများစွာသို့ သွားရောက်လေ့လာကြကာ ပရလောကဖြစ်ရပ်ဆန်းများကို ကိုယ်တိုင်တွေ့ကြုံခံစားသိရှိရန် မျှော်လင့်ကြသည်။

ထိုသူများအနေဖြင့် တစ္ဆေခြောက်သည်ဟု ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



ဟာလဖြစ်ပြီး တကယ်မဟုတ်သည့် နေရာများသို့လည်း မှားယွင်း ရောက်ရှိနိုင်ပါသည်။

အမှန်ဆိုရပါမူ တစ္ဆေခြောက်သည့်ကားများ၊ လေယာဉ်ပျံများ၊ သင်္ဘောများ စသည့်ယာဉ်များသည်သာ ၎င်းတို့သွားလေရာအရပ်၌ တစ္ဆေလိုက်ပါ၍ ခြောက်တတ်ကြသည်။

တစ္ဆေခြောက်သည့် နေရာသည် နေရာမပြောင်းတတ်ဟု တစ္ဆေခြောက်ခံရဖူးသည့် သူများက သဘောတူလက်ခံထားကြပါသည်။ မယုံကြည်သူများက ထိုအချက်ကို တုံ့ပြန်ငြင်းခုံတတ်ကြပါသည်။

အများအသုံးပြုကြသည့် အဘိဓာန်များကို လေ့လာကြည့်ပါက ဤသို့တွေ့ရှိရပါသည်။

"တစ္ဆေခြောက်လှန့်သည် နေရာဆိုသည်မှာ သရဲတစ္ဆေများနေထိုင်သည့် အရပ်ဖြစ်သည်"

(A haunted place is somewhere inhabited by apparitions or ghosts).

"တစ္ဆေ (သရဲ ပရလောကသား) ဆိုသည်မှာ ဝိညာဉ်ဖြစ်သည်"

[ A ghost (or apparition) is a " spirit" ] အဆိုပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ ယဉ်ကျေးမှုဓလေ့ထုံးစံအရ ရောင်ပြန်ဟပ်နိုင်ပါသည်။

လူတိုင်းလူတိုင်းသည် မိမိတို့ ရိုးရာဓလေ့ထုံးစံ၊ ယဉ်





ကျေးမှုများနှင့် ရင်းနှီးကျွမ်းဝင် အသားကျပြီးဖြစ်ပေရာ အဆိုပါ ဖွင့်ဆိုချက်ကို သဘောပေါက်လွယ်ကြပါသည်။

အဘိဓာန်များတွင် ဖွင့်ဆိုချက်အရ လူအများနားလည် လက်ခံထားကြသည်မှာ နေရာဒေသတစ်ခုသို့ ဝိညာဉ်တစ်ကောင်ရောက်ရှိလာခြင်းကို တွေ့မြင်ရခြင်းသည် တစ္ဆေခြောက်ခြင်းပင်ဖြစ်သည်။

အချို့အစီရင်ခံစာများတွင် ဖော်ပြမှုများကို စူးစမ်းမှုပြုသောအခါ ခြောက်လှန့်သည်ဆိုသော တစ္ဆေ၊ သရဲ၊ ပရလောကသားကို ဖော်ပြထားခြင်းမရှိသည်မှာ မတွေ့မမြင်ရသောကြောင့်ဖြစ်နိုင်သည်။

ရိုးရာအယူအဆများအရမူ တစ္ဆေခြောက်လှန့်သည်ဆိုခြင်းတွင် ခြောက်လှန့်သည့် တစ္ဆေများသည် အဓိကခြောက်လှန့်သူများဖြစ်ပေရာ တစ္ဆေခြောက်လှန့်ခံရလျှင် ထိုတစ္ဆေကို တွေ့လိုမြင်လိုတတ်သည်မှာ စူးစမ်းလေ့လာသူများ၏ စိတ်ဆန္ဒဖြစ်ပေသည်။

တစ္ဆေခြောက်လှန့်သည်ဟု သတင်းပေးပို့သည့် အစီရင်ခံစာများတွင် ပါရှိတတ်သည့် တစ္ဆေခြောက်ခံရသည့် ဖြစ်ရပ်များမှာ ထူးခြားသောအသံများ၊ ထူးခြားသောအမြင်များ၊ ထူးခြားသောအနံ့များ၊ ထူးခြားသောထိတွေ့ခံစားမှုများ၊ ထူးခြားသော ရွေ့လျားလှုပ်ရှားမှုများ၊ မမြင်ရသည့်အရာများ၏ တုံ့ပြန်ထိတွေ့မှုများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မပြင်းထန်သော ခြောက်လှန့်မှုများရှိသကဲ့သို့ ပြင်းထန်ရိုင်းပျသည့် တစ္ဆေခြောက်လှန့်မှုများလည်း ရှိတတ်သည်။

ထူးခြားသော အသံများမှာ ခြေသံများ၊ ထုရိုက်သံများနှင့် ပစ်ခတ်သံများ၊ ကုတ်ခြစ်သံများ၊ ရယ်သံများ၊ ညည်းတွားသံများ၊ မြည်တမ်းသံများ၊ ကြောက်လန့်၍ ငယ်သံပါအောင် အော်ဟစ်သံများ၊ တေးဂီတသံများ၊ တီးတိုးစကားပြောသံများ စသည်တို့ဖြင့် ခြောက်လှန့်တတ်သည်။

ခြောက်လှန့်တတ်သော ထူးခြားသည့် မြင်ကွင်းများမှာ အလင်းရောင်ထိုးခြင်းများ၊ အရိပ်များ ရွေ့လျားနေသော အလင်းရောင်များ၊ မျက်လုံးထောင့်တွင် တွေ့မြင်နေရသည့် အရာများဖြစ်သည်။

ခြောက်လှန့်တတ်သော ထူးခြားသည့် အနံ့များမှာ မနှစ်သက်ဖွယ်အနံ့ဆိုးများ၊ တစ်ခါတစ်ရံ အမွှေးနံ့များ၊ ပန်းနံ့များ စသည်တို့ဖြစ်သည်။

ခြောက်လှန့်ခြင်းကြောင့် ဖြစ်ပေါ်လာတတ်သော ခံစားမှုများမှာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ တိတ်ဆိတ်ငြိမ်သက်စွာ ငေးမှိုင်နေခြင်း၊ အေးစက်သည့် ခံစားမှုကြောင့် ကြက်သီးမွေးညင်းထခြင်း၊ မမြင်ရသောအရာများ၏ ရုတ်တရက်ထိတွေ့လိုက်မှုကြောင့် စိတ်နှလုံးတုန်ရင်ခုန်ကာ အသဲအေးသည်အထိ ကြောက်ရွံ့ထိတ်လန့်စိတ်ဝင်ခြင်းတို့ ဖြစ်ပေသည်။





ခြောက်လှန့်ခြင်းကြောင့်ဖြစ်ပေါ်လာသော အရာဝတ္ထုများ ရွေ့လျားမှုများမှာ၊ တံခါးများ၊ ရေပိုက်ခေါင်းများ၊ မီးခလုတ်များသည် မှုလကသေသေချာချာ ပိတ်ထားပါလျက်နှင့် ပွင့်နေသည်ကိုတွေ့ရခြင်း၊ အချို့အရာဝတ္ထုများ ပျောက်ဆုံးနေခြင်း၊ ရုပ်ပုံကားချပ်များ၊ အဆင်တန်ဆာများ ပြုတ်ကျခြင်း၊ အရာဝတ္ထုများသည် တင်ထားသည့်နေရာ၊ ချိတ်ထားသည့်နေရာ၊ ဝတ်ဆင်ထားသည့်ခန္ဓာကိုယ်မှ အလိုလိုပြုတ်ကျခြင်း စသည်တို့ဖြစ်သည်။

ခြောက်လှန့်ခြင်း အခြားတစ်မျိုးမှာ မမြင်ရသော အရာက ချစ်ခင်စွာကိုင်တွယ်မှု၊ စိတ်ဆိုးမာန်ဆိုးဖြင့် ကြမ်းတမ်းစွာဆုပ်ကိုင်မှု၊ ခဲဖြင့်ပေါက်ခြင်း၊ သစ်ကိုင်းများချိုးချခြင်း စသည့် တုံ့ပြန်ဆောင်ရွက်မှုများဖြစ်သည်။

ထိုသို့ခြောက်လှန့်မှုပြုရာတွင် ခြောက်လှန့်သည့် ပရလောကသား၊ တစ္ဆေ၊ သရဲစသည့်တို့ကို မြင်တွေ့ရသည့်အခါရှိသကဲ့သို့ မမြင်တွေ့ရသည့် အခါမျိုးလည်း ကြုံတွေ့ရတတ်ပါသည်။ ဖော်ပြထားသည့်အတိုင်း တစ္ဆေခြောက်လှန့်ခြင်း အမျိုးမျိုးရှိပေရာ တစ္ဆေကို အကောင်အထည်အရ မမြင်တွေ့ရသော်လည်း ၎င်း၏ ခြောက်လှန့်ခံရသူ၏ အနီးတွင်ရောက်ရှိနေသည်မှာ အသေအချာဖြစ်ပေမည်။

အဘိဓာန်၏ ဖွင့်ဆိုချက်အရမူ တစ္ဆေအခြောက်ခံရပါက ခြောက်လှန့်သည့်တစ္ဆေကို မြင်တွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဖြစ်စဉ်တွင် တစ္ဆေကိုမူ မြင်ရသည့်အခါရှိသကဲ့သို့ မမြင်ရသည့်အခါလည်း ရှိတတ်သည်ဟု တွေ့ကြုံဖူးသူက ဆိုပါသည်။ သိပ္ပံနည်းကျ အမြင်အရမူ မျက်မြင်ကိုယ်တွေ့က အထောက်အထားပြသနိုင်ခြင်းသည်သာ အကောင်းဆုံး အပီပြင်ဆုံးနှင့် လက်ခံနိုင်ဖွယ် အရှိဆုံးဖြစ်ပေသည်။

အချို့သော ဖြစ်ရပ်မှန်များတွင် ခြောက်လှန့်သည့် တစ္ဆေကို ပီပီပြင်ပြင်မတွေ့မြင်ရတတ်ပေ။

ပရလောကသားများကို ခြောက်လှန့်နေသည့် အချိန်တွင် ရံဖန်ရံခါ တွေ့မြင်ရတတ်သော်လည်း ၄င်းတို့သည် . . . "ဝိညာဉ်များ" ဖြစ်သည်ဟု သေချာစွာစူးစမ်းလေ့လာပြီးမှ တိုက်ရိုက်ပီပီပြင်ပြင် အထောက်အထားမပြနိုင်သည့် အဖြစ်မျိုးလည်း ရှိတတ်သည်။

အကြောင်းမှာ တစ္ဆေခြောက်လှန့်ခံရသည့်အခါတွင် တွေ့မြင်ရတတ်သည်မှာ လူ၏ပုံရိပ်သဏ္ဍာန်များကို တွေ့ရတတ်သောကြောင့်ဖြစ်လေသည်။

လက်တွေ့ကြုံတွေ့မှုအဖြစ်အပျက်များအပေါ် အခြေပြု၍ "တစ္ဆေ"ဟူသောဝေါဟာရ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် "တစ္ဆေခြောက်ခြင်း"ဟူသော ဝေါဟာရ၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ထပ်မံဖော်ပြနိုင်ပါသေးသည်။

"တစ္ဆေ" သို့မဟုတ် "ပရလောကသား" ဆိုသည်မှာ ကိုယ်ကာယအားဖြင့် ရောက်ရှိမလာသော လူပုံရိပ်သဏ္ဍာန်ဖြစ်





သည်။

"တစ္ဆေခြောက်ခြင်း" ဆိုသည်မှာ ထူးခြားသော သဘာဝဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အဖြစ်အပျက်သည် နေရာဒေသတစ်ခုတွင် ပေါင်းဆုံဖြစ်ပျက်ပေါ်ပေါက်ခြင်းကို ဆိုလိုပါသည်။

တစ္ဆေခြောက်ခြင်းဆိုသည်မှာ များစွာသောအကြောင်းအရာများ (သို့မဟုတ်) ကွဲပြားခြားနားသော ထူးခြားချက်များ ပေါင်းစပ်ဖွဲ့စည်း၍ ဖြစ်ပေါ်မှုဟုဆိုနိုင်သည်။

ပါဝင်သည့် အကြောင်းအရာများမှာ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားပြီး ကမ္ဘာမြေကြီးကြောင့် ဖြစ်ပေါ်လာခြင်းနှင့်လည်း ဆက်စပ်မှုမရှိပေ။

ထို့ကြောင့် "တစ္ဆေခြောက်ခြင်း" ကို အဓိပ္ပါယ်ဖွင့်ဆိုရမည်ဆိုပါက လူတစ်ဦး၏ စိတ်ဖြင့်ခံစားမှုတစ်ခုဟု ဆိုနိုင်သည်။

သို့ဖြစ်၍ "တစ္ဆေခြောက်ခြင်း"ကို ဖွင့်ဆိုချက်တစ်မျိုး ထပ်မံပေးနိုင်ပါသေးသည်။

"တစ္ဆေခြောက်ခြင်း"ဆိုသည်မှာ ထူးခြားဆန်းကြယ်မှုများ၊ သဘာဝလွန်ဖြစ်ရပ်များ၊ ထင်ရှားစွာဖြစ်ပေါ်ခြင်းများ၊ အဖြစ်အပျက်ဆန်းများသည် သဘာဝအကြောင်းတရားများကြောင့်မဟုတ်ပဲ နေရာဒေသတစ်ခုတွင် စုဆုံပေါင်းစည်းဖြစ်ပေါ်ခြင်းကိုဆိုလိုသည်။

တစ္ဆေခြောက်ခြင်းများကို စူးစမ်းလေ့လာမှု ပြုကြသောအခါ အချို့ကိစ္စရပ်များမှာ တခဏမျှဖြင့် တစ္ဆေပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်လည်း ရှိသည်။ တစ်ခါတစ်ရံတွင် အထောက်အထား ရတတ်သည်လည်း ရှိပေသည်။

တစ္ဆေခြောက်ခြင်းသည် အဘယ်ကြောင့်ဖြစ်ပေါ်သည် ကို သေသေချာချာ စူးစမ်းလေ့လာမှုများလည်း ပြုသင့်သည်။ အချို့သော တစ္ဆေခြောက်ခြင်းဖြစ်ရပ်များတွင် သေချာစွာ စုံစမ်းလေ့လာမှုများမရှိခဲ့သဖြင့် အကြောင်းရင်းမှန် မပေါ်ပေါက်ခဲ့ပေ။

တစ္ဆေခြောက်ခြင်းကို ကြုံတွေ့ရလျှင် ထိုဖြစ်ရပ်၏ အကြောင်းရင်းကို သေချာစွာစူးစမ်းလေ့လာမှုပြုပါက တစ္ဆေခြောက်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထပ်မံချဲ့ထွင်ရမည်။

"တစ္ဆေခြောက်ခြင်း" ဆိုသည်မှာ ထူးခြားဆန်းကြယ်မှုများ၊ သဘာဝလွန်ဖြစ်ရပ်များ ထင်ရှားစွာဖြစ်ပေါ်ခြင်းများ၊ အဖြစ်အပျက်ဆန်းများကို စနစ်တကျ လေ့လာစူးစမ်းသုံးသပ်သော အခါ ၎င်းတို့သည် သဘာဝအကြောင်းတရားများကြောင့် မဟုတ်ပဲ နေရာဒေသတစ်ခုတွင် စုဆုံပေါင်းစည်းဖြစ်ပေါ်ခြင်းကို ဆိုလိုသည်။

၎င်းသည် နေရာတစ်ခု၌ စွဲစွဲမြဲမြဲ နေထိုင်၍ ခြောက်လှန့်တတ်သည့် ပရလောကသားများနှင့် ဆိုင်ပေသည်။

မျက်မှောက်ခေတ် တစ္ဆေခြောက်ခြင်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သစ်သည် ထိုဖြစ်ရပ်များကို သေချာကျနစွာ စူးစမ်းလေ့လာရသည့်အဖြေနှင့် ကိုက်ညီစွာပေါ်ထွက်လာပေမည်။

သဘာဝလွန်ဖြစ်ရပ်များကို စိတ်ဝင်စားသူများက တစ္ဆေ





ဆိုသည့် ပရလောကသားသည် "ဝိဉာဉ်"ဟု ဆိုကြသည်။

လက်ခံမှုလက်မခံမှုဆိုသည်မှာမူ ယဉ်ကျေးမှုဓလေ့ ရိုးရာပေါ်တွင် အခြေပြုပေသည်။

ဒေါက်တာမင်းထင်ကျော်က အထက်ပါအတိုင်း အကျိုးအကြောင်းပြည့်စုံစွာပြောပြလိုက်သောအခါ ဦးထန်ဖုန်းရှိန်တို့လည်း များစွာလက်ခံကြလေသည်။


"ဆရာပြောပြတော့မှပဲ ရှင်းသွားတော့တယ်၊ ကျုပ်တို့က တစ္ဆေသရဲဆိုတာနဲ့ လူတွေကို ခြောက်အောင် လန့်အောင် ခြောက်လှန့်တတ်တာချည်းပဲထင်နေကြတာ၊ အခုမှပဲ သနားစရာကောင်းတဲ့ ဘဝရောက်နေမှန်းသိရတော့တယ်"

ဟုပြောသည်။

"ညရောက်ရင် အခုသွားမယ် သစ်ပင်ကြီးမှာလည်း ထူးဆန်းတာတွေ ထပ်ပြီးတွေ့ရနိုင်ပါတယ်"

"စိတ်ဝင်စားစရာပါပဲ"

ဟုပြောဆိုကာ ညအချိန်သွားလျှင် ယူဆောင်သွားမည့် လိုအပ်သော ပစ္စည်းများကို အဆင်သင့်ပြင်ဆင်နေကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

# ဂမုန်းဘီဘူးနှင့် တွေ့ကြရခြင်း

ကွတ်ခိုင်သို့သွားရန် ဖောက်ထားသောလမ်းပေါ်မှာ အထိကရသစ်ပင်ကြီးတစ်ပင်ရှိသည်။

ဒေသခံများကတော့ 'လခိုင်ဖွန်း'ဟုခေါ်ကြသည်။ ပုဆိုးနှစ်ပတ် သုံးပတ်လောက်ကြီးသည်။

လုံးပတ်ကြီးသလို အပင်ကလည်းမြင့်သည်။ အပေါ်ပိုင်းမှာ သစ်ခွပန်းမျိုးစုံတို့ စွဲကပ်နေသည်။ အချို့လည်း အပွင့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထိုသစ်ပင်ကြီးက ရာဇဝင်ရှိသည်။ သရဲခြောက်သည်။ နတ်ကြီးသည်ဟု နာမည်ကြီးသည်။ မည်သူမှ ခုတ်လှဲမရပေ။

တစ်ခါက ယူနန်ဘက်မှ တရုတ်လက်သမားများ ရောက်လာပြီး သစ်ပင်ကိုလှဲဖြတ်ရန် ကြိုးစားသည်။ ထက်ဝက်လောက်ပြတ်တော့မှ ကျားအော်သံလိုအသံမျိုးထွက်ပေါ်လာသဖြင့် ထွက်ပြေးကြရသည်။

သေသူသေ၊ ရူးသူရူး ဖြစ်ကြသဖြင့် နောက်ဆုံးစလေ့ထုံးစံအရ ယဇ်ပူဇော်ပြီး တောင်းပန်တော့မှ သက်သာရာရသည်။

ထူးဆန်းသော အချက်မှာ သူတို့တစ်ခေါက်ပြန်လာသောအခါ လှဲဖြတ်နေရာမှာ ပျောက်နေပြီး ပကတိအသားအတိုင်းပြန်ပြည့်နေသည်။

ကပ်ပါးနှင့်ခုတ်ထားသော ဒဏ်ရာအချို့သာ ကျန်တော့သည်။ ထိုသစ်ပင်ကြီးရှိသောနေရာမှာ လမ်းဖောက်ထားသောနေရာဖြစ်သဖြင့် အသွားအလာလုပ်ကြရသည်။

တစ်ခါတစ်ရံ မိုးချုပ်မှလာသူများ၊ ကျွဲနွားပျောက်ရှာရာမှ အချိန်လွန်မှ ပြန်ရောက်ကြသူများမှာ ထိုနေရာရောက်သည်နှင့် သစ်ပင်ပေါ်မှ လူမည်းကြီးများဆင်းလာပြီး လိုက်သဖြင့် ပြေးကြရသည်။

တစ်ခါကနွားကျောင်းသားတစ်ယောက်မှာ အချိန်လွန်





မှထိုနေရာရောက်လာလေရာ အမှတ်တမဲ့ တံထွေးထွေးမိရာ စီးလာသောနွားလန့်ခုန်သဖြင့် နွားပေါ်မှလိမ့်ကျပြီး သတိမေ့သွားတော့သည်။

ညည့်နက်ပိုင်း အချိန်ရောက်မှ သတိပြန်ရလာသည်။

နွားတွေကတော့ သူ့အနားမှာ တစ်ကောင်မှမရှိတော့ပေ။ ထိုအချိန်မှာပင် သူမမြင်ရသောချုံအတွင်းမှ ရှမ်းဘာသာဖြင့်ပြောလိုက်သည့်စကားသံကြားရသည်။

"တောထဲတောင်ထဲသွားရင် သတိထားရတယ် နတ်တွေ၊ ရုက္ခစိုးတွေနဲ့ ပရလောကသားတွေ အများကြီးရှိတယ်၊ သိဒ္ဓိရှိတဲ့ ဂမုန်းပင်၊ ဆေးပင်တွေလည်း ရှိတယ်၊ ဂမုန်းပင် ဆေးပင်တွေကို စောင့်နေတဲ့ ပရလောကသားတွေ နတ်တွေလည်းရှိတယ်"

အသံကြားရာသို့ လှမ်းကြည့်သော်လည်း မှောင်နေသောကြောင့် ဘာမှမတွေ့ရပေ။

"တံတွေးထွေးတာတို့၊ နှပ်ညှစ်တာတို့၊ အလေးအပေါ့သွားချင်ရင် ပတ်ဝန်းကျင်မှာ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို ခွင့်တောင်းရတယ်၊ သစ်ပင်ကြီးတွေရဲ့အနားမှာ အညစ်အကြေးမစွန့်ရဘူး၊ ရုက္ခစိုးတွေက မကြိုက်ကြဘူး"

နွားကျောင်းသားက အသံသာကြားနေရပြီး အခြောက်အလှန့်မရှိသဖြင့် အနည်းငယ်စိတ်သက်သာရာရနေသည်။

"မင်းတို့က တောထဲတောင်ထဲမှာနေကြတဲ့သူတွေဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်နေရာကိုသွားသွား မေတ္တာပို့ပေးရတယ်”

“မေတ္တာပို့ပေးတယ်ဆိုတာ ဘယ်လိုမျိုးလဲ”

နွားကျောင်းသားမှာ နတ်ကိုးကွယ်သူမို့ မေတ္တာပို့ရမည်ကို သူနားမလည်ပေ။

“မေတ္တာပို့တယ်ဆိုတာ ကိုယ်ရောက်နေတဲ့ နေရာမှာရှိတဲ့ မြင်ရတဲ့သူ၊ မမြင်ရတဲ့သူတွေကို ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဆုတောင်းပေးတာမျိုးပေါ့။

ဒါမှမဟုတ် ကိုယ်သွားမယ့်နေရာကို စိတ်ထဲကမှန်းပြီး အဲ့ဒီနေရာမှာရှိကြတဲ့သူတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပို့ပေးပေါ့၊ အဲ့ဒီလိုဆုတောင်းပေးရင် ဘေးအန္တရာယ်မတွေ့နိုင်ဘူး၊ တကယ်လို့ ဘေးအန္တရာယ်နဲ့ကြုံတွေ့ခဲ့ရင်တောင် သူတို့ကဝင်ပြီး အကူအညီပေးကြတယ်”

ထိုကဲ့သို့ပြောပြီး အသံပျောက်သွားတော့သည်။ နောက်ပိုင်းမှာတော့ နတ်ကိုးကွယ်သော ထိုနွားကျောင်းသားမှာ တောထဲသွားလျှင် ထင်တိုင်းမလုပ်ဝံ့တော့ပေ။

ထိုသစ်ပင်ကြီးနှင့်ပတ်သက်ပြီး နောက်ထပ်အဖြစ်အပျက်တစ်ခုရှိသည်။

မန်ဖာမြောက်ရွာတွင် စိတ်ကြမ်းလူကြမ်းနှင့် လူမိုက်တစ်ယောက်ရှိသည်။

သူ့ထံမှာ သေနတ်မျိုးစုံရှိသည်။ သူသည် လူလည်းမကြောက်၊ တစ္ဆေသရဲလည်း ကြောက်တတ်သူမဟုတ်ပေ။





သေနတ်များလွယ်ပြီး တောထဲတောင်ထဲ လျှောက်သွားနေတတ်သူဖြစ်သည်။

အမဲကောင်တွေ့လျှင်ပစ်သည်။ အခွင့်သာပါကလည်း ခရီးသွားများထံမှ ဓားပြတိုက်သည်။ တစ်ခါတစ်ရံ အခြားရွာမှ ကျွဲနွားများ နယ်ကျွံလာသည်ကိုတွေ့လျှင် သေနတ်ဖြင့်ပစ်သတ်ပြီး အမဲသားများ ဖျက်ယူလာတတ်သည်။

၎င်းအမည်မှာ ‘အင်ဒေါ်မာကြမ်း’ ဖြစ်ပြီး အားလုံးကတော့သူ့ကို ‘မာကြမ်း’ ဟုသာခေါ်ကြသည်။

မာကြမ်းသည် သေနတ်များလွယ်ပြီး တောထဲမှာအချိန်မတော်တစ်ယောက်တည်း သွားလာနေသူဖြစ်သောကြောင့် မကောင်းဆိုးဝါးများ၊ တစ္ဆေသရဲများနှင့် မကြာခဏ တွေ့ရသည်။

အမဲဖျက်ပြီး သယ်လာလျှင် နောက်မှ အတင်းလိုက်ဆွဲသောသရဲမျိုးလည်း တွေ့ဖူးသည်။

ဘယ်လိုသရဲမျိုးတွေ့တွေ့ သူကတော့ မကြောက်ပေ၊ တွေ့သမျှသေနတ်ဖြင့်ပစ်သည်။

ပစ်လျှင် မှန်သည်။

ထိမှန်ပါကသေသည်။

ထိုအသေကောင်ကိုသွားကြည့်လျှင်တော့ စောစောကပုံသဏ္ဌာန်မျိုးမဟုတ်တော့ပေ။ ဖားပြုတ်ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် ပုတ်သင်ညို၊ တောက်တဲ့အသေကောင် ဖြစ်နေတတ်သည်။

တစ်ခါတော့ မာကြမ်းသည် တောထဲမှအမဲတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ထမ်းပြီးပြန်လာသည်။

အချိန်က ညဥ့်ဦးပိုင်းအချိန်ရောက်နေလေပြီ။ ထိုသစ်ပင်ကြီးနားရောက်တော့ ထန်းပင်တမျှအရပ်မြင့်သော မည်းမည်းသဏ္ဌာန်ကြီးက သူသွားမည့်လမ်းပေါ်မှာ ပိတ်ရပ်နေသည်။

လမ်းဖယ်ခိုင်းသော်လည်း မဖယ်ပေးသောကြောင့် ကာဘိုင်သေနတ်ဖြင့် ပစ်သည်။

ကျည်ကပ်ကုန်အောင်ပစ်တော့မှ လမ်းဘေးသို့ ထန်းပင်ကြီးလဲသကဲ့သို့ လဲကျသွားသည်။

မာကြွမ်းလည်း ရွာသို့ အမောတကောပြန်ပြေးလာသည်။ ထိုသေနတ်သံကို ရွာမှ အတိုင်းသားကြားရသဖြင့် ရွာသားတစ်ယောက်က မေးသည်။

"မင်းမှာ ကျည်ဆံတယ်ပေါပါလား၊ ကျည်ကပ်ကုန်အောင်ပစ်သံ ကြားလိုက်တယ်၊ ဘာပစ်တာလဲ"

"မည်းမည်းရှည်ရှည်ကြီးတစ်ကောင် ငါသွားမယ့်လမ်းပေါ်မှာ ပိတ်ရပ်နေတယ်၊ ဖယ်ခိုင်းတာမရတာနဲ့ ပစ်တာ လမ်းဘေးတော့ လဲကျသွားတာ တွေ့ရတာပဲ၊ မနက်လင်းတော့မှ သွားကြည့်မယ်"

နောက်တစ်နေ့ နံနက်လင်းသောအခါ ထိုနေရာသို့ သွားကြည့်ရာ သေနေသည့် ကင်းလိပ်ချောတစ်ကောင်ကိုသာ တွေ့ကြရသည်။

နောက်ပိုင်းတော့ မာကြွမ်းတစ်ယောက် ထိုသစ်ပင်ကြီး





ရှိသော နေရာသို့ အသွားအလာသိပ်မလုပ်ဝံ့တော့ပေ။

တစ်ခါကလည်း ထိုသစ်ပင်ကြီးနှင့် မနီးမဝေးမြေကွက်နေရာတွင် လူတစ်စုရောက်လာပြီး ဘိန်းစိုက်ပျိုးရန်ပြင်ဆင်ကြသည်။

၎င်းတို့သည် ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းပြီး ယာယီတဲတစ်လုံးထိုးပြီး နေကြသည်။ ညအချိန်ရောက်သောအခါ တောင်ကုန်းပေါ်မှ ကျောက်တုံးကြီးများ တစ်တုံးပြီးတစ်တုံး လိမ့်ဆင်းလာသောကြောင့် အသက်လုပြီးထွက်ပြေးကြရသည်။

နောက်တစ်နေ့နံနက်လင်း၍ သွားကြည့်သောအခါ ညကလိမ့်ကျလာသော ကျောက်တုံးကြီးများ တစ်တုံးမှ မတွေ့ကြရပေ။

နောက်ည ဆက်နေကြည့်သောအခါမှာလည်း ယခင်ညကလိုပင် ကျောက်တုံးကြီးများ လိမ့်ကျသောကြောင့် ထွက်ပြေးရကြပြန်သည်။

ထို့ကြောင့် ထိုနေရာမှ ဆက်မလုပ်ဝံ့ကြတော့ပေ။

လခိုင်ဖွန်းဟုခေါ်သော သစ်ပင်ကြီးနှင့်ပတ်သက်သည့် ထူးဆန်းသော အဖြစ်အပျက်များစွာတို့ ရှိပေသေးသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်တို့မှာ နန်းမွေချောင်းမှ ပရလောကသားတစ်ဦး လမ်းညွှန်ပေးလိုက်သောကြောင့် ထိုသစ်ပင်ကြီးရှိရာသို့ သွားရန်ပြင်နေကြသည်။

ထိုကိစ္စများကိုတော့ ဦးဗန်ကောင်းကပင် အကြောအရာ



www.burmeseclassic.com

www.burmeseclassic.com



ရာ စီစဉ်ဆောက်ရွက်လေသည်။

ညဥ့်ဦးပိုင်းအချိန် ရောက်သောအခါ လိုအပ်သော ပစ္စည်းများကို တစ်ပါတည်းယူဆောင်ပြီး လခိုင်မွန်းသစ်ပင်ကြီး ရှိရာသို့ သွားကြလေသည်။

သစ်ပင်ကြီးရှိရာသို့ ရောက်သောအခါ စည်းဝိုင်းများ တားခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ စားသောက်ဖွယ် ရာများ ပြင်ဆင်ခြင်း စသည်တို့ ပြုလုပ်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ် တို့ကို ပင့်ဖိတ်ခေါ်ယူလေသည်။

ခဏကြာတော့ ကျားဟိန်းသံကြားရသည်။

အခြေအနေစောင့်ကြည့်ကြသော်လည်း အသံကြားရ သည်မှလွဲပြီး အခြားဘာမှ မထူးခြားပေ။

ညဥ့်နက်ပိုင်းရောက်တော့ သစ်ပင်ပေါ်မှ မည်းမည်း သဏ္ဌာန်ကြီးဆင်းလာသည်။

အောက်ရောက်တော့ အရပ်ကရှည်လွန်းသဖြင့် အပေါ် ပိုင်းကိုပင် မမြင်ရပေ။

အတန်ကြာတော့မှ ကြည့်ရင်းနှင့် တဖြည်းဖြည်းသေး လာပြီး လူတစ်ယောက်အရွယ်အစားသို့ရောက်ကာ သူတို့ရှိရာ သို့လျှောက်လာကြသည်။

စည်းတားထားသည့်နေရာနှင့် မနီးမဝေးရောက်တော့ ရပ်လိုက်သည်။

မှောင်နေသောကြောင့် ကိုယ်လုံးကိုသာ မြင်ရပြီး မျက်





နှာတော့ မတွေ့ရပေ။

"ဘာကိစ္စလဲ"

"နန်းမွေချောင်းက အစောင့်ကလမ်းညွှန်လိုက်လို့လာ တာပါ"

"ဘာအကူအညီပေးရမလဲ"

"မင်းကဘယ်သူလဲ"

"ဒီသစ်ပင်မှာစောင့်နေရတဲ့ ဂမုန်းဘီလူးပါပဲ"

"ဂမုန်းဘီလူးမှန်ရင် မေးစရာရှိပါတယ်၊ မန်ဟင် ကျောင်းက ပျောက်သွားတဲ့ ပတ္တမြားကြီး ဘယ်မှာရှိပါသလဲ"

"ဒီနယ်အတွင်းမှာပဲ ရှိပါသေးတယ်"

"ဘယ်နေရာမှာ ရှိတယ်ဆိုတာ ပြောပြပေးပါ"

"တစ်ပွဲစားမှော်မှာရှိတယ်"

"တစ်ပွဲစားမှော်ဆိုတာကဘာလဲ"

"လူ့ဘဝက ကျွန်ခြားတွေ၊ ဝက်တွေသတ်ဖြတ်ခဲ့တဲ့နေရာ မှာ မှော်အောင်နေတဲ့လူတွေရှိတယ်၊ သူတို့တစ်ခုတွေက တခြား သူတွေထက် အကုသိုလ်ပိုများတော့ သေရင်လည်း မကျွတ်နိုင် ဘူး၊ ငရဲမသွားခင်စပ်ကြားမှာ သရဲသဘက်ဘဝနဲ့ နေကြရတယ်၊ အဲဒီသရဲသဘက်တွေက တခြားသူတွေထက် ပိုဆိုးတော့ တောပိုင်တောင်ပိုင်တွေက သူတို့ကို တခြားမှာနေခွင့်မပေးဘူး၊ တစ်နေရာထဲမှာပဲ စုပြီးထားတယ်၊ အဲဒီနေရာကို တစ်ပွဲစားမှော် လို့ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

မည်းမည်းသဏ္ဍာန်က အားလုံးနားလည်အောင် ပြောပြလေသည်။

"တစ်ပွဲစားမှော်က ဘယ်နေရာမှာရှိသလဲ"

"ဒီကနေ အနောက်ဘက်စူးစူးမှာရှိတယ်"

"ကျွန်ုပ်တို့သွားရင် ရနိုင်ပါသလား"

"အဲဒီနေရာက အန္တရာယ်များလှတဲ့နေရာတစ်ခုဖြစ်တယ်၊ သရဲသဘက်တွေအပြင် တခြားအန္တရာယ်တွေလည်း သင်တို့သွားရင် တွေ့ကြလိမ့်မယ်"

"ကျုပ်တို့က ဘာသာရေးအတွက် ကောင်းတာလုပ်တာပဲ အန္တရာယ်နဲ့တွေ့ရင်လည်း ရင်ဆိုင်ရမှာပဲ သင်အနေနဲ့ ကူညီနိုင်ရင်ကူညီပါ"

"ကျုပ်ကတော့ လိုက်ခွင့်မရှိဘူး၊ သင်တို့သွားမယ်ဆိုရင်တော့ သိဒ္ဓိရှိတဲ့ ဂမုန်းဘီလူးဥကို ယူသွားပါ၊ အန္တရာယ်ရှိရင် အသုံးချနိုင်ပါတယ်"

ထိုစကားကြောင့် များစွာအားရှိသွားကြလေသည်။

"အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဂမုန်းဘီလူးဥကို ဘယ်လိုယူရမလဲ"

"မနက်လင်းတော့ သစ်ပင်ကြီးအပေါ်ကို တက်လာခဲ့ပါ ပထမဆုံးတွေ့ရတဲ့ သစ်ခွဆုံရောက်ရင် အနောက်ဘက်ထွက်နေတဲ့ သစ်ကိုင်းပေါ်မှာရှိပါတယ်၊ အဲဒီအပင်က ဂမုန်းဥသုံးဥကို ယူဆောင်လာခဲ့ပါ ကျုပ်ကယူခွင့်ပေးပါတယ်"





"ကောင်းပါပြီ ကျုပ်တို့ကျွေးတဲ့ အစားအသောက်တွေကို စားသုံးနိုင်ပါပြီ"

ဟု ခွင့်ပေးသောအခါ ဂမုန်းဘီလူးက ယူငင် စားသောက်ပြီးနောက် သစ်ပင်ပေါ် ပြန်တက်သွားလေတော့သည်။

နောက်တစ်နေ့ မနက်ပိုင်းအချိန်ရောက်သောအခါ သစ်ပင်တက်ကျွမ်းကျင်သော စောထီးနှင့် ငမဲအောင်တို့က နွယ်ကြိုးများ၊ စို့များကိုအသုံးပြုကာ သစ်ပင်ကြီးအပေါ်သို့ တက်ရောက်ကြည့်ကြရာ ဂမုန်းဘီလူးပြောသွားသည့်အတိုင်း ဂမုန်းဥများကို တွေ့ရသဖြင့် ဥသုံးဥကိုယူ၍ ပြန်ဆင်းလာခဲ့ကြလေသည်။

ထိုဂမုန်းဥများမှာ ကြောက်စရာကောင်းသော ဘီလူးမျက်နှာများ ပေါ်နေကြသည်။

"ကဲ . . . အကြံအစည်တော့အောင်ပြီ၊ ခရီးထွက်ဖို့ပဲ လိုတော့တယ်၊ ဒါထက် ဒီနေရာတစ်ဝိုက်မှာ တစ်ပွဲစားမှော်ဆိုတဲ့ နာမည် ဦးထန်ဖုန်းရှိန် ကြားဖူးသလား၊ ကျုပ်လည်း ဒီဒေသမှာ နေလာတာအတော်ကြာပါပြီ သူပြောသွားတဲ့နေရာ ရှိတယ်ဆိုတာ အခုမှသိရတော့တယ်၊ ပြောပုံကြားရတာနဲ့တောင် အတော်ကလေး ကြောက်ဖို့ကောင်းနေလှပြီ"

"ဒီအတိုင်းသွားရင်တော့ ဟုတ်တာပေါ့လေ၊ အခုသူ ပေးလိုက်တဲ့ ဂမုန်းဥတွေပါလာမှတော့ ဒီလောက်ကြောက်စရာ မရှိတော့ပါဘူး၊ ဦးထန်ဖုန်းရှိန်ကသာ လမ်းပြကျွမ်းကျင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

သူတွေရယ်၊ သေနတ်နဲ့ကျည်ဆံတွေ ပြည့်စုံအောင် စီစဉ်ပေးစေချင်တယ်"

"ဒီအတွက်တော့ ဘာမှစိတ်မပူနဲ့ဆရာရေ၊ ကျုပ်တို့ရွာနဲ့ပတ်သက်တဲ့ ကိစ္စကိုတောင် ဆောင်ရွက်ပေးမှတော့ လိုတာမှန်သမျှလုပ်ပေးရမှာပေါ့"

ဟု ပြောဆိုကာ ရွာဘက်သို့ပြန်လာကြ လေတော့သည်။







# အခန်း (၁၁)

# အမှောင်ထဲမှ အန္တရာယ်ကွန်ရက်များ

ဒေါက်တာမင်းထင်ကျော်တို့ ယခုတစ်ခေါက်ခရီး ထွက်လာသောရည်ရွယ်ချက်မှာ သစ်ခွနက်ရှာဖွေရန် ထွက်လာကြခြင်းဖြစ်သော်လည်း မန်ဟာင်ရွာရောက်ပြီး ဦးထန်ဖုန်းရှိန်တို့နှင့်တွေ့တော့မှ ရည်ရွယ်ချက်ပြောင်းပြီး နောက်ထပ်အလုပ်တစ်ခုပေါ်လာခြင်းဖြစ်သည်။

ယခုတော့ သစ်ခွနက်သာမကပဲ မန်ဟာင်ဘုန်းတော်ကြီး


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ ပျောက်သွားသော ပတ္တမြားကြီးကိုပါ ရှာဖွေပေးရန် တာဝန်ယူလာခဲ့ကြသည်။

ဦးထန်ဖုန်းရှိန်ကတော့ ထိုခရီးစဉ်ကို မလိုက်တော့ပဲ လမ်းပြကျွမ်းကျင်သူနှစ်ယောက်နှင့် သေနတ်၊ ကျည်ဆံနှင့် လိုအပ်သောပစ္စည်းများကို စုဆောင်းပေးလိုက်သည်။

ထို့ကြောင့် သူတို့အဖွဲ့မှာ ခုနစ်ယောက်ဖြစ်သွားတော့သည်။ ခရီးစထွက်သောအခါ အထိကရသစ်ပင်ကြီးမှ အနောက်ဘက်စူးစူးသို့ ဦးတည်ပြီး သွားကြလေသည်။

ထိုနေရာတစ်ကြောမှာတော့ လူသူအရောက်အပေါက်မရှိလှသော တောနက်ကြီးများအတွင်းမှ ဖြတ်သွားကြရလေသည်။ လမ်းမှာခရီးတစ်ထောက်နားကြစဉ် ကျွန်ုပ်က သိချင်သောအချက်ကို မေးလိုက်သည်။

"ဟိုညက ဂမုန်းဘီလူးပြောလိုက်တဲ့အထဲမှာ သရဲသဘက်တွေရှိတဲ့အပြင် တခြားအန္တရာယ်တွေလည်း ရှိတယ်လို့ ပြောသံကြားတယ်၊ ဘယ်လိုအန္တရာယ်မျိုးတွေများ ဖြစ်နိုင်မလဲ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြောပြသည်။

"ပရလောကသားတွေအပြင် တခြားရှိနိုင်တာကတော့ လူရိုင်းတွေဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ဘိန်းကုန်ကူးနေတဲ့အဖွဲ့တွေ ဖြစ်မှာပါပဲ"

"ဒီလိုဆိုတော့လဲ သတိထားပြီးသွားကြရမှာပေါ့၊ မကောင်းဆိုးဝါးတွေနဲ့တွေ့ရင် ဂမုန်းဘီလူးနဲ့ရှင်းမယ်၊ သောင်း





ကျန်းသူတွေနဲ့တွေ့ရင်တော့ သေနတ်နဲ့ရှင်းရရုံအပြင် ဘာမှမရှိဘူး"

ဦးဇန်ကောင်းစကားကြောင့် သဘောကျစွာရယ်လိုက်ကြသည်။ ၎င်းမှာ ဂမုန်းဘီလူးဥရလာသောကြောင့် များစွာအားရှိနေဟန်လည်းရှိသည်။

သူတို့နှင့်အတူ လိုက်လာသောလမ်းပြနှစ်ဦးမှာ လူရွယ်များဖြစ်ကြပြီး ဖျတ်လတ်သူများဖြစ်သည်။

တစ်ယောက်က မာလု၊ တစ်ယောက်က စိုင်းပိဖြစ်သည်။

နှစ်ယောက်စလုံး တိုင်းရင်းသားများဖြစ်သည်။

"မင်းတို့ရော အဲဒီဘက်ကို ရောက်ဖူးကြသလား"

"တစ်ခေါက်တော့ လမ်းပြလိုက်သွားဖူးတယ်၊ ခရီးလမ်းကတော့အတော်ကြမ်းတယ်၊ အဲဒီနေရာဘက်မှာ မြို့ပျက်တစ်ခုရှိတယ်လို့တော့ ကြားဖူးတယ်"

စိုင်းပိကပြောသည်။

"မင်းတို့ ရောက်ဖူးသလား"

"ကျွန်တော်တို့တော့ မရောက်ခဲ့ဘူး၊ နောက်ပြီး လူတွေကိုယဇ်ပူဇော်ပြီးသတ်စားတဲ့ လူရိုင်းတွေလည်း ရှိတယ်လို့ကြားတယ်၊ သူတို့က တောင်ကြားတွေထဲမှာ ပုန်းနေတော့ မတွေ့ရဘူး"

"ဂမုန်းဘီလူးပြောတဲ့ တခြားအန္တရာယ်တွေဆိုတာဒါတွေပဲဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက မှတ်ချက်ချလိုက်သည်။

ခေတ္တနား၍ စားသောက်ပြီးသောအခါ ခရီးဆက်ကြပြန်လေသည်။

စိုင်းပိပြောသည့်အတိုင်း တောနက်များ၊ တောင်မြင့်ကြီးများနှင့် ကြောက်စရာကောင်းသော ချောက်ကမ်းပါးကြီးများမှ သွားကြရသည်။

အချို့တောင်ပတ်လမ်းများမှ အန္တရာယ်များလှသည်။ ဘေးတစ်ဖက်တွင် မြင့်မားသော ကျောက်တောင်နံရံကြီးများရှိပြီး အခြားတစ်ဖက်မှာတော့ နက်ရှိုင်းလှသော ချောက်ကြီးများရှိသည်။

ကျောက်တောင်နံရံကြီးများမှာ မြင့်မားလွန်းသောကြောင့် အပေါ်သို့မမြင်ရပေ။ ချောက်ကြီးများမှာလည်း နက်ရှိုင်းလွန်းသောကြောင့် အောက်သို့မမြင်ရပေ။ အချို့နေရာများတွင် တောင်နံယံ၌ ကပ်ပေါက်နေကြသော သစ်ပင်မြင့်ကြီးများမှာ သူတို့အောက်ဘက်၌ပင် ရှိနေကြသည်။

တောနက်ကြီးများအတွင်းမှ ဖြတ်သွားသည့်အခါ တောကောင်ကြီးများနှင့် တွေ့ရသော်လည်း အန္တရာယ်ပြုခြင်းတော့ မရှိကြပေ။

အချို့နေရာများတွင် သစ်ပင်ကြီးများပေါ်မှာ ပေါက်နေကြသည့် သစ်ခွပန်းမျိုးစုံတို့ကို တွေ့မြင်ရသည်။

အချို့လည်း သစ်ပင်ပေါ်မှာ၊ အချို့လည်း ကျောက်တုံး





ကျောက်ဆောင်များပေါ်မှာ၊ အချို့ကြတော့လည်း မြေပေါ်မှာပင် ပေါက်နေကြသည်။

အချို့ပန်းမျိုးများမှာ သူတို့အနေနှင့် မမြင်ဖူးမတွေ့ဖူးသော ပန်းမျိုးများပင် တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရှားပါးသောပန်းမျိုးများရှာဖွေရန်အတွက် ခရီးထွက်လာသူဖြစ်သဖြင့် ထိုကဲ့သို့တွေ့မြင်ရသောအခါ ယခုပင် ယူသွားချင်စိတ်များ ဖြစ်ပေါ်လာမိသည်။

သို့သော်လည်း ပတ္တမြားကိစ္စက မည်ရွေ့မည်မျှကြာဦးမည်မသိသေးသဖြင့် စိတ်ကိုလျှော့ထားရလေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ တောင်ကုန်းထိပ်ပေါ်သို့ ရောက်သွားတော့သည်။

အနောက်ဘက်မှာတော့ နေဝင်ချိန်တိမ်တောက်သော အရောင်များထွက်နေသည်။ ဝင်ခါနီးနေရောင်ခြည်က အနောက်ဘက်သစ်တောများအပေါ်သို့ ထိုးကျနေသည်။

ထိုအခြေအနေမြင်တော့ ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို သတိရသွားသဖြင့် ငမဲအောင်ကို သစ်ပင်မြင့်တစ်ပင်ပေါ်သို့တက်စေပြီး အနောက်ဘက်သို့ အခြေအနေကြည့်ခိုင်းသည်။

ငမဲအောင်က မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်တက်ကျွမ်းကျင်သူဖြစ်သဖြင့် သစ်ပင်ပေါ်သို့ လျှင်မြန်စွာတက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ထိပ်ဖျားသို့ ရောက်သောအခါ နေရောင်ခြည်များဖြာကျနေသော အနောက်ဘက်သို့ ကြည့်သည်။

အနောက်ဘက်တွင် နေရောင်ခြည်များအပြင် နီရဲသောအလင်းရောင်များ ဖြာတက်နေသည်ကို လှမ်းမြင်ရသည်။

ပထမတော့ နေဝင်ချိန်တိမ်တောက်နေသည့်အလင်းရောင်များဖြစ်လေမလားဟု ထင်မိသည်။

သို့သော်လည်း အနီရောင်များက နေရောင်ခြည်နှင့်တော့မတူပဲ တစ်မူကွဲပြားနေသည်။

အတန်ကြာတော့ နေရောင်ခြည်များ ပျောက်သွားပြီး မရှေးမနှောင်းမှာပင် မြင်နေရသော အနီရောင်များလည်း ကွယ်ပျောက်သွားကြလေသည်။ ထိုအခါမှ ငမဲအောင်ကသစ်ပင်ပေါ်မှ ပြန်ဆင်းလာသည်။

"ဟိုး . . အနောက်ဘက်တောအုပ်တွေအပေါ်မှာ အနီရောင်အလင်းတန်းတွေ ဖြာတက်နေတာ လှမ်းမြင်ရတယ်."

"အဲဒီအနီရောင်တွေကို လမ်းမှာတုန်းက တစ်ခါမြင်ရသေးတယ်၊ ကျွန်တော်တို့ အဲဒီဘက်ကို ဦးတည်သွားကြရမှာပဲ၊ ဒီကနေ ဘယ်လောက်ဝေးသလဲ ငမဲအောင်"

"ဒီတောင်ပေါ်ကဆင်းပြီး တောအုပ်တစ်ခုကို ဖြတ်သွားရမည်၊ တောအုပ်ကျော်တာနဲ့ တောင်မြင့်မြင့်တစ်လုံးကိုကျော်တာနဲ့ ရောက်နိုင်တယ်"

"ဒီလိုဆိုရင် မနက်ဖြန်တစ်နေ့လောက်ခရီးသွားလိုက်





ရင်တော့ အဲဒီနေရာကို ရောက်နိုင်တယ်၊ ဒီညတော့ ဒီတောင်ပေါ်မှာပဲ သင့်တော်မယ့်နေရာမှာ စခန်းချပြီးနားကြတာပေါ့"

ဟုပြောဆိုပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်သောအခါ ဂူပေါက်ဝတော့ မရှိပေ။

ထို့ကြောင့် ကျဉ်းမြောင်းသော တောင်ကြားနှစ်ခုကို ယာယီအမိုးပြုလုပ်ကာ စခန်းချကြသည်။

ဦးစွာ အအေးဒဏ်ခံနိုင်ဖို့ မီးဖိုတစ်ဖို အရင်ဖိုသည်။ မီးရတော့မှ ရေရှာပြီး ရေနွေးကျိုခြင်း၊ အစားအသောက်ချက်ပြုတ်ခြင်းများ ပြုလုပ်ကြသည်။

ထိုတာဝန်ကိုတော့ စောထီး၊ ငမဲအောင်နှင့် လမ်းပြလူရွယ်နှစ်ယောက်တို့က ဒိုင်ခံလုပ်ကြသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ အစားအသောက်များစားသောက်ပြီး တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ကာ ကျန်လူများကအိပ်ကြသည်။

ညဉ့်ဦးပိုင်းတစ်ချိန်လုံး လူငယ်များကစောင့်ကြပြီး ညဉ့်နက်ပိုင်းရောက်တော့ ဒေါက်တာမင်းထင်ကျော်က တစ်လှည့်စောင့်လေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လာလေလေ နှင်းများကပိုကျလာပြီး အအေးဓာတ်ကပိုလာသည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကိုဖွာ ၊င်း သေနတ်တစ်လက်ကို နံဘေးနားမှာ အဆင်သင့်ချထား



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအခိုက်မှာပင် မိမိတို့ စခန်းချသောနေရာသို့ တဖြည်းဖြည်းနှင့် တိုးကပ်လာသော ခြေသံလိုလိုကြားရသဖြင့် သေနတ်ကိုကောက်ယူလိုက်သည်။

သူရှိနေသော နေရာမှာ ဘေးတစ်ဖက်တစ်ချက်က ကျောက်နံရံကြီးရှိနေပြီး အဝင်တစ်ပေါက်သာ ရှိသည်။ ခြေသံကြားရသောအခါ အပေါက်ဝမှာရှိသော ကျောက်တုံးနံဘေးသို့ နေရာရွှေ့သည်။

နှင်းများက ပိတ်နေသောကြောင့် ဝေးဝေးတော့မမြင်ရပေ။ မနီးမဝေးမှာရှိသော သစ်ပင်များကိုပင် ဝိုးတဝါးမြင်ရလေသည်။

အသံကြားရာဘက်သို့ စူးစူးစိုက်စိုက်ကြည့်သောအခါ သစ်ပင်များကြားမှာရပ်နေသော သဏ္ဍာန်ကိုတွေ့ရသည်။

နှင်းများပိတ်နေသဖြင့် မသဲကွဲသော်လည်း လူတစ်ယောက်ဖြစ်သည်ကတော့ သေချာသည်။

ဒီလိုအချိန် ဒီလိုရာသီဥတုမျိုးမှာ တောထဲ၌လျှောက်သွားနေသူမှာ သာမန်မဟုတ်မှန်းတော့ သိလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကြည့်နေစဉ်မှာ နောက်ထပ်ခြေသံများ ကြားလာရသည်။ သေချာပေပြီ။

မိမိတို့ စခန်းချနေသော နေရာသို့ ရန်သူများ ရောက်လာကြပေပြီ။





ထို့ကြောင့် သေနတ်ကို အဆင်သင့်ပြင်ထားပြီး မိမိအဖော်များကို နှိုးလိုက်သည်။ ကျန်လူများက ချက်ချင်းထလာကြပြီး လက်နက်များကို ကောက်ယူလိုက်ကြသည်။

"ဘာလဲဆရာ"

"ကျွန်တော်တို့ စခန်းနားကို ကပ်လာတဲ့ခြေသံတွေကြားရတယ်၊ နှင်းတောထဲမှာလူတစ်ယောက်ရပ်နေတာလဲ တွေ့လိုက်ရတယ်"

ဒေါက်တာမင်းထင်ကျော်က စောစောကလူရပ်နေသောနေရာသို့ လှမ်းကြည့်သောအခါ မတွေ့ရတော့ပေ။ အတန်ကြာအောင် အခြေအနေစောင့်ကြည့်ကြသော်လည်း နောက်ထပ် မထူးခြားတော့ပေ။

"ဒီအချိန်မျိုးမှာ တောထဲလျှောက်သွားနေပုံထောက်တော့ သာမန်လူတွေမဖြစ်နိုင်ဘူး၊ သာမန်လူတွေဆိုရင် မီးရောင်မြင်တာနဲ့ ဝင်လာမှာပဲ"

"မဟုတ်မှလွဲရော ဒီတောင်တန်းပေါ်မှာရှိတဲ့ လူသားစားတဲ့ လူရိုင်းတွေများ ဖြစ်မလားပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒီလိုနေရာမျိုးတွေမှာတော့ အန္တရာယ်တွေက အချိန်မရွေးရောက်လာနိုင်တာပဲ သတိတော့ထားကြရမယ်"

ထိုသို့ပြောပြီး အားလုံးပြန်မအိပ်ကြတော့ပဲ လက်ဖက်ရည်ကြမ်းခါးခါးသောက်ရင်း မီးလှုံနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့စခန်းချနေသောနေရာမှာ ကျောက်နံရံနှစ်ခုကြား...သည်။ မှဖြစ်ပြီး အပေါ်မှသစ်ကိုင်းသစ်ခက်များ မိုးတင်ထားသော... ကြောင့် ထိုနေရာမှ နှင်းရည်များ တစ်ပေါက်ပေါက်ကျနေသည်။

သန်းခေါင်ယံအချိန်ကျော်လာပြီ ဖြစ်သောကြောင့် မကြာမီ အရုဏ်တက်လာတော့မည်။

ပတ်ဝန်းကျင်မှာ အလင်းရောင်ရလာလျှင်တော့ ဒီ... လောက်စိုးရိမ်စရာ မလိုတော့ပေ။

ထိုကဲ့သို့ လက်ဖက်ရည်ကြမ်း သောက်ရင်းစကားပြော... နေကြစဉ် နောက်ထပ်ခြေသံများကို ထပ်ကြားရပြန်သဖြင့် သေနတ်များကို အဆင်သင့်ပြင်လိုက်ကြသည်။

ထိုအခိုက်မှာပင် လူမမြင်ရပဲ အမှောင်ထဲမှ အသံကြား... ရသည်။

"မင်းတို့ကို သေနတ်တွေနဲ့ ချိန်ထားတယ်၊ မင်းတို့လက်... ထဲကသေနတ်တွေကို အောက်ကိုချထားလိုက်ပါ၊ ပြောတဲ့အ... တိုင်းမလုပ်ရင် လက်ပစ်ဗုံးပစ်ထည့်လိုက်မယ်"

ထိုအသံကြားရသဖြင့် မတတ်သာတော့ပဲ သေနတ်များ... ကိုအောက်သို့ ချထားလိုက်သည်။

"မင်းတို့လက်တွေကို အပေါ်မြှောက်ထားပါ"

ဟု ထပ်ပြောသဖြင့် ပြောသည့်အတိုင်း မြှောက်ထား... လိုက်ရသည်။

ခဏကြာတော့ နှင်းများကြားမှ လူငါးယောက်ထွက်လာ...





ငါးယောက်စလုံး သေနတ်များပါလာကြပြီး သူတို့ကို ချိန်ထားလေသည်။ ပုံပန်းသဏ္ဌာန်ကြည့်ရုံဖြင့် ဘိန်းကုန်ကူးနေသော တရုတ်ဖြူများဖြစ်မည်ကို သိနိုင်ပေသည်။

"မင်းတို့ ဘယ်သူတွေလဲ ဒီနေရာကို ဘာလာလုပ်တာလဲ"

"သစ်ခွပန်းရှာတဲ့အဖွဲ့တွေပါ"

ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်၊ မင်းတို့မှာပါလာတဲ့ သေနတ်တွေနဲ့ ငါတို့အတွက်အသုံးဝင်မယ့် ပစ္စည်းတွေတော့ ငါတို့ယူသွားရလိမ့်မယ်"

နှင်းတောထဲမှာ ဓားပြတိုက်နေမှန်း သဘောပေါက်လိုက်မိသည်။

ဒီလိုနေရာမျိုးမှာတော့ လက်နက်အားကိုးဖြင့် လျှင်သူက စားနေကြရာ ထိုအဖြစ်မျိုးကတော့ အဆန်းမဟုတ်တော့ပေ။ တရုတ်ဖြူ ငါးယောက်က သေနတ်များဖြင့်ချိန်ပြီး ဂူပေါက်ဝသို့ လျှောက်လာကြသည်။

ဂူပေါက်ဝရောက်တော့မှ ရုတ်တရက် ရပ်တန့်သွားကြသည်။ ဘာကြောင့်ရပ်သွားရကြသည်တော့ မသိရပေ၊ ဇဝေဇဝါနှင့် ကြည့်နေကြစဉ်မှာ တရုတ်ဖြူငါးယောက်စလုံး မျက်လုံးကြီး...းပြူးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်မှာ မချိမဆံ့ဝေဒနာခံစားနေရသော အရေ အရာပေါ်လာသည်။

ပြီးနောက် တစ်ယောက်ပြီးတစ်ယောက် မြေပေါ်သို့ မှောက်လျက်လဲကျသွားတော့သည်။

လက်ထဲမှာ ကိုင်ထားသော သေနတ်များပင် ကျည်ဆံ တစ်ချက်မှ မထွက်လိုက်ရပေ။

ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုအခြေအနေမြင် သောအခါ သူတို့သေနတ်များကို ပြန်ကောက်ယူလိုက်ကြသည်။

အပြင်ဘက်သို့ လှမ်းကြည့်တော့လည်း ဘာမှမမြင်ရ ပေ။

စောစောကနှင်းတောထဲမှ ခြေသံများကြားရပြီး လူရိပ် တွေ့လိုက်ရသည်မှာ ထိုတရုတ်ဖြူများပင် ဖြစ်လေသလား။ ဒါမှ မဟုတ် သူတို့အပြင် အခြားရန်သူတွေများ ရှိနေကြသေးလား။

တရုတ်ဖြူတွေ ဘယ်လိုအန္တရာယ်နှင့် တွေ့ကြတာလဲ၊ သူတို့ကိုဘယ်သူတွေက သတ်လိုက်တာလဲ။

အတန်ကြာအောင် အခြေအနေစောင့်ကြည့်ကြသော် လည်း အခြေအနေမထူးပေ။ သို့သော်လည်း လဲနေသော လူငါး ယောက်ကဲ့သို့ ကြမ္မာဆိုးနှင့်တိုးမည်စိုးသောကြောင့် အပြင်သို့ ချက်ချင်းမထွက်ဝံ့ကြပေ။

အပေါက်ဝမှာလဲကျနေသော တရုတ်ဖြူငါးယောက်က တော့ မလှုပ်နိုင်ကြတော့ပေ။





နောက်ထပ်အချိန်အနည်းငယ် ကြာသောအခါ အရှက် ဦးအလင်းရောင်များ တက်လာသည်။ နှင်းများက ပါးသွားသည်။

အလင်းရောင်အချို့ကြောင့် တောထဲသို့ မသဲမကွဲလှမ်း မြင်ရလေသည်။ ပတ်ဝန်းကျင်မှာလည်း ကျေးငှက်ကလေးများ အော်သံမှလွဲပြီး အခြားဘာအသံမှ မကြားရပေ။

နောက်ထပ်အခြေအနေမထူးတော့မှ အားလုံးအပြင် ထွက်ကြည့်ကြသည်။

ထိုအခါမှ အဖြေသိရတော့သည်။

လဲကျနေသောတရုတ်ဖြူငါးယောက်စလုံး၏ ကျောပြင် မှာ မြားတံအတိုကလေးများ အသီးသီးစိုက်ဝင်နေကြလေသည်။

မြားတံကလေးများနောက်မြီးတွင် ငှက်မွေးတပ်ထား သည်။ လေးဖြင့်ပစ်သောမြားတံလောက် အရွယ်အစားမကြီးဘဲ တစ်မိုက်ခန့်သာရှည်သည်။

ထိုမြားတံမျိုးမှာ မှုတ်ပြောင်းဖြင့်သာ အသုံးပြု၍ရ သော မြားတံမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က မြားတစ်ချောင်းကို နှုတ် ယူပြီး နမ်းကြည့်သည်။

“ထိသေအဆိပ်နဲ့ ပစ်တာပဲ၊ ဒါကြောင့် တစ်ချက်မှ မလှုပ်နိုင်ပဲသေတာပဲ”

“ဘယ်သူတွေပစ်တာလဲ”

“ဒီမြားတံမျိုးကတော့ တောထဲမှာနေတဲ့ လူရိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သုံးတာဆိုတော့ လူရိုင်းတွေပဲဖြစ်မှာပေါ့"

"ဒါဖြင့် စောစောပိုင်းက ဆရာတွေ့လိုက်တာ လူရိုင်းအုပ်စုတွေများဖြစ်မလား"

"ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ဝင်ကယ်ပေးလို့ တရုတ်ဖြူတွေရဲ့ အန္တရာယ်က လွတ်သွားတာတော့ သူတို့ကို ကျေးဇူးတင်ရမှာပဲ"

"တရုတ်ဖြူတွေက ဒီနယ်တစ်ကြောမှာ ဘိန်းကုန်ကူးရင်းနဲ့ လမ်းမှာတွေ့သမျှ အခွင့်အရေးရတာနဲ့ လုယက်၊ တိုက်ခိုက်နေကြတာ၊ ဒီလိုအဖြစ်မျိုးနဲ့တွေ့မှ ကောင်းတယ်"

"ကျွန်တော်တို့လည်း အန္တရာယ်ရှိတဲ့ ပတ်ဝန်းကျင်ထဲကို ရောက်နေကြပြီဆိုတော့ အစစအရာရာသတိနဲ့ သွားလာကြမှဖြစ်မယ်"

ဟုပြောဆိုကာ တရုတ်ဖြူများထံမှ သေနတ်များကိုယူပြီး တစ်နေရာမှာ ဝှက်ထားလိုက်ပြီး ထိုနေရာမှ ထွက်ခဲ့ကြလေတော့သည်။

ထိုကား သူတို့ကြုံတွေ့ရမည့် အန္တရာယ်များမှ ပထမဆုံး အန္တရာယ်ပင် ဖြစ်ပေတော့သည်။







# အခန်း (၁၂)

# တစ်ပွဲစားမှော် အကျဉ်းသား

ထိုနေ့က တစ်နေ့လုံး အနှောင့်အယှက်ကင်းစွာဖြင့် ခရီးသွားကြရသဖြင့် အတော်ကလေး ခရီးတွင်သည်ဟု ဆိုရပေမည်။ လမ်းပြခေါ်လာသော စိုင်းပိုနှင့် မာလုတို့နှစ်ယောက်၏ ခရီးလမ်းကျွမ်းကျင်မှုကြောင့်လည်း အချို့နေရာများမှာ ဖြတ်လမ်းမှ သွားကြသဖြင့်လည်း အတော်ကလေး ခရီးပေါက်ခဲ့ကြခြင်းဖြစ်သည်။

ညနေပိုင်းအချိန်ရောက်တော့ နောက်ဘက်မှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားကြသည်။

ထိုတောင်ကြောမှာ အဝေးမှလှမ်းကြည့်စဉ်က အနီရောင်များ ဖြာတက်နေသော တောင်တန်းဖြစ်သည်။

တောင်ကြောကတော့ သိပ်မမြင့်လှပေ။ သို့သော်လည်း တစ်ဖက်မှာတော့ ချိုင့်ဝှမ်းကြီးများရှိသည်။ မြင့်မားသော ကျောက်ဆောင်နံရံကြီးများ လေးဘက်လေးတန်ရှိပြီး အတွင်းမှာ တွင်းနက်ကြီးကဲ့သို့ ဖြစ်နေသည်။

"အဝေးကကြည့်တုန်းက အနီရောင်တွေဖြာတက်နေတာ ဒီနေရာတစ်ဝိုက်ပဲမဟုတ်လား"

"ဟုတ်မယ်ထင်တာပဲ သေချာအောင် နေဝင်ချိန်အထိ စောင့်ပြီး အခြေအနေကြည့်ကြရင် ကောင်းမယ်"

"ပိုပြီးသေချာအောင် ဂမုန်းဘီလူးကိုမေးကြည့်ရင် ပိုမကောင်းဘူးလား"

"သူက ဒီနေရာအထိ မလိုက်ဘူးလို့ ပြောလိုက်တယ်မဟုတ်လား"

"ဒါပေမယ့် သိဒ္ဓိရှိတဲ့ ဂမုန်းတွေမှာ အစောင့်အရှောက်တော့ရှိရမှာပေါ့၊ ညအချိန်ရောက်မှ မေးကြည့်ရင် မမှားနိုင်ပါဘူး"

"ဂမုန်းဘီလူးပြောလိုက်တုန်းက ပတ္တမြားက အခြားနေရာ ပါမသွားသေးဘူး၊ ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာပဲ ရှိနေသေးတယ်ဆိုတော့ ကျုပ်တို့နဲ့ထိုက်ရင်တော့ ပြန်ရမှာသေချာပါတယ်"





ဟုအချင်းချင်းပြောဆိုပြီး နေဝင်ချိန်တွင် နေရောင်ခြည်မြင်နိုင်သောနေရာဘက်မှ စခန်းချကာ နားကြလေသည်။

ထိုနေ့တစ်နေ့လုံးမှာ နေရောင်ခြည်ကို လုံးလုံး မမြင်ရသေးပေ။ ကောင်းကင်မှာ မြူများအုံ့ဆိုင်းနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းလျက်ရှိသည်။

"နေရောင်ခြည်ကျတာ မြင်ချင်တော့မှ နေရောင်ခြည်ကို မတွေ့ရသေးဘူး"

ကျွန်ုပ်က မကျေမနပ်ဖြင့် ရေရွတ်လိုက်ရာ ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးပြီးပြောသည်။

"ဆရာကလည်း စာရေးဆရာလုပ်ပြီး တယ်လည်း စိတ်မရှည်တတ်တာကိုး၊ လောကမှာ အန်တုလို့မရတဲ့အထဲမှာ သဘာဝလည်းပါတယ်၊ နေပူတာပဲဖြစ်ဖြစ်၊ မိုးရွာတာပဲဖြစ်ဖြစ်၊ လေတိုက်နေတာပဲဖြစ်ဖြစ် စိတ်မရှည်လို့ ထွက်ပြီးရင်ဆိုင်ရင် ရင်ဆိုင်တဲ့သူပဲ ပင်ပန်းမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အန်တုလို့မရတာ နောက်နှစ်မျိုးကျန်ပါသေးတယ်"

"ဘာတွေများပါလိမ့်"

"ချစ်ခြင်းမေတ္တာနဲ့ သေခြင်းတရားလေ အဲ့ဒါနှစ်ခုကိုလည်း လွန်ဆန်လို့မရဘူး"

"မှန်တာပေါ့ဆရာရယ်"

ဟုပြောဆိုကာ ရယ်မောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှာ နားရင်း ပါလာသော အစားအသောက်များကို စားသောက်နေကြစဉ် အချိန်ကလည်း ညနေပိုင်းဘက်သို့ ရောက်လာသည်။

ထိုအချိန်ရောက်တော့မှ သဘာဝက ပြောင်းလဲလာသည်။ ပတ်ဝန်းကျင်မှာ ကြည်ကြည်လင်လင် ဖြစ်လာသည်။ တိမ်တိုက်များကြားမှ နေရောင်ခြည်အချို့ လင်းလက်လာသည်။

"ကျုပ်တို့အတွက် နတ်တွေက အကူအညီပေးနေတဲ့သဘောပဲ"

ဟုပြောဆိုနေကြစဉ် ညနေစောင်းအချိန်တွင် တိမ်တိုက်များကြားမှ နေရောင်ခြည် အလင်းတန်းတစ်ခုက ဖြာဆင်းကျလာသည်။

ကောင်းကင်မှ မီးဆလိုက်ဖြင့် ထိုးချလိုက်သကဲ့သို့ ရှိလေသည်။ နေရောင်ခြည်များက တောင်ကြားအတွင်းမှာရှိသော လှိုဏ်ကြီးအတွင်းသို့ ထိုးကျသွားရာ မရှေးမနှောင်းမှာ တွင်းထဲမှ အနီရောင်အလင်းတန်းများ အပေါ်သို့ ဖြာတက်လာလေတော့သည်။

"ဟောဟိုမှာ အနီရောင်အလင်းတန်းတွေ ကျုပ်တို့ လှမ်းမြင်ရတာ ဒီအလင်းရောင်တွေပဲဖြစ်မယ်"

ဦးပန်ကောင်းက ဝမ်းသာအားရပြောသည်။

"ဖြစ်နိုင်ဖို့များပါတယ် ကျွန်တော်အထင်ပြောရရင်တော့ ဒီအလင်းရောင်တွေဟာ ပတ္တမြားကြီးရှိတဲ့နေရာက ဖြာ





ထွက်လာတဲ့အလင်းရောင်တွေပဲ ဖြစ်ရမယ်"

"ဒီလိုဆိုရင်တော့ စောစောကပြောတဲ့အတိုင်း နတ်ဒေဝါတွေက လမ်းညွှန်ပြပေးတာပဲဖြစ်မှာပဲ ဟန်ကျတာပဲ"

"ဒါကအရေးမကြီးဘူး၊ လှိုဏ်ကြီးက အတော်နက်တယ် အောက်ရောက်အောင် ဘယ်လိုဆင်းကြမလဲ"

"ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ အောက်ဘက်ကို ဆင်းနိုင်တဲ့ နေရာလေးဘာလေးများ ရှိမလား အခြေအနေလိုက်ကြည့်ကြရအောင်"

ဟုပြောပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်သော်လည်း မတွေ့ရပေ။

ချောက်ကမ်းပါးကြီးများမှာ မတ်စောက်လှပြီး တွယ်ကပ်စရာနေရာများမရှိပေ။

ထိုနေရာတစ်ဝိုက်မှာတော့ မြင့်မားသောသစ်ပင်ကြီးများနှင့် ကျောက်နံရံများသာရှိသည်။ ထိုနေရာတစ်ဝိုက်မှာလည်း အောက်သို့ဆင်းစရာလမ်း မရှိပေ။

"အင်း . . ချောက်ထဲဆင်းဖို့ကတော့ တစ်နည်းပဲရှိတော့မယ်"

"ဘယ်လိုနည်းလဲ"

"လေထီးနဲ့ခုန်ဆင်းမှပဲရမယ်"

"လေထီးနဲ့ဆင်းရင်တောင်မှ လေထီးမပွင့်ရင်ဒုက္ခများဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ဒီလောက်နက်တဲ့ချောက်ထဲမှာ လူတွေ့ရှိနေနိုင်ပါ့မလား"

"ဒါကတော့ ဆင်းကြည့်မှပဲ သိရတော့မှာပဲ"

ထိုသို့ပြောဆိုနေကြစဉ် ဒေါက်တာမင်းထင်ကျော်က အသင့်ပါလာသော မှန်ပြောင်းဖြင့် ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။

ထို့နောက်မှာတော့ ချောက်ကမ်းပါးစွန်းတစ်နေရာမှ အောက်သို့ငုံ့ကြည့်သည်။

ချောက်မှာအတော်နက်သောကြောင့် အောက်ခြေသို့ သဲကွဲစွာ မမြင်ရပေ။ သို့သော် တစ်ခုတော့မြင်ရသည်။ ချောက်ကြီး၏ အလယ်နေရာလောက်တွင် ကျောက်တိုင်ငုတ်ကဲသို့ အရာဝတ္ထုတစ်ခုရှိနေပြီး အနီရောင်အလင်းများမှာ ထိုနေရာမှ ထွက်နေခြင်းဖြစ်သည်။ အဝေးမှစီးကြည့်ရသောကြောင့် ထိုအရာမှ မည်သည့်အရာမျိုးဖြစ်မည်ကိုတော့ မသိရပေ။

ပတ်ဝန်းကျင်မှာ အခြားထူးခြားတာ တွေ့လိုတွေ့ငြား ကြည့်သော်လည်း ဘာမှမမြင်ရတော့မှ နေရာမှထလာသည်။

"ဘာထူးခြားသလဲဆရာ"

"ချောက်ထဲမှာတော့ ကျောက်တိုင်ငုတ်ကြီးတစ်ခု ရှိတယ်၊ အနီရောင်အလင်းတွေက အဲ့ဒီနေရာက လာတာပဲ"

"အောက်ကိုဆင်းကြည့်နိုင်ရင်တော့ အဖြေသိရမှာပဲ ဒါပေမယ့် ဘယ်လိုဆင်းကြမလဲ"





"နည်းလမ်းတော့ရှိမှာပါ အခုတော့ အချိန်မရှိတော့ဘူး၊ ဒီညနေတော့ သင့်တော်တဲ့နေရာမှာ နားပြီး နောက်တစ်နေ့ မနက်လင်းတော့မှာပဲ အခြေအနေကြည့်လုပ်ကြရင် ပိုကောင်းမယ်"

ဟုတိုင်ပင်ပြီး သင့်တော်သောနေရာတစ်ခုမှာ ရွေးချယ်ပြီး စခန်းချကြလေသည်။

ထိုတောင်ကြောပေါ်မှာ လေကွယ်မိုးကွယ်သော ဂူပေါက်ဝမရှိသောကြောင့် တောင်နံရံတစ်ခုနံဘေးမှာပင် သင့်တော်သလို နေကြရသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ချောက်အတွင်းမှ ဆူဆူညံညံအသံများ ကြားရသောကြောင့် ထကြည့်ကြသည်။ ကမ်းပါးစွန်းမှ ငုံ့ကြည့်သောအခါ အောက်တွင် မီးရောင်များ မြင်ရသည်။ လူသံများကြားရသည်။

"အောက်မှာလူတွေရှိတယ် လူရိုင်းတွေဖြစ်နိုင်တယ် သူတို့တစ်တွေ အတက်အဆင်းပြုတဲ့နေရာတော့ ရှိနိုင်တယ်"

သူတို့တစ်ဖွဲ့လုံး ချောက်ကမ်းပါးစွန်းမှ အောက်သို့ စိတ်ဝင်စားစွာဖြင့် ငုံ့ကြည့်နေကြစဉ် နောက်ဘက်မှ ရောက်လာသော ရန်သူများကိုတော့ သတိမပြုမိကြတော့ပေ။ သူတို့အနောက်တွင် အသားမည်း လူရိုင်းနှစ်ဆယ်ခန့် ရောက်နေကြပြီး ဓား၊ လှံ၊ လေးများနှင့် အဆိပ်လူး မှုတ်ပြောင်းများ ကိုင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်းတို့သည် ဒေါက်တာမင်းထင်ကျော်တို့ကို လက်နက်များဖြင့် ချိန်ထားသော်လည်း ပစ်ခတ်ခြင်းတော့ မပြုကြပေ။

လူရိုင်းများကို ဦးဆောင်လာသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး ကြောက်စရာကောင်းသော မျက်နှာဖုံးစွပ်တစ်ခု တပ်ထားသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ရှေ့သို့သဲကြီးမဲကြီး ငုံ့ကြည့်နေရာမှ တစ်စုံတစ်ခုကို သတိပြုမိလိုက်သဖြင့် နောက်သို့လှည့်ကြည့်လိုက်တော့မှာ ရန်သူများ ဝိုင်းထားသည်ကို တွေ့ရတော့သည်။

ဘာမှမတတ်သာတော့ပေ။

လက်နက်များက စခန်းချသောနေရာ၌ ကျန်နေခဲ့သောကြောင့်ဖြစ်သည်။

နည်းနည်းလှုပ်လိုက်သည်နှင့် ကိုယ်ပေါ်သို့ အဆိပ်လူးမြားတံများ အစုလိုက်အပြုံလိုက် ဝင်ရောက်လာမည်ကို ရိပ်မိသဖြင့် အသာငြိမ်နေကြသည်။

ခေါင်းဆောင်အမျိုးသမီးက အမိန့်ပေးလိုက်သောအခါ လူရိုင်းများက အနားကပ်လာပြီး ခုနစ်ယောက်စလုံးကို ကြိုးဖြင့်တုပ်လိုက်သည်။

"အခုမှပဲ သူတို့နေရာခေါ်သွားတော့မယ် ထင်ပါရဲ့"

"ခေါ်သွားတော့လည်း ကျွန်တော်တို့ သွားချင်တဲ့နေရာရောက်တာပေါ့၊ ဒါမှလည်း လျှို့ဝှက်တဲ့လမ်း သိရမှာပဲ"





"ကြည့်ရတာ လူသားစားလူရိုင်းတွေများ ဖြစ်မလား၊ ဟိုရောက်တော့မှ တစ်ယောက်စီသတ်စားရင်တော့ အခက်ပဲ"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ ကောင်းတာလုပ်ဖို့လာတာပဲ၊ ကယ်တဲ့သူတော့ တွေ့မှာပါ"

"ဒါထက် ဂမုန်းဘီလူး ပြောလိုက်တဲ့ တစ်ပွဲစားမှော်ဆိုတာ ဘယ်နေရာမှာလည်း မသိဘူး"

"နောက်တော့သိရမှာပေါ့၊ ပတ္တမြားကြီးရှိတဲ့နေရာဟာ တစ်ပွဲစားမှော်နေရာလို့ပဲ သတ်မှတ်ရတော့မှာပဲ"

ကြိုးဖြင့်အတုပ်ခံကြသည့်ကြားမှပင် တစ်ယောက်နှင့်တစ်ယောက် ပြောဆိုနေကြခြင်းဖြစ်သည်။

လူရိုင်းအချို့က သူတို့သေနတ်များနှင့် အခြားပစ္စည်းထုပ်များကို သယ်သူကသယ်ကြသည်။

ပြီးသောအခါမှ သူတို့ကိုခေါ်သွားတော့သည်။

အခြားနေရာခေါ်သွားခြင်းမဟုတ်ပဲ ကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှိရာသို့ ခေါ်သွားခြင်းဖြစ်သည်။ သစ်ပင်ရှိရာသို့ခေါ်သွားသောကြောင့် သစ်ပင်မှာကြိုးနှင့် ချည်ထားမလားဟု ထင်လိုက်မိသေးသည်။ မဟုတ်ပါချေ။

ထိုနေရာရောက်သောအခါ သစ်ပင်၏ပင်စည်တစ်နေရာသို့ တွန်းလိုက်သည့်အခါ လိုဏ်ခေါင်းတစ်ခု ပေါ်လာသည်၊ လျှို့ဝှက်တံခါးပင်ဖြစ်သည်။

အထဲမှတော့ အောက်သို့တောက်လျှောက်ဆင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော လိုဏ်ခေါင်းတစ်ခုရှိပြီး လှေကားထစ်များလည်း ရှိသည်။ ထိုလှေကားထစ်များအတိုင်း အောက်သို့ဆင်းသွားသောအခါ လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ရောက်သွားသည်။ ထိုလိုဏ်ခေါင်းမှာ အတန်အသင့် ကျယ်ဝန်းသောနေရာဖြစ်သည်။

ထိုနေရာရောက်တော့ ကြမ်းပြင်ပေါ်မှာ လူအရိုးစုအချို့ကိုတွေ့ရသည်။

"မောင်ထင်ကျော် သေနတ်ပါလာသေးသလား"

ကျွန်ုပ်က တိုးတိုးမေးလိုက်သည်။

"အတွင်းအိတ်ထဲမှာ ပစ္စတိုတစ်လက်တော့ ပါသေးတယ်၊ အရေးအကြောင်းရှိရင်တော့ ဒါကိုပဲ ထုတ်သုံးရမှာပဲ"

ဒေါက်တာမင်းထင်ကျော်ထံမှာ သေနတ်တစ်လက် ပါလာသေးသောကြောင့် အနည်းငယ်အားရှိစရာ ဖြစ်တော့ဖြစ်သည်။ ကျောက်လိုဏ်ခေါင်းအတွင်းမှ တစ်ခန်းဝင်တစ်ခန်းထွက်နှော်သွားရုံမကပဲ ကျောက်လှေကားများမှလည်း အတော်ကြာအောင် အောက်သို့ဆင်းကြရသည်။

နောက်ဆုံးမှာတော့ ဂူပေါက်ဝမှ အပြင်သို့ထွက်လိုက်သောအခါ ကွက်လပ်တစ်ခုသို့ ရောက်သွားသည်။

ထိုနေရာသည် ချောက်ကြီး၏ အောက်ဆုံးနေရာပင်ဖြစ်၏။ ဘေးပတ်လည်တွင် ကျောက်နံများလေးဘက်လေးတံရှိနေပြီး ဂူပေါက်များစွာတို့လည်းရှိသည်။

ထိုဂူပေါက်များမှာ လူရိုင်းတို့နေသော အိမ်များပင်ဖြစ်





သည်။ ထိုနေရာသည် နက်ရှိုင်းသောချောက်ကြီး၏ အောက်ဆုံးနေရာဖြစ်သဖြင့် အပေါ်မှကြည့်လျှင် ရုတ်တရက်မမြင်နိုင်သောနေရာလည်းဖြစ်သည်။

ကွက်လပ်အလယ်နေရာမှာ ကျောက်ရုပ်ကြီးတစ်ရုပ်ရှိသည်။ မတ်တတ်ရပ်နေသော ပုံသဏ္ဌာန်ဖြစ်ပြီး ဆယ်ပေခန့်အမြင့်ရှိသည်။

ဦးခေါင်းထိပ်မှာ မြွေရုပ်များရှိပြီး ထိုထိပ်ပေါ်မှာတော့ကြီးမားသော ပတ္တမြားကြီးတစ်လုံး တင်ထားသည်။ ထိုနေရာမှအနီရောင်အလင်းများ ထွက်နေခြင်းဖြစ်သည်။

မီးရောင်များမှာ ရုပ်တုကြီးအနီး၌ စိုက်ထူထားသည့် မီးတိုင်များမှဖြစ်သည်။

မီးအလင်းရောင်များကြောင့် ပတ္တမြားကြီးမှ အလင်းရောင်များက တလက်လက်တောက်ပနေသည်။

"ကျုပ်တို့ရှာနေတဲ့ ပတ္တမြားကြီးများ ဖြစ်မလား"

"ဟိုကပတ္တမြားက ဒီလောက်ခက်တဲ့နေရာမျိုး ဘယ်လိုရောက်လာမလဲ"

"ဂမုန်းဘီလူးပြောပုံအရဆိုရင်တော့ ဒီနေရာဘက်မှာရှိတယ်ဆိုတော့ ဒါပဲဖြစ်မှာပေါ့၊ ဟိုမှာလည်း ကြည့်ပါဦး"

ဦးဖန်ကောင်း ညွှန်ပြရာသို့ ကြည့်လိုက်သောအခါမြင်တွင်းက မကောင်းလှပေ။

ခေါင်းတခြား ကိုယ်တခြားဖြစ်နေသည့် လူအရိုးစုများ



www.burmeseclassic.com

www.burmeseclassic.com



ကို တိုင်များဖြင့် အစီအရီထောင်ထားခြင်း ဖြစ်သည်။

"ကျွန်တော်တို့လည်း တစ်နေ့ ဒီဘဝမရောက်ဘူးလို့ မပြောနိုင်ဘူးနော်"

ထိုနေရာရောက်တော့ ခေါင်းဆောင်အမျိုးသမီးက သူတို့အားလုံးကို ကြိုးဖြေပေးခိုင်းသဖြင့် လူရိုင်းများက ကြိုးဖြေပေးသောကြောင့် လွတ်လွတ်လပ်လပ်ဖြစ်သွားကြသည်။ ထိုနေရာမှာ လူရိုင်းလေးငါးဆယ်ခန့် ရှိပေလိမ့်မည်။ အားလုံး အသားမည်းမည်း ရုပ်ဆိုးဆိုးနှင့် ရက်စက်ကြမ်းကြုတ်သော ပုံပန်းသဏ္ဌာန်မျိုးရှိကြသည်။

သူမက ဒေါက်တာမင်းထင်ကျော်တို့ အနီးလျှောက်လာပြီးမေးသည်။

"ဒီနေရာကို ဘယ်အတွက်ရောက်လာတာလဲ"

"သစ်ခွနက်ရှာဖွေဖို့ ရောက်လာတာပါ"

"သစ်ခွနက်ရှာဖွေဖို့လာတယ်ဆိုတာ မှန်ပေမယ့် ဒီနေရာရောက်လာတာကတော့ ပတ္တမြားကိုယူဖို့လာကြတာ မဟုတ်လား"

ထိုစကားကြောင့် အနည်းငယ်အံ့ဩသွားသည်။

"ဘယ်လိုကြောင့် အတပ်ပြောနိုင်တာလဲ"

"ဒီနေရာက 'တစ်ပွဲစားမှော်'လို့ခေါ်တယ် တစ်ပွဲစားဘဝကနေသေပြီး သရဲသဘက်၊ ဘီလူးဘဝရောက်နေတဲ့သူတွေနေတဲ့နေရာပဲ သူတို့က ကြိုပြောထားလို့ နင်တို့အကြောင်းတွေ





သိနေတာပဲ"

ထိုကဲ့သို့ပြောသော၊ သူတို့ရှာနေသော တစ်ပွဲစားမှော်နေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာရသောကြောင့် ကျေနပ်သလိုတော့ ဖြစ်သွားသည်။

သို့ကြောင့်လည်း ဆက်ပြီး ဖုံးကွယ်မထားတော့ပဲ မေးလိုက်သည်။

"ဒီရုပ်တုပေါ်ကပတ္တမြားက မန်ဟင်ဘုန်းကြီးကျောင်းက ပတ္တမြားမဟုတ်လား"

"ငါမသိဘူး"

"ဘယ်လိုရထားတာလဲ"

"လူတစ်ယောက်ကို တောထဲမှာ ဖမ်းမိပြီး ယဇ်ပူဇော်လိုက်တော့ သူ့ဆီကရတာပဲ"

သူမပြောသည့်အတိုင်းဆိုပါက တိဘက်နှစ်ယောက် ခိုးယူသွားသော ပတ္တမြားက လူဆိုးငါးယောက်လက်ထဲ ရောက်သွားပြီး လေးယောက်သေသွားကာ ခေါင်းဆောင်လုပ်သူက ယူပြေးသွားသည်။ ထိုလူကိုဖမ်းမိသဖြင့် ထိုနေရာသို့ရောက်နေခြင်း ဖြစ်ဟန်တူသည်။

"ငါတို့ကို ဘာကြောင့်ဖမ်းလာတာလဲ"

"ဒီနေရာရောက်လာရင် အသက်ရှင်ရက်နဲ့ ပြန်သွားလို့မရဘူး၊ တစ်ပွဲစားတွေရဲ့ အစာဖြစ်မှာပဲ"

ထိုစကားကြောင့် အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်တို့သိချင်ရင် နောက်တစ်နေ့ ညဉ့်ဦးပိုင်းအချိန်ရောက်တော့ မြင်ရလိမ့်မယ်"

"ဒါထက် ငါတို့လမ်းမှာ တရုတ်ဖြူတွေနဲ့တွေ့တော့ ဝင်ကယ်ပေးသွားတာ နင်တို့လား"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ခေါင်းဆောင်အမျိုးသမီးကဘာမှ ပြန်မပြောပဲ ငြိမ်နေသည်။ အတော်ကြာမှ

"ငါမသိဘူး"

ဟုပြောပြီး လူရိုင်းများအား ဖမ်းမိလာသူတို့ကို ကျောက်ဂူထဲထည့်ထားရန် အမိန့်ပေးပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

အချိန်က သန်းခေါင်းယံကျော်လာခဲ့ချေပြီ။







# အခန်း [၁၃]

## တစ်ပွဲစားများနှင့် ယစ်ပူဇော်ပွဲ

အကျဉ်းသားဘဝ ရောက်နေသည်ကိုပင် မစဉ်းစားတော့ပဲ ကျောက်ဂူထဲမှာ အိပ်ကြရာ နောက်တစ်နေ့မှ ပြန်နိုးလာတော့သည်။

ထိုအခါ ကျွန်ုပ်ကမေးလိုက်သည်။

"ဘယ်လိုလည်း မောင်ထင်ကျော်ရဲ့ သေရတော့မယ့်အတူတူ အိပ်ရေးဝအောင် အိပ်ထားတာလား"

"ဘာဖြစ်လို့လည်းဆရာရဲ့"


www.burmeseclassic.com

www.burmeseclassic.com



"သူတို့လက်ထဲမှာ ဘယ်အချိန်ခါ သတ်မယ်မှန်းမသိပဲနဲ့များ၊ စိတ်ချလက်ချ အိပ်နေဝံ့ကြတယ်"

ကျွန်ုပ်က မကျေမနပ်လေသံဖြင့် ပြောလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်က ပြုံးနေလေသည်။

"ဘာများ သဘောကျစရာရှိလို့လဲ"

"ကျွန်တော်တို့ကို တရုတ်ဖြူတွေရန်က ကယ်ပေးတာ သူတို့ပဲဆရာရဲ့"

"ဘယ်လိုသိတာလဲ"

"ကျွန်တော့်ဆီမှာ သူတို့အသုံးပြုတဲ့ မှတ်ပြောင်းမြားတံ တစ်ချောင်းပါလာတယ်၊ သူတို့ကိုင်တဲ့မြားတံတွေနဲ့ အတူတူပဲ"

"ဒီတော့. ."

"တရုတ်ဖြူတွေအန္တရာယ်ကတောင် ဝင်ပြီးအကူအညီပေးပြီးမှတော့ ချက်ချင်းသတ်ဦးမယ် မထင်ပါဘူး"

"ဒါကတော့ ဖြည်းဖြည်းချင်းသတ်ချင်လို့လည်း ဖြစ်မှာပေါ့၊ ကျုပ်ကတော့ ရင်တမမနဲ့ပဲ"

"ကျွန်တော်တို့တစ်တွေက သေဘေးနဲ့ကြုံကြတာ ဒီတစ်ခါမှ မဟုတ်တာဆရာရယ်၊ ကျွန်တော်တို့ ကံကောင်းကြမှာပါ"

"ဘယ်လိုကြောင့်လည်း ပြောပါဦး"

"ကျွန်တော်တို့ဘာကြောင့် ဒီနေရာရောက်လာတယ်ဆိုတာ သူတို့ကြိုသိနေတာပဲ၊ ဒါကြောင့်. . နောက်ကနေ တကောက်ကောက်လိုက်လာပြီး သူတို့နေရာရောက်မှ ဝင်ဖမ်းတာပဲ၊ သူတို့သာသတ်မယ်ဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် သတ်နိုင်ကြတာပဲ"

"အင်းပေါ့လေ. . ဖြစ်ကာမှဖြစ်ကရော ဒီလိုစိတ်သက်သာသလိုတွေးထားတာလည်း တစ်မျိုးတော့ကောင်းတာပါပဲ"

ကျွန်ုပ်စကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် ပြုံးနေလေသည်။

သူ့ကြည့်ရသည်မှာ ဘာမှစိုးရိမ်သောကရောက်နေဟန်မရှိလှပေ။

နေ့လယ်ပိုင်းအချိန်လောက်တွင် အစားအသောက်များလာပို့ပေးသည်။

အစားအသောက်များမှာ အခြားတော့မဟုတ်ပေ။

အသားခြောက်များနှင့် ရေပင်ဖြစ်သည်။

"ကိုင်း. . ကျွန်တော်မပြောဘူးလား၊ သတ်မယ့်သူဆိုရင် အခုလို အစားအသောက်တွေ ကျွေးပါ့မလား"

"ဒါကတော့ မောင်ထင်ကျော်ရယ် ဝက်မွေးသလိုဖြစ်မှာပေါ့၊ တောရွာတွေမှာ ဝက်မွေးတော့ သတ်ကာနီး အချိန်ကျရင် အစားကောင်းကောင်း ကျွေးကြတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သတ်စားတဲ့အခါ ဆူဆူဖြိုးဖြိုး ဖြစ်နေအောင်လို့ ကျွေးတာ၊ အခုလည်း ဒီလိုဖြစ်မှာပေါ့"

ကျွန်ုပ်စကားကြောင့် သဘောကျစွာ ရယ်လိုက်ကြ







www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဘာပဲဖြစ်ဖြစ်၊ မသေခင် ဝအောင်စားထားတော့ ပို ကောင်းတာပေါ့"

"မောင်ထင်ကျော်ကတော့ ဘယ်အချိန်ပဲဖြစ်ဖြစ်၊ အကောင်းဘက်ကပဲ တွေးလေ့ရှိတယ်"

"အခက်အခဲနဲ့တွေ့လို့ စိတ်ညစ်နေရင် ဘာမှအကြံဉာဏ်ရမှာမဟုတ်ဘူး၊ ကောင်းတဲ့အကြောင်းလေးတွေ တွေးတော့မှ စိတ်ရဲ့ထွက်ပေါက်ရမှာပေါ့ ဆရာရဲ့၊ စိတ်ဆိုတာ သူ့ကို ဖိစီးမှုပေးထားရင် ဘာမှမလုပ်နိုင်ဘူး၊ သူ့ကို လွတ်လွတ်လပ်လပ်ထားတော့မှ အကြံဉာဏ်ကောင်းတွေ ထုတ်ပေးနိုင်မှာပါ"

ဟုပြောဆိုကာ လာပို့ပေးသော အစားအသောက်များကို ဝမ့်စားသောက်ကြစဉ် ငမဲအောင်က သူ့အတွက်ရသော အသားခြောက်ကို သွားဖြင့်ကိုက်လိုက်ရာ မာကျောလှသော အရာတစ်ခုကို ကိုက်မိသွားသည်။

"အောင်မယ်လေးဗျ"

"ဘာဖြစ်တာလဲ"

"အသားထဲမှာ ကျောက်ခဲထည့်ကျွေးတယ်ဗျ"

ထိုသို့ပြောပြီး ပါးစပ်ထဲမှာ အရာဝတ္ထုကို ထွေးထုတ်လိုက်လေသည်။

"ဟင် ဘာလေးပါလိမ့်"

ထွက်လာသောအရာမှာ ကျောက်ခဲမဟုတ်ပေ။ ကြေး





ပြားလိပ်တစ်ခုပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကယူပြီး ဖြေကြည့်လိုက်တော့ အထဲမှာ စာအချို့ကို တွေ့ရလေသည်။

ဖတ်ကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရသည်။

"သတိထားပြီး အခွင့်အရေးကို ရအောင်ယူပါ"

ဒေါက်တာမင်းထင်ကျော်က စာဖတ်ကြည့်ပြီး အားလုံး သိအောင် တိုးတိုးပြောလိုက်သည်။

ကျန်သူများကလည်း ထိုကဲ့သို့ တစ်စုံတစ်ခုထူးခြားလာသောကြောင့် အတန်အသင့်အားတက်လာကြသည်။

"ဘယ်သူရေးလိုက်တာ ဖြစ်မလဲ"

"ဒီအထဲမှာ ကျွန်တော်တို့ကို အကူအညီပေးမယ့်တစ်ယောက်ယောက်တော့ ရှိနေပြီ"

"သူပြောတဲ့အတိုင်း အခြေအနေကြည့်ပြီး အခွင့်အရေး ရတာနဲ့ လှုပ်ရှားကြတာပေါ့"

ပြောဆိုတိုင်ပင်ကြလေသည်။

သူတို့ရောက်နေသောနေရာမှာ ကျောက်ဂူတစ်ခုဖြစ်ပြီး သစ်လုံးတံခါးတပ်ထားသော နေရာမှကြည့်လျှင် အပြင်သို့ လှမ်းမြင်ရသည်။

ထိုနေရာမှကြည့်လျှင် ကျောက်ရုပ်ကြီးကိုလည်း တွေ့ရသည်။ နေ့လယ်ပိုင်း နေရောင်ခြည်ကျလာသောအခါ ကျောက်ရုပ်ကြီးဦးခေါင်းထိပ်မှာ တင်ထားသော ပတ္တမြားကြီးမှ အနီ


www.burmeseclassic.com

www.burmeseclassic.com

ရောင်များ ထွက်လာသည်။

ညနေပိုင်း နေဝင်ခါနီးအချိန်တွင် တောင်တန်းပေါ်မှ ကျော်ဆင်းလာသော နေရောင်ခြည်က ထိုနေရာသို့ထိုးကျလာသည်။

မီးဆလိုက်ဖြင့် လှမ်းထိုးလိုက်သကဲ့သို့ ရှိလေသည်။

ထိုအခါမှ အနီရောင်အလင်းများက ပိုမိုတောက်ပလာသည်။ အနီရောင်များက ပတ်ဝန်းကျင်တစ်ခုလုံးသို့ ပြန့်နှံ့နေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ရုပ်တုကြီးရှိသောနေရာသို့ အကဲခတ်ကြည့်နေသည်။

ကျောက်ရုပ်ကြီးမှာ ဆယ်ပေခန့်အမြင့်ရှိပြီး မတ်တတ်ရပ်နေသည့်ပုံသဏ္ဌာန်ဖြစ်သည်။

လက်တစ်ဖက်မှာ ဓားကောက်ကိုကိုင်ထားပြီး ကျန်တစ်ဖက်မှာ လူဦးခေါင်းပြတ်ကို ကိုင်ဆွဲထားသည်။

ဦးခေါင်းပေါ်မှာ မြွေသဏ္ဌာန်အရုပ်များရှိပြီး ထိုအထဲမှာ ပတ္တမြားကိုထည့်ထားခြင်းဖြစ်သည်။ ပတ္တမြားကို လိုချင်လျှင် အပေါ်တက်ယူမှ ရနိုင်မည့်အနေအထားဖြစ်သည်။

ထိုသို့ကြည့်နေစဉ်မှာ ဦးဇန်ကောင်းက အနီးသို့ရောက်လာသည်။

"အခြေအနေ ဘယ်လိုလည်းမောင်ထင်ကျော်"

"ရုပ်ထုထိပ်ပေါ်မှာ တင်ထားတာ ကျွန်တော်တို့ ရှာနေ





တဲ့ ပတ္တမြားဖြစ်မှာပဲ၊ အခွင့်အရေးသာရင်တော့ တက်ယူရမှာပဲ"

"ဒီနေရာက ကျုပ်တို့ကို ဂမုန်းဘီလူးပြောလိုက်တဲ့နေရာနဲ့လည်း ကိုက်ညီနေတော့ ဒါပဲဖြစ်မှာပါ။ ဒါထက် ကျုပ်တို့ကို ဂမုန်းဘီလူးပေးလိုက်တဲ့ ဂမုန်းဥတွေကိုလည်း အသုံးမချရသေးပါလား၊ နောက်ပြီး တစ်ပွဲစားဘဝကနေ ရောက်နေတဲ့တစ္ဆေသရဲတွေလည်း မတွေ့ရသေးပါလား"

"အဘက တွေ့ချင်လို့လား"

"တွေ့ချင်လှတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ တွေ့မြင်ဘူးမှ ဘယ်လိုလုပ်ရတယ်ဆိုတာ သိမှာပေါ့"

"ဒီနေရာတောင် ရောက်နေမှပဲအဘရယ် အချိန်တန်တော့ တွေ့ရမှာပေါ့"

ဤသို့ဖြင့် ညနေပိုင်းအချိန်သို့ တဖြည်းဖြည်းရောက်လာကြတော့သည်။

တစ်နေ့လုံးမှာတော့ လူရိုင်းများကို မတွေ့ရပေ။ နေဝင်သွားတော့မှ သူတို့နေကြသည့် ဂူပေါက်များမှ အသီးသီးအပြင်သို့ထွက်လာကြသည်။

သူတို့သည် ဓား၊ လှံ၊ လေးများတို့ကို ကိုင်ကာ ရုပ်တုကြီးရှိသောနေရာသို့ ဝိုင်းလာကြသည်။

ထိုနေရာတစ်ဝိုက်မှာ ဆီမီးတိုင်များထွန်းကြသဖြင့် အလင်းရောင်များရလာသည်။

ထိုအချိန်ရောက်တော့မှ မျက်နှာပေါ်မှာ ကြောက်မက်


www.burmeseclassic.com

www.burmeseclassic.com



ဖွယ် မျက်နှာဖုံးစွပ်ထားသော ခေါင်းဆောင် အမျိုးသမီးကို တွေ့ရသည်။

သူကပင် လူရိုင်းများကို ပြုလုပ်ရမည့် အစီအစဉ်များကို ပြောနေလေသည်။

ထို့နောက်မှာတော့ လူရိုင်းအချို့က လူတစ်ယောက်ကို ကြိုးဖြင့်တုပ်ကာ ခေါ်လာကြသည်။

မီးရောင်ဖြင့်မြင်ရတော့မှ တရုတ်ဖြူတစ်ယောက်ဖြစ်မှန်းသိရသည်။

"ယဇ်ပူဇော်တော့မယ်ထင်တယ်"

ဦးဇန်ကောင်းက တိုးတိုးပြောသည်။

ခေါ်လာသောလူကို ရုပ်တုရှေ့မှ ကျောက်ပြားပေါ်မှာ ကြိုးဖြင့်တုပ်ကာ တင်လိုက်သည်။

ထိုနေရာမှ မီးတိုင်စိုက်ထားသောကြောင့် အနေအထားကို ကောင်းစွာမြင်နေရသည်။

ကျောက်ပြားပေါ်မှာတင်ထားသူကတော့ ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်နေသည်။

ထိုကဲ့သို့ တင်ပြီးသောအခါမှ လူရိုင်းများက ရုပ်တုကြီးကိုပတ်ပြီး ကခုန်ကြသည်။

ဓားတစ်လက်ကိုကိုင်ထားသော အမျိုးသမီးက ကျောက်ပြားပေါ်တက်လာပြီး ရုပ်တုကြီးကို အရိုအသေပေးနေလေသည်။





အတန်ကြာအောင် တိုင်တည်ပြောဆိုနေပြီးနောက် ယဇ်စင်ပေါ်မှလူကို ဒီအတိုင်းထားခဲ့ပြီး ပြန်ဆင်းသွားလေသည်။

ထို့နောက် သူ့လူများကို အချက်ပြကာ အပြင်သို့ထွက်သောအပေါက်ရှိရာသို့ ဝင်သွားကြလေတော့သည်။

ယဇ်စင်ပေါ်မှာ တင်ထားသောလူကို ဒီအတိုင်းပင် ထားခဲ့လေသည်။

"ကျုပ်က ဟိုလူကို သတ်ပြီးယဇ်ပူဇော်မယ်လို့ ထင်နေတာ၊ မသတ်ပဲ ဒီအတိုင်းထားခဲ့တာကတော့ အံ့သြစရာပဲ"

"အခြေအနေလည်း ကြည့်ပါဦး ဆရာရယ်"

"လူရိုင်းတွေတော့ အပြင်ထွက်သွားကြပြီနဲ့တူတယ်၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"အရမ်းလုပ်လို့ မဖြစ်သေးဘူး၊ အချိန်နည်းနည်းစောင့်ပြီး အခြေအနေကြည့်သေးတာပေါ့"

ထိုသို့ပြောတော့မှ စောထီးလည်း ဘာမှထပ်မပြောတော့ပေ။ တဖြည်းဖြည်းနှင့် ညဥ့်ဦးပိုင်းအချိန်သို့ ရောက်လာချေပြီ။ ပတ်ဝန်းကျင်မှာ အမှောင်ထုများ ဖုံးနေသော်လည်း ရုပ်တုရှိသောနေရာတစ်ဝိုက်မှာတော့ မီးတိုင်များစိုက်ထားသဖြင့် အတန်အသင့် အလင်းရောင်များရနေသည်။

ထိုသို့ကြည့်နေစဉ်မှာ အမှောင်ရိပ်ထဲ မည်းမည်းသဏ္ဌာန်အချို့ ထွက်လာလေသည်။

ထိုသဏ္ဌာန်များမှာ တစ်ကိုယ်လုံး အမွေးအမှင်ဖုံးနေပြီး



www.burmeseclassic.com

www.burmeseclassic.com



အရပ်အမောင်းမြင့်မားသည်။

မျက်နှာမှာလည်း ဘီလူးတစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းသည်။ နီရဲနေသော မျက်လုံးများ၊ ငေါထွက်နေသော အစွယ်များရှိပြီး တဟီးဟီး တဟဲဟဲအသံများထွက်ကာ ရုပ်တုရှိရာ တစ်လှမ်းချင်းလာနေကြသည်။

ကြိုးတုပ်ပြီး ကျောက်ပြားပေါ်မှာတင်ထားသူကတော့ အမှောင်ထဲမှ ထွက်လာသော သရဲသဘက်ကြီးများကို မြင်သော အခါ ကြောက်လန့်တကြား အော်ဟစ်ကာ ရုန်းကန်နေတော့သည်။

သို့သော်လည်း တစ်ကိုယ်လုံးကြိုးများဖြင့် တုပ်ထားသောကြောင့် မလှုပ်နိုင်ရှာပေ၊

ဒေါက်တာမင်းထင်ကျော်တို့မှာလည်း အထဲရောက်နေသောကြောင့် မည်သို့မှ အကူအညီမပေးနိုင်ကြပေ။

ခဏကြာတော့ ထိုနေရာသို့ ရောက်လာကြပြီး ကျောက်ပြားပေါ်တင်ထားသောလူကို သတ်ဖြတ်ကာ. . ဝိုင်းဝန်းစားသောက်ကြလေတော့သည်။

ပထမတော့ ထိုနေရာမှ စူးစူးဝါးဝါးအော်သံများ ကြားရသော်လည်း နောက်တော့ အသံပျောက်သွားသည်။ သရဲသဘက်များကတော့ ခွေးနက်ကြီးများ အစာလုနေသကဲ့သို့ ဝိုင်းဝန်းကာ လုယက်စားသောက်နေကြသည်။

"စိတ်မချမ်းသာစရာကောင်းတဲ့ မြင်ကွင်းပါပဲ သူကို





အကူအညီပေးဖို့ကလည်း ဘယ်လိုမှ မတတ်နိုင်ဘူး"

ထိုမြင်ကွင်းကိုကြည့်ပြီး ဒေါက်တာမင်းထင်ကျော်က စိတ်မချမ်းသာစွာ ညည်းညူလိုက်သည်။

"ဟုတ်ပါရဲ့ဗျာ သူတို့ယဇ်ပူဇော်တာကလည်း တစ်မျိုးပဲ တစ်ခါတည်းသတ်လိုက်တာမှ ကောင်းသေးတယ်"

"အဲဒါ ဘာကောင်တွေလဲဟင်"

"တစ်ပွဲစားမှော်မှာရှိကြတဲ့ သရဲသဘက်တွေပေါ့ကွာ"

"မြင်ရတာနဲ့တင် ကြောက်စရာကောင်းလိုက်တာဗျာ"

"သိပ်လည်းကြောက်မနေနဲ့ဦး၊ တော်ကြာ. . ကိုယ့်အလှည့် ရောက်ချင်ရောက်လာမှာ"

ထိုသို့ပြောလိုက်မှ ငမဲအောင်လည်း အသံတိတ်သွားလေတော့သည်။ အတန်ကြာသောအခါ မည်းမည်းသဏ္ဌာန်များက ထိုနေရာမှခွာကာ မူလနေရာသို့ ပြန်ဝင်သွားလေတော့သည်။ ကျောက်ပြားပေါ်မှာတော့ စောစောကလူ မတွေ့ရတော့ပဲ အရိုးစုများသာ ကျန်ခဲ့တော့သည်။

ညည့်နက်ပိုင်းရောက်တော့ အပြင်ထွက်သွားသော လူရိုင်းများ ပြန်ရောက်လာကြဟန်ရှိသည်။

ဆူဆူညံညံအသံများသာ ကြားကြရသည်။

နောက်တစ်နေ့ရောက်တော့ လူရိုင်းအချို့ ရောက်လာပြီး ဒေါက်တာမင်းထင်ကျော်ကို လာခေါ်သွားကြလေသည်။

သူတို့က မျက်နှာဖုံးတပ်ထားသော အမျိုးသမီးရှိသော



www.burmeseclassic.com

www.burmeseclassic.com

ဂူအထဲသို့ ခေါ်သွားကြခြင်းဖြစ်သည်။

ထိုနေရာရောက်တော့ အမျိုးသမီးကပြောသည်၊

"ဒီကနေ့ နင်တို့လူတစ်ယောက်ကို ယဇ်ပူဇော်ရမယ်"

"သရဲသဘက်တွေကို ကျွေးမှာမဟုတ်လား၊ တကယ်လို့ သရဲသဘက်တွေကိုနိုင်ရင် ဘယ်လိုအခွင့်အရေးရမှာလဲ"

"အဲ့ဒါငါမသိဘူး၊ အခုထိတော့ သူတို့ကို ဘယ်သူမှ မနိုင်ဘူး"

"နင်တို့လူတွေကို အခုလိုသတ်ပစ်နေရင် တစ်နေ့ကျရင် ဒုက္ခတွေ့မှာပဲ၊ တရုတ်ဖြူတွေက သူတို့လူတွေကို ဖမ်းပြီး သတ်နေတာကို ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူး၊ သူတို့မှာ သေနတ်တွေ အများကြီးရှိတယ် သူတို့ရောက်လာရင် နင်တို့ သေမှာပဲ"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် မျက်နှာဖုံးစွပ်ထားသော အမျိုးသမီးမှာ အသံတိတ်သွားသည်။

တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။

"နင်တို့မှာ လူနည်းနည်းလေးပဲရှိတာ ရန်သူတွေက ခြေရာခံမိသွားလို့ ရောက်လာရင် နိုင်မှာမဟုတ်ဘူး"

အတန်ကြာမှ စကားသံထွက်လာသည်၊

"ညတုန်းက သူတို့ကို တွေ့ခဲ့ရတယ်"

"ဘယ်မှာတွေ့ခဲ့တာလဲ"

"ဒီနေရာနဲ့ မနီးမဝေးမှာပဲ"





"ဒီအတိုင်းဆိုရင် မကြာခင် ဒီနေရာရောက်လာမှာပဲ နင်တို့ နေရာပြောင်းနေရင်ကောင်းမယ်"

"လူရိုင်းတွေက ငါပြောလည်း လက်ခံမှာမဟုတ်ဘူး၊ သူတို့က ရုပ်တုကြီးရှိတဲ့နေရာက ဘယ်မှသွားမှာမဟုတ်ဘူး"

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်၊

"နင့်ကြည့်ရတာ လူရိုင်းတစ်ယောက် ဟုတ်ပုံမရဘူး၊ ဘာကြောင့် ဒီလိုနေရာမျိုးမှာ နေရတာလဲ အခြားမှာသွားနေပါလား"

"ငါ့မှာ အားကိုးမရှိဘူး"

"နင်ဒီကသွားမယ်ဆိုရင် ငါတို့အကူအညီပေးနိုင်ပါတယ်၊ ငါတို့လက်နက်တွေသာပြန်ရရင် ဒီလူရိုင်းတွေကို သုတ်သင်ပစ်နိုင်ပါတယ်"

သူမက အတန်ကြာအောင်စဉ်းစားနေပြီးမှ ပြောသည်။

"ဘာပဲဖြစ်ဖြစ် ဒီကနေ့ညနေတော့ နင်တို့လူတစ်ယောက်ကို ယဇ်ပူဇော်ရမှာပဲ ဒီမှာရှိတဲ့ တစ်ပွဲစားသရဲတွေကို နိုင်တယ်ဆိုတာ တကယ်ပဲလား"

"စမ်းကြည့်ရမှာပေါ့"

"ဘယ်သူကိုရွေးမလဲ"

"ငါကိုယ်တိုင်အစားခံမှာပါ"

"တခြားတစ်ယောက်ကိုပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၁၄]

# ညတာရှည်သောမဟူရာည

ထို့နေ့ကတစ်နေ့လုံး ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်အား သူတို့ယူလာသော ဂမုန်းဘီလူးဥ သုံးဥကို ပေးကာ လိုအပ်သောဂါထာမန္တန်များကို သင်ပေးသည်။

သူသင်ပေးသော ဂါထာမန္တန်များမှာလည်း ဒေါက်တာမင်းထင်ကျော် ရထားပြီးသားများပင် ဖြစ်၏။

"သတိထားနော် မောင်ထင်ကျော်၊ တစ်ခုခုဖြစ်ရင်


www.burmeseclassic.com

www.burmeseclassic.com



"ဒီအဖွဲ့မှာ ငါကခေါင်းဆောင်ပဲ၊ သေဘေးနဲ့ကြုံတော့မှ တခြားလူကိုလွှဲချရင် ခေါင်းဆောင်ဘယ်ပီသတော့ပါ့မလဲ"

"နင်ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

"ဒါကတော့ သေချင်လည်းသေမှာပဲ၊ မသေခင်ငါသိချင်တာတွေ မေးချင်တယ်"

ဘာမှမပြောပဲကြည့်နေသည်။

"နင်ဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာရောက်နေတာလဲ"

"နင်မသေရင်တော့ သိရမှာပါ"

"တကယ်လို့ ငါမသေခဲ့ရင် နင်တို့တစ်တွေ အန္တရာယ်နဲ့တွေ့တဲ့အခါ အကူအညီပေးပါ့မယ်"

ဟုပြောသောအခါ ဒေါက်တာမင်းထင်ကျော်ကို စူးစူးစိုက်စိုက်တစ်ချက်ကြည့်သည်။

ထို့နောက် မနီးမဝေးမှာရှိနေသော လူရိုင်းများကို အချက်ပြလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်ကို ပြန်ခေါ်သွားပြီး မူလနေရာပြန်ပို့ပေးလိုက်သည်။

ဂူထဲပြန်ရောက်ပြီး ဝိုင်းမေးကြသောအခါ ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းပြောပြလိုက်သည်။

"ဒီကိစ္စက မောင်ထင်ကျော်သွားလို့ မဖြစ်ပါဘူး၊ အစီအရင်ကိစ္စတွေ၊ ပရလောကနဲ့ ပတ်သက်တဲ့ကိစ္စတွေက ကျုပ်ပဲကျွမ်းကျင်တာဆိုတော့ ညကျရင် ကျုပ်ပဲလိုက်သွားလိုက်မယ်





ဒီမှာ ဂမုန်းဘီလူးလည်းပါလာတာပဲ စိုးရိမ်စရာမလိုပါဘူး"

ဟု ဦးဗန်ကောင်းကပြောသည်။

"အစီအရင်တွေနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ရတယ် ဆိုတာသာ ကျွန်တော်ကိုပြောလိုက်ပါ၊ ကျွန်တော်လည်း ဒီကိစ္စတွေကို အတော်အသင့်တတ်ပြီး အတွေ့အကြုံရှိတာပဲ၊ ကျွန်တော်ကိုယ်တိုင်သွားတယ်ဆိုတာ အကြံအစည်တစ်ခု ရှိလို့ပါ"

ဟု ပြောလိုက်တော့မှ ဦးဗန်ကောင်းလည်း လက်လျှော့သွားတော့သည်။ ထို့နောက်မှာတော့ ပြုလုပ်ရမည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုတော့ အထိမခံနဲ့၊ လွတ်အောင်သာလုပ်ပေတော့”

“ဒီလောက်စိတ်မပူရပါဘူး၊ ကျွန်တော်မှာလက်နက်တွေပါပါတယ်”

သူ့ထံမှာ အတွင်းအိတ်ထဲမှာထည့်ထားသော ပစ္စတိုတစ်လက်နှင့် ဓားမြှောင်ပါသည်။

ထိုလက်နက်များကတော့ လူရိုင်းများမမြင်အောင် ဝှက်ထားခြင်းဖြစ်သည်။

သူသည် ဓားကို လက်နှင့်အနီးဆုံးမှာ ထားသည်။ ညနေပိုင်းရောက်တော့ လူရိုင်းအချို့ရောက်လာသည်။ သူ့ကိုကြိုးတုပ်ရန်ပြင်တော့ လက်နှစ်ဖက်ကို ရှေ့တိုးပေးလိုက်ရာ နွယ်ကြိုးများနှင့်တုပ်ကာ အပြင်သို့ခေါ်သွားကြသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းနေချေပြီ။ ရုပ်တုအနီးမှာတော့ မီးတိုင်များ စိုက်ထားသောကြောင့် အလင်းရောင်ရနေသည်။

သူတို့ထိုနေရာရောက်တော့ ကျောက်ပြားပေါ်သို့ တင်ကာ ခြေထောက်နှစ်ဖက်ပါ ကြိုးဖြင့်တုပ်ထားသည်။ ပြီးတော့မှ စူးစူးဝါးဝါးဖြင့်အော်ကာ ရုပ်တုကြီးကိုပတ်ပြီး လှည့်ကြသည်။

ဓားလှံများကို မြှောက်ပြီး ကခုန်ကြသည်။ အတန်ကြာသောအခါ ထိုနေရာသို့ မျက်နှာဖုံးစွပ် အမျိုးသမီးရောက်လာပြီး ကျောက်ပြားပေါ်သို့ ရောက်လာသည်။ သူမသည် ရုပ်တုကြီးရှိရာသို့ လှည့်၍ပူဇော်နေလေသည်။ ထိုအချိန်၌ လူရိုင်းများက





ကျောက်ပြားအောက်မှာ ရှိနေကြသည်။

အမျိုးသမီးက ရုပ်တုကြီးကိုပူဇော်နေရာမှ အသံတိုးတိုးဖြင့်ပြောသည်။

“သတိထားပါ ဘီလူးသဘက်တွေ ရောက်မလာခင် လွတ်အောင်ကြိုးစားပါ၊ သုံးခုမြောက်ဂူပေါက်ထဲမှာ သေနတ်တွေရှိတယ်”

ဟုပြောသံကို ခပ်တိုးတိုးကြားရသည်။

ထို့နောက်မှာတော့ အမျိုးသမီးက နေရာမှထကာ သူ့ကိုယ်ပေါ်သို့ ဆေးမှုန့်များကြဲချလိုက်ပြီးနောက် အောက်သို့ပြန်ဆင်းသွားလေသည်။

ထို့နောက်မှာတော့ လူရိုင်းများကိုခေါ်ကာ အပြင်သို့ထွက်သွားလေတော့သည်။

ရုပ်တုကြီးအနီး၌ ဘယ်သူမှမရှိတော့ပေ။ ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကြိုးတုပ်ထားသောလက်ဖြင့် ကိုယ်ထဲမှာဝှက်ယူလာသော ဓားကိုနှုတ်ယူသည်။ ဓားပါလာသောအခါ ခြေထောက်ကြားမှညှပ်ပြီး လက်မှကြိုးကိုအရင်ဖြတ်သည်။ လက်မှာချည်ထားသည့်ကြိုး ပြတ်သွားသောအခါ ခြေထောက်မှာချည်ထားသောကြိုးကို ဖြတ်သည်။

ထိုသို့ဖြတ်နေစဉ်မှာ အမှောင်ထဲမှ ဘီလူးသဘက်များ ထွက်လာကြလေသည်။

အမှောင်ရိပ်များထဲမှ ထွက်လာကြသည်ကို အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သားလှမ်းမြင်နေရသည်။

ငှင်းတို့ မနီးမဝေးရောက်လာသောအခါ လက်ရော ခြေထောက်မှကြိုးများပါ ပြုတ်သွားလေပြီ။

ဓားကိုပြန်သိမ်းလိုက်ပြီးနောက် အိတ်ထဲမှယူဆောင် လာသော ဂမုန်းဥသုံးဥကိုထုတ်ယူပြီး အသက်သွင်းသော ဂါထာ မန္တန်များ ရွတ်ဆိုလိုက်သည်။

ထိုကဲ့သို့ရွတ်ဆိုလိုက်သောအခါ အနီးပတ်ဝန်းကျင်မှာ မီးခိုးငွေ့များ တက်လာသည်။

ထွန်းထားသောမီးတိုင်များ ငြိမ်းသွားသည်။ မီးရောင် မရှိတော့သဖြင့် အမှောင်ဖုံးသွားသောအချိန်မှာပင် ထိုနေရာမှာ လူမည်းကြီးသုံးယောက်တို့၏ ပုံသဏ္ဌာန်များ ပေါ်လာလေတော့ သည်။

ထိုသဏ္ဌာန်မှာ အထိကရသစ်ပင်ကြီး၌ မြင်ခဲ့ရသော ဘီလူးကဲ့သို့ ပုံသဏ္ဌာန်များပင်ဖြစ်သည်။

ထိုသဏ္ဌာန်များပေါ်လာသောအခါ ဒေါက်တာမင်းထင် ကျော်ကို စားသောက်ရန်တိုးလာကြသော ဘီလူးသဘက်တို့မှ တန့်သွားကြသည်။

အချို့ကအနားကပ်လာရန် ကြိုးစားသော်လည်း သူတို့ ထက်အကောင်ကြီးသော ဘီလူးများရှိနေသောကြောင့် မလာဝံ့ ပဲရှိကြလေသည်။

အချို့လည်း ဖွတ်အတင်း တိုးဝင်လာကြသည်။ ထိုအခါ





အနားမှာပေါ်နေသော ဘီလူးကြီးများက ထိုနေရာသို့ ပြေးသွား ပြီး တိုက်ခိုက်ကြလေတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေပြီဖြစ်သောကြောင့် ဘာမှမမြင်ရသောကြောင့် အတွင်းမှလှမ်းကြည့်နေကြသော ကျွန်ုပ်တို့တစ်တွေမှာ ဒေါက်တာမင်းထင်ကျော်အတွက် စိုးရိမ် ပူပန်နေကြရသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအခွင့်အရေးကို ကောင်းစွာအသုံးချလေသည်။

သူသည် ရုပ်တုကြီးအပေါ်သို့ တက်သွားလေသည်။ ဆယ်ပေခန့်သာမြင့်သောကြောင့် အလွယ်တကူပင် တက်သွား လေသည်။

ပခုံးပေါ်မှာ မတ်တတ်ရပ်ပြီး အပေါ်သို့ကြည့်လိုက် တော့ ဦးခေါင်းပေါ်မှာ မြွေရုပ်များမှာ အသက်ဝင်နေသကဲ့သို့ လှုပ်ရှားနေသည်ကို မြင်ရသဖြင့် ဂမုန်းဘီလူးဥကို ထောင်ပြ လိုက်သည်။ ထိုအခါ ရှူးခနဲ အသံကြားလိုက်ရပြီး နောက်သို့ တွန့်သွားလေသည်။

ထို့ကြောင့် မတ်တတ်ရပ်၍ ကြည့်သောအခါ ဦးခေါင်း ထိပ်ပေါ်မှာတင်ထားသော ပတ္တမြားကြီးကို တွေ့ရသည်။ အသက်ဝင်နေသော မြွေရုပ်များမှာလည်း ဂမုန်းဥကို ကြောက် သဖြင့် နောက်တွန့်နေကြစဉ်မှာ ဒေါက်တာမင်းထင်ကျော်က ထိုပတ္တမြားကိုယူပြီး အောက်သို့ပြန်ဆင်းခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ပိုင်းရောက်လာသောအခါ မျက်နှာဖုံးစွပ်အမျိုးသမီးနှင့် လူရိုင်းအချို့ပြန်ရောက်လာကြသည်။

၎င်းတို့သည် တောနက်ထဲမှာ စခန်းချနေသော တရုတ်ဖြူတို့နှင့်တွေ့ကာ တိုက်ခိုက်ပြီးနောက် လျှို့ဝှက်စခန်းသို့ ပြန်ပြေးလာကြခြင်းဖြစ်သည်။

တရုတ်ဖြူတို့မှာ လူအင်အားရော လက်နက်များပါသဖြင့် သူတို့အရေးမလှခဲ့ပေ။

သေနတ်များဖြင့် အပစ်ခံရသဖြင့် အချို့သေပြီး ကျန်ခဲ့ကြလေသည်။

တရုတ်ဖြူတို့မှာ သူတို့လူများပျောက်သဖြင့် လိုက်လံရှာဖွေနေကြခြင်းဖြစ်သည်။

လူရိုင်းများက ထိုနေရာသို့ ပြန်ရောက်လာသောအခါ ရုပ်တုကြီးရှိရာသို့ လာကြည့်ကြသည်။

ခါတိုင်းသူတို့ပြန်ရောက်လာပြီးကြည့်လျှင် ကျောက်ပြားပေါ်မှ အရိုးစုများတွေ့ရသည်။

ယခုမတွေ့ရပေ။

ထို့ကြောင့် ဖမ်းထားသည့် လူများကိုသွားကြည့်သောအခါမှာလည်း သူတို့ယဇ်ပူဇော်ထားခဲ့သော ဒေါက်တာမင်းထင်ကျော်ကို မတွေ့ရသောကြောင့် ဇဝေဇဝါဖြစ်နေကြသည်။

အချင်းချင်း ၎င်းတို့ဘာသာစကားဖြင့် ကွိကွိကွကွ ပြောဆိုနေကြသည်။





အတန်ကြာတော့မှ သူတို့နေထိုင်ရာဂူပေါက်များသို့ ပြန်သွားကြလေသည်။

မျက်နှာဖုံးရှင် အမျိုးသမီးလည်း သူမနေသော ဂူပေါက်သို့ပြန်လာလေသည်။

အတွင်းသို့ရောက်သောအခါ ဂူပေါက်ဝကို သစ်လုံးတံခါးဖြင့်ပိတ်ပြီး အတွင်းသို့ဝင်လာသည်။

ကိုယ်ပေါ်မှာပါလာသော လက်နက်များကို ကျောက်စင်ပေါ်မှာတင်ပြီး အပေါ်မှအဝတ်အစားများကို ချွတ်ပစ်လိုက်သည်။ ထို့နောက် အမြဲတပ်ထားသော ကြောက်စရာကောင်းသော မျက်နှာဖုံးကိုချွတ်ပစ်လိုက်သည်။

တကယ်တော့သူမသည် အသက်နှစ်ဆယ်ကျော် အရွယ်ခန့်သာရှိသေးပြီး လှပချောမောသည့် မိန်းမပျိုတစ်ဦးသာဖြစ်သည်။ ရှမ်းတရုတ်သွေးပါသူကဲ့သို့ အသားဖြူဖြူ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် အချိုးအဆစ်ကျနကာ လှပသောကိုယ်ခန္ဓာပိုင်ရှင်ပင် ဖြစ်သည်။

သူမက တစ်ယောက်တည်းရှိနေသည်ဟု ထင်မှတ်ပြီး အတွင်းသို့ဝင်လာစဉ် အတွင်းရောက်တော့ လူတစ်ယောက်ကို တွေ့ရသဖြင့် မျက်လုံးပြူးသွားသည်။

"ဟင် "

"မကြောက်ပါနဲ့၊ ငါ မင်းကိုအန္တရာယ်မပေးပါဘူး"

"ရှင် ဘယ်လိုလွတ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အဖြစ်အပျက်အချို့ကို ပြောပြလိုက်သည်။

“ဒါဖြင့် ရှင်ပတ္တမြားကြီးကို ယူလာခဲ့ပြီပေါ့”

“ဟုတ်တယ်ယူလာခဲ့ပြီ”

“သူတို့သိသွားရင်တော့ အေးမယ်မထင်ဘူး”

“ဒါကအရေးမကြီးပါဘူး၊ မင်းတို့တရုတ်ဖြူတွေနဲ့ တွေ့ခဲ့ကြပြီမဟုတ်လား”

“ရှင်ဘယ်လိုသိတာလဲ”

“မင်းတို့ထွက်သွားတုန်းက လူအတော်များတယ် ပြန်လာတော့ နည်းနေတယ်”

“ဟုတ်တယ် သူတို့နဲ့တွေ့ခဲ့ကြရတယ်”

“မင်းတို့က သူတို့လူတွေကို သတ်လည်းသတ်၊ ဖမ်းခေါ်ပြီး ယဇ်ပူဇော်တာကို သူတို့ကဘယ်နေမှာလဲ”

“ဒီမှာကလည်း တစ်ပွဲစားဘီလူးသဘက်တွေကို လူတွေကိုယဇ်ပူဇော်ပြီး အစာမကျွေးရင်မရဘူး၊ တော်ကြာ . ရှိတဲ့လူတွေကို ပြန်သတ်တော့မှာ အခုတောင် ရှင့်ကိုမစားရဘူးဆိုရင် ဘယ်လောက်ဒေါသဖြစ်နေကြမယ် မသိဘူး”

“သူတို့စိတ်ဆိုးတာက အရေးမကြီးဘူး၊ တရုတ်ဖြူတွေ ဒီနေရာရောက်လာရင် ပြေးပေါက်မရပဲ မင်းတို့အားလုံး သေကြလိမ့်မယ်”

“ဒီတော့ ဘယ်လိုလုပ်ရမလဲ”





“မင်းတို့အခက်အခဲကို ငါတို့ဝင်ကူပေးလို့ရပါတယ်၊ ဒါပေမယ့် မင်းရဲ့အကြောင်းကိုတောင့် ငါကိုပြောပြရမယ်”

ဟုပြောသောအခါ အမျိုးသမီးက သက်ပြင်းချလိုက်လေသည်။

“မင်းနာမည်က ဘယ်သူလဲ”

“ရှမ်းနာမည်လည်းရှိတယ်၊ ဗမာလိုတော့ မဟူရာလို့ခေါ်ကြတယ်”

“ဒီနေရာကို ဘယ်လိုရောက်လာတာလဲ”

“ကျွန်မအဖေက ဘိန်းကုန်ကူးတဲ့ခေါင်းဆောင် တစ်ယောက်ပဲ၊ နာမည်က သံပချိုင်လို့ခေါ်တယ်”

တစ်နေ့တော့ တောထဲမှာသွားရင်း တိဘက်တစ်ယောက်ဆီက ပတ္တမြားတစ်လုံးရကြတယ်”

ထိုတိဘက်မှာ မန်ဟင်ဘုန်းကြီးကျောင်းမှ ပတ္တမြားခိုးယူလာသူဖြစ်သည်။

“အဖေတို့အဖွဲ့ ငါးယောက်ရှိတယ်၊ ပတ္တမြားရပြီးတဲ့နောက်မှာ ကျန်လေးယောက်က အဆိပ်မိပြီးသေသွားတော့ အဖေကပတ္တမြားကိုရတယ်”

နောက်တော့ ကျွန်မကိုပါခေါ်ပြီ တခြားနိုင်ငံကိုသွားဖို့ ထွက်အလာမှာ လူရိုင်းတွေနဲ့တွေ့ပြီး အဖမ်းခံကြရတယ်၊ သူတို့က အဖေကိုယဇ်ပူဇော်ပြီး သူဆီကပတ္တမြားကို ယူကြတယ်၊ နောက်တော့ ရုပ်တုကြီးပေါ်မှာ တင်ထားလိုက်ကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုတော့ ဘာကြောင့်မသတ်တာလဲ"

"ဒီမှာ မိန်းမတွေကို ယဇ်ပူဇော်လေ့မရှိဘူး၊ နောက်ပိုင်းမှာတော့ ဒီမှာရှိကြတဲ့ တစ်ပွဲစားဝိဇ္ဇာဥ်တွေရဲ့ အလိုအတိုင်း သူတို့ရဲ့ခေါင်းဆောင် လုပ်နေရတာပါပဲ"

"ဒါဖြင့် ဒီဝိဇ္ဇာဥ်တွေနဲ့မင်းက ဆက်သွယ်နိုင်တယ်ပေါ့ ဟုတ်လား"

"ကျွန်မက ဆက်သွယ်တာမဟုတ်ပါဘူး၊ အကြောင်းကိစ္စထူးရင်သာ သူတို့က လာပြောကြတာပါ၊ ရှင်တို့ဒီနယ်ထဲ ရောက်လာတာနဲ့ ကျမတို့ကြိုသိနေတာက ဒါကြောင့်ပါပဲ"

ထိုသို့ပြောပြမှပင် သဘောပေါက်သွားလေတော့သည်။

"ဒါကြောင့် တရုတ်ဖြူတွေကို ဝင်ပြီးသတ်သွားနိုင်တာကိုး၊ ငါတို့ကပတ္တမြားယူဖို့လာကြမှန်း သိနေရက်နဲ့ ဘာကြောင့် ဝင်ကယ်ပေးတာလဲ"

မဟူရာကသက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အမှန်အတိုင်းပြောရရင် ကျွန်မဒီလိုနေရာမျိုးမှာ မနေချင်ပါဘူး၊ထွက်ပြေးချင်ပါတယ်၊ ဒါပေမယ့် ထွက်ပြေးလို့လည်း မရတာကြောင့် ခက်နေတာပေါ့"

"ဘယ်လိုကြောင့်လဲ"

"လူရိုင်းတွေကို လှည့်စားပြီး လွတ်အောင်ပြေးလို့ ရချင်ရနိုင်ပေမယ့် တစ်ပွဲစားဝိဇ္ဇာဥ်တွေလက်ကတော့ ဘယ်လိုမှ လွတ်အောင်မပြေးနိုင်ပါဘူး၊ ဒါကြောင့် ဒီနေရာမှာ မနေချင်ပဲ





နေရပြီးတော့ သူတို့အတွက် လုပ်ပေးနေရတာပါ၊ ရှင်တို့ ရောက်လာတော့မယ်မှန်းသိတော့ ကျွန်မအတွက် အားကိုးစရာ ရမလားဆိုပြီး အကူအညီပေးခဲ့တာပါ"

ထိုသို့ပြောတော့မှ လိပ်ပတ်လည်သွားတော့သည်။

"ဒီနေရာရောက်တော့ စာနဲ့သတိပေးတာလည်း မင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဒါထက်ရှင်တို့မှာ တစ်ပွဲစားဝိဇ္ဇာဥ်တွေကိုနိုင်တဲ့ ဆေးဝါးတွေ ပါလာကြတယ်မဟုတ်လား၊ ဒါကြောင့် သူတို့ မစားနိုင်တာပေါ့နော်. . ၊ ကျွန်မပြန်ရောက်လာတော့ ကျောက်ပြားပေါ်မှာ အရိုးစုမတွေ့ရကတည်းက ရှင်လွတ်သွားပြီဆိုတာသိပါတယ်၊ ပတ္တမြားကြီးယူလာပြီဆိုတော့ ဘယ်လိုလုပ်မှာလဲဟင်"

"ဒီပတ္တမြားကြီးက ဘုရားမှာလှူထားတဲ့ပစ္စည်းပါ၊ ဒါကြောင့် သက်စွန့်ဆံဖျား လာယူရတာပါ၊ အခုရပြီဆိုတော့ သူ့နေရာပြန်ပို့ပေးရမှာပေါ့၊ ငါတို့ပြန်ရင် မင်းကိုပါခေါ်သွားမှာပါ"

"ဟင်. . ဖြစ်ပါ့မလားဟင် တစ်ပွဲစားဝိဇ္ဇာဥ်တွေလက်က လွတ်နိုင်ပါ့မလား"

ဟု စိတ်ပူစွာမေးသည်။

"စိတ်မပူပါနဲ့ သူတို့ကိုနိုင်တဲ့ဆေးတွေ ငါတို့မှာ ပါလာပါတယ်"

"ကျွန်မကို ဘယ်ခေါ်သွားမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသွားချင်တဲ့ ပြန်ချင်တဲ့နေရာကို ပြန်ပို့ပေးမှာပေါ့"

"အဖေမရှိတော့တဲ့နောက်မှာ ကျွန်မအတွက် အားကိုး မရှိတော့ပါဘူး၊ ဘယ်နေရာနေလို့ ဘယ်နေရာပြန်ရမယ်ဆို တာတောင်မသိတော့ပါဘူး"

"ဒီလိုဆိုတော့လည်း ငါတို့နဲ့သာလိုက်ခဲ့ပေါ့"

"ဘယ်နေရာကိုလဲဟင်"

"ငါတို့နေတဲ့ မြို့ကိုခေါ်သွားမှာပေါ့"

"ဖြစ်မယ်မထင်ပါဘူးရှင် ကျွန်မတစ်သက်လုံး တောထဲ တောင်ထဲမှာနေလာရတာ မြို့ဆိုတာ ကြားဖူးရုံပဲရှိတယ်၊ မြင် တောင်မမြင်ဖူးပါဘူး"

"ဒီအတွက် ဘာမှစိတ်မပူပါနဲ့၊ တောထဲက ကြက်တူရွေး တောင် မြို့ရောက်ရင် စကားသင်လို့တတ်သေးတာပဲ မင်းကလူ ပဲ ပြောပြလိုက်ရင် မခက်ပါဘူး"

"ဟိုရောက်တော့ ဘယ်သူက ခေါ်ထားမှာလဲဟင်"

"ငါတို့နဲ့ပဲနေပေါ့ကွာ ဘာမှပူစရာမရှိပါဘူး"

"ကျွန်မကိုခေါ်သွားတော့ ရှင့်မိသားစုတွေက အပြစ် ပြောကြမှာပေါ့"

"မပြောပါဘူးကွာ ငါကတစ်ယောက်တည်းသမားပါ၊ ငါ့မှာတပည့်တွေပဲရှိတယ် ၊ ကျန်တဲ့မိသားစုတွေ မရှိပါဘူး"

ထိုစကားကြားတော့မှ အနည်းငယ်စိတ်သက်သာရာ သွားဟန်ရှိသည်။





"ဒါထက်ရှင်တို့က ဒီလောက်ကြမ်းတဲ့တောထဲကို ဘာ ကြောင့်လာတာလဲဟင်"

"သစ်ခွပန်းလာရှာကြတာပါ၊ အဓိကကတော့ သစ်ခွ နက်လိုချင်လို့ ဒီနေရာအထိ ရောက်လာကြတာပဲ"

"သစ်ခွနက် ဟုတ်လား"

"ဟုတ်တယ် မင်းမြင်ဖူးမလား"

"မြင်ဖူးတယ် ကျွန်မတို့အရင်မနေခဲ့ဖူးတဲ့ နှိုင်ငွန်းတောင် ဘန်းပေါ်မှာ ရှင်တို့လိုချင်တဲ့ သစ်ခွနက်ရှိတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စိတ်ထဲ ဝမ်းသာသွားလေသည်။

"ဒီလိုဆိုရင်အတော်ပဲ မင်းကိုခေါ်သွားရင် ငါတို့လိုချင် တဲ့ သစ်ခွနက်ရှိတဲ့နေရာကို အလွယ်တကူရောက်နိုင်တာပေါ့၊ ဒါဆို . . ငါသွားတော့မယ်"

"ဟင် . . ဘယ်သွားမှာလဲ"

"အဖော်တွေရှိတဲ့နေရာ သွားမယ်လေ"

"အို ဘယ်ဖြစ်မလဲ လူရိုင်းတွေက ရှင်ကို သရဲသဘက် တွေစားလို့ ပျောက်သွားပြီလို့ ထင်နေတာ၊ ရှင်ကိုပြန်တွေ့ရင် ချက်ချင်းသတ်ပစ်ကြမှာပေါ့"

ထိုစကားကြောင့် အနည်းငယ်တုံ့ဆိုင်းသွားသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ဒီဂူထဲမှာ ပုန်းနေတာအကောင်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ခံနိုင်ရင်တော့ နေဆိုရင် နေပါ့မယ်"

ထို့နောက်မှာတော့ မဟူရာက သူ့ကို တစ်နေရာခေါ်သွားပြီး ရေနှင့်အစားအသောက်အချို့ ပေးသည်။

အနွေးဓာတ်ရစေရန် သားရေပြားချပ်များ ပေးသည်။ ဒေါက်တာမင်းထင်ကျော်မှာ သူမပေးသော အစားအသောက် စားပြီး တစ်ရေးအိပ်ရန် စိတ်ကူးသော်လည်း အိပ်မပျော်ပေ။ သူ့စိတ်က အဖော်များရှိရာ ရောက်နေသည်။

ထို့နောက် မနီးမဝေးနေရာမှာ မဟူရာရှိနေသောကြောင့် လှုပ်ရှားနေသည်။

တိတ်ဆိတ်နေသည့် ဂူအတွင်းမှာဖြစ်သောကြောင့် သူမထံမှ သက်ပြင်းချသံများကိုလည်း မကြာခဏ ကြားနေရသည်။ သူမလည်း ရင်ခုန်သံမြန်နေမည်မှာကတော့ အသေအချာပင်ဖြစ်သည်။

ထိုနေ့ညက ညဉ့်တာရှည်လွန်းလှသည်။







# အခန်း (၁၅)

# တစ်ပွဲစားမှော်မှ ဝိဉာဉ်များ

နောက်တစ်နေ့ ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ ချောက်ကမ်းပါးအပေါ်ဘက်မှ သေနတ်သံအချို့ကြားလာရသည်။ သေနတ်သံများမှာ အတော်နီးလာသည်။

ထိုအသံများကြောင့် မဟူရာက ချက်ချင်းလူစုပြီး အပြင်သို့သွားရန် ပြင်ဆင်သည်။

"သူတို့ဒီနေရာအထိ ရောက်လာကြပြီနဲ့တူတယ် ရှင်တို့



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေ ဟိုဘက်ဂူထဲမှာရှိတယ်၊ ကျွန်မသွားတော့မယ်"

ဟုပြောပြီး လူရိုင်းများကိုခေါ်ပြီးနောက် လှို့ဝှက်အ ပေါက်ထဲသို့ ဝင်သွားကြသည်။

အောက်မှာတော့ မိန်းမနှင့်ကလေးများသာ ကျန်ခဲ့ သည်။ ဒေါက်တာမင်းထင်ကျော်က သူမှာပါလာသော သေနတ် ကိုအဆင်သင့်ကိုင်ကာ အပြင်သို့ထွက်ခဲ့လေသည်။ အပြင်ဘက် မှာ မှောင်ရီသမ်းနေချေပြီ၊

လူရိုင်းမိန်းမနှင့် ကလေးများက သူထွက်လာတာမြင် တော့ ကြောက်လန့်တကြားနှင့် ဂူထဲသို့ ဝင်ပြေးကြသည်။ ဒေါက် တာမင်းထင်ကျော်က ငှင်းမိတ်ဆွေများရှိသော အခန်းဆီကို သွားကာ တံခါးဖွင့်ပေးလိုက်သည်။

"တစ်ညနဲ့တစ်နေ့လုံး ဘယ်ပျောက်နေတာလဲမောင် ထင်ကျော်ရာ ကျုပ်တို့မှာဖြင့် စိတ်ပူလိုက်ရတာ"

ဒေါက်တာမင်းထင်ကျော်က အဖြစ်အပျက်များကို အတိုချုပ်ကာပြောပြလိုက်သည်။

"အပေါ်ဘက်မှာ သေနတ်သံတွေကြားရတယ်၊ တရုတ် ဖြူတွေ လိုက်လာကြပြီနဲ့တူတယ်၊ ဒါထက် ပတ္တမြားကြီးရော ရခဲ့ပြီမဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်လိုလုပ်ကြမလဲ"

"ဟိုဘက်ဂူထဲမှာ ကျွန်တော်တို့လက်နက်တွေရှိတယ်





အဲဒါတွေကိုယူထားပြီး ဒီနေရာကပဲစောင့်ကြတာ ပိုကောင်းမယ်"

"ဘာကြောင့်လဲ"

"အခုနေ အပေါ်တက်သွားရင် သူတို့နဲ့ပက်ပင်းတိုးသွား နိုင်တယ်၊ ဒီတော့ ဒီနေရာကစောင့်နေပြီး တကယ်လို့ သူတို့ အောက်ကိုရောက်လာတော့မှ တိုက်ခိုက်တာ ပိုကောင်းမယ်"

"မောင်ထင်ကျော် ကောင်းသလိုသာ စီစဉ်ပေတော့"

ထို့နောက် ခုနစ်ယောက်စလုံး အပြင်ထွက်ကြပြီး မဟူရာပြောသည့် ဂူဘက်သို့သွားကြလေသည်။

ထိုဂူထဲမှာတော့ သူတို့ဆီမှယူထားသော သေနတ်များ အပြင် အခြားသေနတ်အချို့ကိုပါ တွေ့ကြရသည်။ ထို့ကြောင့် ကောက်ယူပြီး သေနတ်ကျည်ဆံစသည်တို့ကို စစ်ဆေးနေစဉ်မှာ အပေါ်ပိုင်းမှ သေနတ်သံများက ပိုနီးလာသည်။

အော်ဟစ်ဆူညံသံများကိုပါ ကြားလာရသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ လှို့ဝှက်ဝင် ပေါက်နှင့်အနီးဆုံးနေရာသို့သွားကာ ဂူပေါက်များအတွင်းမှာ နေရာယူလျက် အဆင်သင့်စောင့်နေကြသည်။

ခဏကြာတော့ ဂူပေါက်အတွင်းမှ လူရိုင်းများပြေးထွက် လာသည်။ သူတို့နောက်မှ မဟူရာလည်းပါလာသည်။

လူရိုင်းများမှာ လူနည်းစုသာကျန်တော့သည်။

သူတို့သည် ဂူပေါက်များအတွင်းသို့ ပြေးဝင်သွားကြ လေသည်။ နောက်မှ ထက်ကြပ်မကွာ လိုက်လာဟန်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဖြူများကလည်း သေနတ်များဖြင့် တစ်ယောက်ပြီးတစ်ယောက် ပစ်သတ်ကာ နောက်မှ ပြေးလိုက်လာသည်။

ဝင်ပေါက်ထွက်ပေါက်အဖြစ် ပြုလုပ်ထားသော ဂူပေါက်ဝမှာ သိပ်မကျယ်လှပေ။ ထိုဂူပေါက်ဝမှ တရုတ်ဖြူများ တစ်ယောက်ပြီးတစ်ယောက် ပြေးထွက်လာသည်။

ဒေါက်တာမင်းထင်ကျော်က အနီးဆုံးမှာရောက်နေသောကြောင့်အထဲသို့ ရောက်လာသည့် လူအရေအတွက်ကို ကြည့်နေသည်။

စုစုပေါင်း (၁၅) ယောက်ခန့်ရှိသည်။

အားလုံးခေတ်မီသေနတ်များ ကိုင်ထားကာ မည်းမည်းမြင်သမျှ စွတ်ပစ်နေတော့သည်။

သို့ကြောင့် သေနတ်သံများက နားမခံသာအောင် ဆူညံလျက်ရှိနေတော့သည်။

ဒေါက်တာမင်းထင်ကျော်က အနီးဆုံးရောက်လာသော တရုတ်ဖြူတစ်ယောက်ကို အရင်ပစ်သည်။

သေနတ်သံနှင့်အတူ တစ်ယောက်လဲကျသွားသည်။

မရှေးမနှောင်းမှာပင် အခြားနေရာ၌ စောင့်ဆိုင်းနေကြသူများထံမှ သေနတ်သံများ ဆက်တိုက်ပေါ်ထွက်လာရာ လူရိုင်းများကိုသတ်ဖြတ်ရန် သဲကြီးမဲကြီးလိုက်လာသော တရုတ်ဖြူတို့မှာ တစ်ယောက်ပြီးတစ်ယောက် ကျသွားလေတော့သည်။

အလောတကြီးဝင်လာသော တရုတ်ဖြူတို့မှာ မမျှော်





လင့်ပဲ သေနတ်ဖြင့်ပစ်ခံရသဖြင့် အံ့သြသွားကြသည်။ ပြီးမှ မည်းမည်းမြင်ရာ စွတ်ပစ်ကြလေတော့သည်။

ထိုသို့ပစ်သော်လည်း အကာအကွယ်ရနေသည့် သူတို့တစ်တွေကိုတော့ အန္တရာယ်မဖြစ်ကြပေ။

သူတို့ငါးယောက် အပြင်လမ်းပြလိုက်လာသော မာလုနှင့် စိုင်းပိတို့ကပါ သေနတ်ပစ်ရာတွင် ကျွမ်းကျင်ကြသောကြောင့် တက်ညီလက်ညီရှိကြသည်။

တရုတ်ဖြူများမှာ အကာအကွယ်မရှိသော ကွက်လပ်ထဲမှာ ရောက်နေသဖြင့် တစ်ယောက်ပြီးတစ်ယောက် သေနတ်ကျည်ဆံထိမှန်ကာ လဲကျသွားကြသည်။

နောက်ဆုံး တစ်ယောက်နှစ်ယောက်သာ ကျန်တော့မှ လာလမ်းအတိုင်း ပြန်တက်ပြေးသွားကြသည်။

"လက်နက်အားကိုးပြီး အပြစ်မရှိတဲ့လူတွေကို လိုက်သတ်နေတဲ့ တရုတ်ဖြူတွေတော့ အထိနာသွားကြပြီ၊ နောက်ထပ် ဒီနေရာလာဝံ့တော့မယ် မထင်ဘူး"

"မပြောနိုင်သေးဘူး၊ နောက်ထပ်လူစုပြီးတစ်ခေါက်ထပ်လာချင်လာနေဦးမှာ ဒီနေရာကအမြန်သွားတာ ပိုကောင်းမယ်"

ထိုသို့ပြောနေစဉ်မှာ မဟူရာနှင့်လူရိုင်းအချို့ ဂူပေါက်များအတွင်းမှ ပြန်ထွက်လာကြသည်။

လူရိုင်းများက သေနတ်များကိုင်ထားသည့် ဒေါက်တာမင်းထင်ကျော်တို့ကိုကြည့်ပြီး အံ့သြနေကြဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူတို့ယဇ်ပူဇော်ခဲ့သော ဒေါက်တာမင်းထင်ကျော်ကို ပြန်တွေ့ရသဖြင့် အံ့သြနေကြဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က မဟူရာအနီးသို့လျှောက်သွားပြီးပြောလိုက်သည်။

"ငါတို့ သွားတော့မယ် မင်းလိုက်ခဲ့မှာလား"

သူမက ခေါင်းညိတ်ပြသည်။

"သူတို့ကို ဒီနေရာက တခြားနေရာပြောင်းဖို့လည်း ပြောခဲ့ပါ တရုတ်ဖြူတွေထပ်ရောက်လာရင် အားလုံးအသတ်ခံရလိမ့်မယ်"

ဟု ပြောသဖြင့်မဟူရာက သူ့လူများကိုခေါ်ပြီး သူတို့နားလည်သောစကားဖြင့် ပြောပြလိုက်သည်။

အချိန်ကလည်း ညဥ့်နက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် ထိုနေရာတစ်ဝိုက်မှာ အမှောင်ထုများဖုံးနေလေသည်။

လူရိုင်းများမှာ မဟူရာက ဒေါက်တာမင်းထင်ကျော်နှင့်လိုက်သွားတော့မည်ကို သိကြသဖြင့် စိတ်မကောင်းဖြစ်နေကြဟန်ရှိသည်။

သို့သော်လည်း တားနိုင်ခွင့်တော့ မရှိကြတော့ပေ။

မဟူရာက သူတို့ကိုထိုနေရာမှ အမြန်ဆုံးထွက်သွားရန်ထပ်ပြောသောအခါ လူရိုင်းခေါင်းဆောင်တစ်ယောက်က သူတို့ဘာသာစကားဖြင့် ပြန်ပြောသည်။





"သူ ဘာပြောတာလဲ"

"သူတို့ကတော့ ရုပ်တုကြီးရှိတဲ့ တစ်ပွဲစားမှော်နေရာမှာပဲ အမြဲနေမယ်လို့ ပြန်ပြောတာ ကျွန်မကိုလည်း လိုက်မသွားဖို့တားနေကြတာ"

ထိုစကားကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှမတတ်နိုင်တော့ပါချေ။

မိုးမလင်းမီ ထိုနေရာမှထွက်ရန် ပြင်ကြလေသည်။

သို့သော်လည်း ထွက်ပေါက်နားသို့ မရောက်မီမှာပင်အနှောင့်အယှက်အတားအဆီးတစ်ခုက ပေါ်လာတော့သည်။

လူရိုင်းများတော့မဟုတ်ပါချေ။

သူတို့ သွားမည့်ဂူပေါက်ဝအနီးတွင် အရပ်အမောင်းမြင့်မားလှသော မည်းမည်းသဏ္ဌာန်သုံးကောင်က ပိတ်ရပ်နေကြလေသည်။

ထို့ပြင်သူတို့ပတ်ဝန်းကျင်မှာလည်း မည်းမည်းသဏ္ဌာန်များက ရောက်နေကြသည်။

"လမ်းဖယ်ပေးပါ"

"သင်တို့ လိုချင်တဲ့ပတ္တမြားရပြီဆိုတော့ သူ့ကိုထားခဲ့ပါ"

"သူ့ကို ကျုပ်တို့ခေါ်တာ မဟုတ်ဘူး၊ သူ့သဘောနဲ့သူလိုက်ခဲ့တာပဲ"

"သူက ကျုပ်တို့ပိုင်တဲ့လူပဲ ဒီနေရာမှာ သူမရှိလို့မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ. . ."

"ကျုပ်တို့အတွက် ယဇ်စာကျွေးတဲ့အလုပ်ကို သူပဲလုပ်ပေးနေတာဆိုတော့ သူမရှိရင် မဖြစ်ဘူး"

"မင်းတို့က ဘယ်သူတွေလဲ"

"ငါတို့က တစ်ပွဲစားဝိညာဉ်တွေပဲ"

"တစ်ပွဲစား ဝိညာဉ်ဆိုတာ မကောင်းတဲ့သရဲ သဘက်ဘဝရောက်နေရတာပဲ အခုထိ ကိုယ်ဘယ်လိုဘုံဘဝရောက်နေတာ မသိသေးဘူးလား"

ဦးဗန်ကောင်းစကားကြောင့် အသံတိတ်သွားသည်။

"အရင်ဘဝက တိရစ္ဆာန်တွေရဲ့အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြလို့ သေပြီးတဲ့နောက်မှ အခုလိုဘဝရောက်နေတာပဲ၊ ဒါကိုသတိမရသေးလို့ ဆက်ပြီးမိုက်နေသေးရင် မကြာခင် ငရဲဆင်းဖို့ပဲ ကျန်တော့တယ်"

"ငရဲဆိုတာဘာလဲ"

"ငရဲဆိုတာ ဒီထက်ပိုဆိုးတဲ့နေရာပဲ ရောက်သွားရင် ပြန်တက်လာလို့ မရတော့ဘူး၊ ဒီတော့ မင်းတို့လုပ်ရမှာက အခုရောက်နေတဲ့ဘဝမှာတင် အကုသိုလ်မှုတွေကို သက်သာနိုင်သမျှ သက်သာအောင်လုပ်ရမှာကွ"

"ဘယ်လိုလုပ်ရမှာလဲ"

"ကျန်ခဲ့တဲ့ မိဘဆွေမျိုးတွေကို ကုသိုလ်ကောင်းမှုလုပ်ပြီးအမျှအတန်း ဝေခိုင်းရင်ရတယ်၊ မင်းတို့က ဘယ်သူတွေလဲ"





"ငါက နွားသတ်ဆရာ ဦးထန်လုံပဲ"

"ငါက ဇန်မွန်းလို့ခေါ်တယ် ငါ့မိန်းမ မနန်းပိန်ကမရှိတော့ဘူး"

"ငါက စိုင်းထော်လို့ခေါ်တယ် ငါတို့က မန်ဖာရွာမှာနေခဲ့ကြတယ်"

ထိုစကားကြားတော့မှ သူတို့ရှေ့မှာ ရပ်နေသော မည်းမည်းသဏ္ဌာန် သုံးကောင်စလုံးမှာ မန်ဖာရွာမှ နာမည်ကျော်နွားသတ်သမား မိသားစုများ ဖြစ်ကြောင်းသိရတော့သည်။

သူတို့နာမည်များကို ကြားဖူးနေသော ထိုဒေသခံများဖြစ်ကြသည့် မာလုနှင့် စိုင်းပိတို့မှာ သေသွားတာကြာခဲ့ပြီးဖြစ်သည့် နွားသတ်သမားတို့၏ ဝိညာဉ်များကို သရဲသဘက်ဘဝနှင့် ပြန်တွေ့သောအခါ များစွာအံ့ဩထိတ်လန့် နေကြလေသည်။

"မင်းတို့ မိသားစုတွေမရှိရင်တောင် ဒီလိုကိစ္စမျိုးက ငါတို့အကူအညီပေးလို့ရပါတယ် လမ်းဖယ်ပေးပါ"

"သူ့ကိုထားခဲ့ပါ"

ဟုသာ အသံဩဩကြီးများနှင့် ဝိုင်းပြောနေရာ မဟူရာလည်း မျက်စိမျက်နှာပျက်နေသည်။

အချိန်ကလည်း မရှိတော့ပေ။

ထို့ကြောင့် မတတ်သာသည့်အဆုံး အသင့်ဆောင်ထားသော ဂမုန်းဘီလူးဥထုတ်လိုက်သောအခါ ဂူပေါက်ဝမှာ ပိတ်နေသောမည်းမည်းသဏ္ဌာန်တို့မှာ အနည်းငယ်နောက်ဆုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ဦးဖန်ကောင်းက ဂမုန်းဥများကို လက်ကကိုင်မြှောက်ထားရင်း ရှေ့မှတိုးသွားတော့ အနည်းငယ်ဆုတ်ပေးသည်။

ဂမုန်းနီ၊ ဂမုန်းဖြူ ဂမုန်းနက် ဥတို့မှာ နာနာဘာဝ မကောင်းဆိုးဝါးများ အထူးပင်ကြောက်လန့်ကြလေရာ သိဒ္ဓိရှိသော ဂမုန်းဘီလူးဥကို မြင်သောအခါ သရဲသဘက်ဘဝရောက်နေသူများ ကြောက်လန့်သွားခြင်းမှာ အဆန်းမဟုတ်တော့ပေ။

သူတို့ ဂူပေါက်ဝသို့ ဝင်ကာနီးမှာပင် မဟူရာကို အတင်းဝင်ဆွဲရန် ကြိုးစားကြသဖြင့် ပရိတ်ကြိုးဖြင့် တားထားကြရလေသည်။

သို့တိုင်အောင် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်များဖြင့် အနီးသို့ အတင်းတိုးဝင်လာကြသဖြင့် ဂူထဲသို့ရောက်အောင် အလျင်အမြန်ဝင်ကြရလေသည်။

အားလုံးဂူအတွင်းရောက်သွားတော့ သရဲသဘက်များကနောက်မှ ဝင်မလိုက်လာကြတော့ပေ။

မကောင်းဆိုးဝါးတို့သည် သူတို့နယ်နိမိတ်အတွင်းမှာသာ ရန်မူလေ့ရှိပြီး အခြားနေရာများသို့ သွားလေ့မရှိကြပေ။

ဒေါက်တာမင်းထင်ကျော်တို့မှာ အတွင်းသို့ရောက်သောအခါ အပေါ်သို့တက်သွားကြသည်။

ချောက်ကမ်းပါးပေါ်သို့ ရောက်သောအခါ မဟူရာကမေးသည်။





"အစ်ကိုတို့ အခုဘယ်သွားကြမှာလဲ"

"ပတ္တမြားကြီးရလာပြီဆိုတော့ မန်ဟင်ရွာပြန်ကြမယ်လေ"

"ဒါဖြင့် သစ်ခွနက်မရှာတော့ဘူးပေါ့"

"သစ်ခွနက်က ဘယ်နေရာမှာလဲ"

"ခွိုင်ငွန်းတောင်ကြောပေါ်မှာရှိတယ်၊ ဒီနေရာကသွားရင်မဝေးတော့ဘူး၊ မန်ဟင်ရွာရောက်မှ ပြန်သွားရင်အချိန်ကြာကြာသွားရလိမ့်မယ် ဒီနေရာကဆိုရင် တစ်ရက်နှစ်ရက်ဆိုရင်ရောက်သွားနိုင်တယ်"

ဟု ပြောသဖြင့် အချင်းချင်းတိုင်ပင်ကြရတော့သည်။

"သူပြောတာ ဟုတ်တယ်မောင်ထင်ကျော် ဒီခရီးလမ်းတွေက အန္တရာယ်သိပ်များတယ်၊ နောက်တစ်ခေါက်ထပ်လာဖို့မလွယ်လှဘူး၊ ခရီးနီးနေတုန်း တစ်လက်စတည်းဆက်သွားလိုက်တော့ ပိုကောင်းမယ်ထင်တယ်"

ဟု ဦးဖန်ကောင်းက သူ့ သဘောကို ပြောပြသည်။

ကျန်အဖွဲ့သားများကလည်း ဒေါက်တာမင်းထင်ကျော်သွားမည်ဆိုပါက ဘယ်သူမှ မငြင်းပယ်ကြပဲ လိုက်ကြမည်ဖြစ်ရာ ခွိုင်ငွန်းတောင်ကြောဘက်သို့ ခရီးဆက်ကြရန် ဆုံးဖြတ်လိုက်ကြလေသည်။

"မင်းကရော အဲဒီလမ်းတွေကို မှတ်မိတယ်မဟုတ်လား"

"ကျွန်မက ဒီနယ်တစ်ကြောမှာ ကြီးပြင်းလာတဲ့သူပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နှိုင်ငွန်းတောင်ပေါ်မှာ ဘယ်နေရာမှာဘာရှိတယ်ဆိုတာတောင် မှတ်မိပါတယ်၊ တစ်ခုပဲရှိတယ် အဲဒီတောင်ကြောပေါ်မှာ ဘိန်းကုန်ကူးနေတဲ့ တရုတ်ဖြူတွေ အသွားအလာများတော့ သူတို့နဲ့ တွေ့မှာပဲ စိုးရိမ်စရာရှိပါတယ်"

"ဒါကတော့ ဒီလိုပဲ သတိနဲ့သွားကြရမှာပေါ့"

ထို့နောက်မှာတော့ မဟူရာ၏လမ်းပြပေးမှုဖြင့် နှိုင်ငွန်းတောင်ကြောဘက်သို့ ဦးတည်ကာ ခရီးဆက်ကြလေတော့သည်။







# အခန်း (၁၆)

# အာသာဝတီနတ်ပန်းကို တွေ့ကြရခြင်း

ဒေါက်တာမင်းထင်ကျော်တို့ရောက်နေသော နေရာနှင့် နှိုင်ငွန်းတောင်ကြောမှာ တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ ထို့ကြောင့် အနောက်မြောက်ယွန်းယွန်းသို့ ဦးတည်ကာ သွားကြလေသည်။

မဟူရာဆိုသော အမျိုးသမီးမှာ ထိုအရပ်ဒေသမှာ မွေးဖွားကြီးပြင်းလာသည်ဆိုသည့်အတိုင်း နေရာအတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ကို သိနေလေသည်။

သူမလမ်းပြကျွမ်းကျင်မှုကြောင့်ပင် တစ်ရက်နှစ်ရက် အတောအတွင်းမှာပင် နှိုင်ငွန်းတောင်ကြောပေါ်သို့ ရောက် သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖို့ကတော့ အကယ်၍ သူတို့ရှာဖွေနေသော သစ်ခွနက်ကိုပါ ရှာဖွေတွေ့ရှိပါက အများ အကျိုးအတွက်ဆောင်ရွက်ပေးသော ပတ္တမြားကိစ္စလည်း အ ဆင်ပြေ၊ သူတို့ရည်ရွယ်ချက်လည်း ပြည့်မည်ဖြစ်သဖြင့် တစ် ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဖြစ်တော့ပေမည်။

မဟူရာမှာ တောင်တက်ခရီးများကို ကျွမ်းကျင်လျင်မြန် စွာ သွားလာနိုင်သူဖြစ်သည်။ တောထဲမှာမွေး၊ တောထဲမှာပင် ကြီးပြင်းလာသူဖြစ်သဖြင့် ယောကျ်ားများနှင့် ခြေရည်တူ သွား လာနိုင်သူဖြစ်သည်။

တောင်ကြောပေါ်ရောက်တော့ တောင်ပတ်လမ်းအချို့ ကိုတွေ့ရသည်။

ရှေးကတည်းက ဖောက်ထားခဲ့သည့် လမ်းများဖြစ်သ ဖြင့် အချို့နေရာများတွင် တောင်ပြိုရာတွင်ပါသွားသဖြင့် လမ်း ပြတ်နေသည်လည်းရှိသည်။

အချို့နေရာများမှာ ကျောက်တုံးကြီးများ ပိတ်ဆို့နေ သည်လည်းရှိသည်။

ထိုနေရာများတွင် ခက်ခက်ခဲခဲ နှင့် သတိဖြင့်သွားကြ





ရသည်။ ထိုတောင်ကြောပေါ်ရောက်တော့ တောကပိုနက်လာ သည်။ အခက်အလက်ဝေဆာလှသော သစ်ပင်မြင့်ကြီးများက အကိုင်းချင်း၊ အရွက်ချင်းဆက်ကာ နေပြောက်မထိုးအောင်ရှိနေ ကြသလို ထိုသစ်ပင်များပေါ်မှာ စိတ်ဝင်စားဖွယ်ကောင်းသော သစ်ခွပန်းမျိုးစုံကို တွေ့မြင်ရသည်။

အချို့က သစ်ပင်ကြီးများ၏ ပင်စည်၌သော်လည်း ကောင်း၊ အကိုင်းအခက်များမှာသော်လည်းကောင်း တွယ်ကပ် နေကြသည်။ အချို့က တွဲလောင်းကျနေကြသည်။

ရောင်စုံသစ်ခွပန်း အမျိုးမျိုးတို့မှာ တွေ့မြင်ရသည်နှင့် ပင် စိတ်ချမ်းမြေ့ဖွယ်ရာဖြစ်သည်။

နှိုင်ငွန်းတောင်တန်းမှာ အမြင့်ပေ(၆၅၀၀)ကျော်ခန့် မြင့်ပြီး တောင်ထိပ်ပိုင်းမှာ သာယာလှသည်။

ဒေသခံများကတော့ ထိုမျှသာယာလှပလှသည့် တောင် ကို နှိုင်ငွန်းတောင်ဟု မခေါ်ပဲ “ဘာဘူလုံထန်” ဟုသာခေါ်ဝေါ် ကြသည်။

ထိုတောင်ထိပ်ပေါ်မှကြည့်လျှင် မလိခမြစ်ဖျားခံရာ မလိခူးရှိ ရေခဲတောင်များကိုသော်လည်းကောင်း၊ ဧရာဝတီမြစ် ၏ မြစ်ဖျားခံရာ နမ့်တမိုင်မြစ်ကို စိုးမိုးထားသော တောင်တန်း ကြီးများကိုပင် လှမ်းမြင်နိုင်သည်။

ထိုတောင်ကြောပေါ်မှာ သစ်ခွနက်ရှိနေကြောင်း စတင် တွေ့ရှိသူမှာ “ကင်းဒမ်းဝါဒ်” ဆိုသူဖြစ်သည်။ သူက သစ်ခွနက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့သောနေရာကိုလည်း မှတ်တမ်းမှတ်ရာများ ရေးသားလေသည်။

ထို့ကြောင့်လည်း ဒေါက်တာမင်းထင်ကျော်တို့မှ ရွှိုင်ငွန်းတောင်ကြောပေါ်မှာ သစ်ခွနက်ရှိနေကြောင်း သဲလွန်စရခဲ့ကြခြင်းဖြစ်သည်။

တောင်ကြောပေါ်မှာပင် နှစ်ရက်ခန့်ကြာသောအခါ လူအများ စခန်းချသောနေရာတစ်ခုကို ရောက်သွားကြသည်။

(ထိုနေရာကို ဒေသခံများက မဆာဘူးစခန်း ဟုအမည်ပေးထားကြောင်း နောက်တွင် သိရလေသည်)

ထိုစခန်းရောက်တော့ ခေတ္တနားကြသည်။ စောထီး၊ ငမဲအောင်၊ မာလု၊ စိုင်းပိတို့က အစားအသောက်များအတွက် ပြင်ဆင်နေကြစဉ် ကျွန်ုပ်တို့က အမောပြေရင်း စကားပြောနေကြသည်။

"မောင်ထင်ကျော်တော့ သတိထားမိသလားမသိဘူး၊ ကျုပ်တော့ သတိထားမိတာ တစ်ခုရှိတယ်"

"ဘာများလည်းဆရာရဲ့"

"လမ်းတစ်လျှောက်လုံး ကျုပ်တို့နောက်က ခြေရာခံလိုက်လာတဲ့ ခြေသံတွေကို သတိပြုမိတယ်"

"မဟူရာနောက်ကို လူရိုင်းတွေများ လိုက်လာကြသလားမှမသိတာ"

"ဖြစ်နိုင်တာပေါ့၊ အခွင့်အရေးရတာနဲ့ မဟူရာဆိုတဲ့





မိန်းကလေးကို အတင်းပြန်ခေါ်သွားဖို့များ ကြံစည်ပြီး နောက်ယောင်ခံလိုက်လာကြသလားမသိဘူး"

ထိုသို့ပြောနေစဉ်မှာ မဟူရာက သူတို့နှင့်မနီးမဝေး သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်ပြီး အမောဖြေနေလေသည်။

သူမကို အကဲခတ်ကြည့်ရသည်မှာ မျက်နှာမသာမယာဖြစ်နေလေသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က သူမအနီးသို့ လျှောက်သွားပြီးမေးလိုက်သည်။

"မဟူရာ မျက်နှာလည်း မကောင်းပါလား ဘာဖြစ်လို့လဲ"

ထိုသို့မေးသော်လည်း ချက်ချင်းပြန်မပြောဘဲ အဝေးသို့ငေးကြည့်နေသည်။

သူမမျက်လုံးအိမ်မှာ မျက်ရည်များ ရစ်ဝဲနေသည်ကိုတော့ ဒေါက်တာမင်းထင်ကျော် သတိမပြုမိပေ။

အတန်ကြာတော့မှ ပြန်ပြောသည်။

"သူတို့ လိုက်လာကြတယ်"

"ဟင် ဘယ်သူတွေလဲ"

"တစ်ပွဲစား မှော်ကလူရိုင်းတွေ"

"ဟင် မဟူရာဘယ်လိုသိသလဲ"

"ကျွန်မတို့နဲ့ မနီးမဝေးနေရာမှာ သူတို့ရှိနေကြတာ



www.burmeseclassic.com

www.burmeseclassic.com

ကျမ အလိုလိုသိနေပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

သစ်ပင်ချုံနွယ်များ ပိတ်ဆီးနေသောကြောင့် အခြားဘာမှတော့ မမြင်ရပေ။

"မင်းကြည့်ရတာ စိတ်မကောင်းဖြစ်နေပုံပဲ ဘယ်လိုဖြစ်လို့လဲ"

ထိုသို့မေးသောအခါ မျက်ရည်ဝဲသော မျက်လုံးဖြင့် မော့ကြည့်လေသည်။

"ကျွန်မဘယ်လိုလုပ်ရမလဲ"

"ဒါကတော့ မင်းကိုယ်တိုင် ဆုံးဖြတ်ရမယ့်ကိစ္စပဲ ငါတို့ကတော့ဘာမှဝင်ပြီး ဆုံးဖြတ်ပေးလို့မရဘူး၊ မင်းသူတို့နဲ့ ပြန်လိုက်သွားချင်လို့လား"

"ကျွန်မ အစ်ကိုတို့နဲ့လိုက်ရင် ကျွန်မအတွက်နဲ့ ဒုက္ခတွေပိုလာမှာကို စိုးရိမ်ပါတယ်"

"ဘာမှ ဒုက္ခပိုစရာမရှိပါဘူး၊ ငါသဘော ပြောရရင် မင်းရဲ့ဘဝကို ဒီလိုနေရာမျိုးမှာ တစ်သက်လုံး အဆုံးရှုံးမခံသင့်ဘူး၊ ဟိုရောက်တဲ့အခါ မင်းအတွက် ပျော်စရာကောင်းတဲ့ အပြောင်းအလဲတွေ အများကြီးတွေ့ရမှာပါ"

ဟုဖျောင်းဖျပြောဆိုတော့မှ ဘာမှမပြောပဲ ငြိမ်သွားလေသည်။





သူမကိုကြည့်ရသည်မှာ မတင်မကျနှင့် ချီတုံချတုံဖြစ်နေဟန်လည်းရှိသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ မိမိအဖွဲ့သားများအား သတိပေးထားလိုက်သည်။

"ဒီပတ်ဝန်းကျင်မှာ လူရိုင်းတွေရှိတယ် သတိမလစ်ကြစေနဲ့"

ထိုနေရာမှာ အတန်ကြာအောင် နားကြပြီး အစားအသောက်များကို စားသောက်ပြီးတော့မှ ရှေ့သို့ခရီးဆက်ကြလေသည်။

မဆာဘူးစခန်းမှ လွန်သောအခါ ယခင်ရှိခဲ့ပြီးသော သမ်းဟောင်းများမှ မသွားတော့ပဲ တောလမ်းများသို့ ဖြတ်ဆင်းသွားကြရသည်။

ထိုလမ်းများမှာတော့ ထူထပ်သဖြင့် ခက်ခက်ခဲခဲသွားကြရလေသည်။

အတန်ကြာအောင်သွားမိသောအခါ သဘာဝအတိုင်းဖြစ်ပေါ်နေသော ကျောက်တောင်၊ ကျောက်တုံးများကို တွေ့ကြရသည်။

သစ်ခွနက်ပေါက်သော နေရာမှာသစ်ပင်အမြင့်များပေါ်မှာမဟုတ်ပဲ မြေပြင်မှာရှိသည့် ကျောက်တုံး၊ ကျောက်ဆောင်များ၌သာ ပေါက်လေ့ရှိကြောင်း ကင်းဒမ်းဝါဒ်မှတ်တမ်းတွင် ဖော်ပြထားသည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုကျောက်တုံး၊ ကျောက်ဆောင်များရှိရာ ရောက်သောအခါ စိတ်ထဲမှာ မျှော်လင့်ချက်ရှိလာတော့သည်။

ရှေ့မှလမ်းပြခေါ်သွားသည့် မဟူရာကလည်း ထိုကျောက်တုံးကျောက်ဆောင်များ ရှိရာဘက်သို့ ဦးတည်သွားလေသည်။

"သစ်ခွနက်ရှိတာ ဒီနေရာပဲ၊ ဒီနေရာတစ်ဝိုက်မှာပဲ လိုက်ရှာကြည့်ကြပါ"

ဟုပြောသဖြင့် လူစုခွဲပြီး ထိုနေရာတစ်ဝိုက်ကို လိုက်လံရှာဖွေကြသည်။

မဟူရာကတော့ ဒေါက်တာမင်းထင်ကျော်နှင့်အတူ လိုက်လာလေသည်။

ထိုနေရာမှာရှိသော ကျောက်တုံးကျောက်ဆောင်များမှာ အချို့အတော်ပင်ကြီးမားလှသည်။

ကျောက်တုံးကျောက်ဆောင်များတွင် တွယ်ကပ်စွဲနေသည့် ပျားအုံကြီးများကိုလည်း တွေ့ကြရသည်။ အချို့ပျားအုံကြီးများမှာ ဆန်ကောလောက်ရှိပြီး အချို့မှာ လှည်းဘီးတမျှကြီးမားလေသည်။

ထိုနေရာတစ်ဝိုက်ကလေးမှာပင် ပျားအုံပေါင်းနှစ်ဆယ်ခန့်ရှိသည်။

လူသူကင်းဝေးပြီး အန္တရာယ်ကင်းသည့်နေရာဖြစ်သောကြောင့် ယခုကဲ့သို့ တစ်နေရာတည်းမှာ တစ်စုတစ်ဝေး လာ





ရောက်စွဲနေကြခြင်း ဖြစ်တန်ရာသည်။

အချို့ပျားအုံရှိသောနေရာမှာတော့ ထူးထူးခြားခြား လူတို့အမှတ်အသားပြုထားခဲ့သော နေရာများကိုတွေ့ရသည်။

"ဒါအမှတ်အသားတွေက ဘာလုပ်တာလဲ"

"ဒီပျားအုံကို အရင်ဆုံးတွေ့တဲ့ တောတတ်သမား၊ ဒါမှမဟုတ် မုဆိုးတစ်ယောက်ယောက်က အမှတ်အသားလုပ်ထားတာပါ၊ ဒီလိုလုပ်ထားရင် နောက်တစ်ယောက်က တွေ့ရင်လည်း အဲ့ဒီပျားအုံကို မဖွပ်တော့ဘူး"

"တောနက်ထဲမှာ ဒီလိုမှတ်ထားရုံနဲ့ စိတ်ချရပါ့မလား"

"ရပါတယ် ဒါက မုဆိုးတွေလိုက်နာရမယ့် စည်းကမ်းဖြစ်ပါတယ်၊ ဒီစည်းကမ်းကို ဘယ်သူမှ မချိုးဖောက်ဝံ့ကြပါဘူး၊ တကယ်လို့ သစ္စာဖျက်ပြီး ချိုးဖောက်ရင်လည်း အန္တရာယ်နဲ့တွေ့ပြီး သေတာပါပဲ၊ ဒါကြောင့် ဘယ်သူမှ မလုပ်ဝံ့ကြဘူး"

ဟု မဟူရာကပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က ကြီးမားလှသည့် ပျားအုံကြီးများကိုကြည့်ပြီး ကျောက်တုံးနှစ်ခုကြားသို့ ဝင်ကြည့်သောအခါ ရေညှိများစွဲကပ်နေသည့် ကျောက်နံရံတစ်ခုပေါ်မှာ စွဲကပ်နေသော သစ်ခွပန်းများကို တွေ့ရလေတော့သည်။ သူတို့ ရှာဖွေနေသည့် အာသာဝတီနတ်ပန်းဟုခေါ်သော သစ်ခွနက်များပင်ဖြစ်ပေတော့သည်။

အာယာဝတီနတ်ပန်း၊ ပဥ္စသကနတ်ပန်း စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တင်စားခေါ်ခဲ့ကြပြီး နိုင်ငံခြားသစ်ခွပညာရှင်များက ပါဖီယိုပီဒီလမ်းဝါဒီ (Paphopedilum Wardii) သို့မဟုတ် ဆင်ပရီပီဒီယမ် ဝါဒီယာနမ် (Cypripedium Weardianum) ဟု အမည်ပေးထားကြသော သစ်ခွနက်ပင် ဖြစ်ပေတော့သည်။ မြေစိုက်သစ်ခွမျိုးဖြစ်ပြီး လေဒီရှူးဟုခေါ်သော အမျိုးသမီးစီး ခုံမြင့်ခဒါက်ဖိနပ်ပုံသဏ္ဌာန်မျိုးဖြစ်သည်။ သစ်ခွနက်ဟုသာခေါ်သော်လည်း နီညိုရောင်၊ အစိမ်းနုရောင်နှင့် အဝါရောင်များ ရောထွေးလျက်ရှိသည်။

မြေစိုက်သစ်ခွမှ အရိုးတံထွက်လာပြီး ထိပ်တွင်ပန်းပွင့်သည်။ ရိုးတံတစ်ခုတွင် ပန်းတစ်ပွင့်သာဖြစ်သည်။ ပုံသဏ္ဌာန်မတူသော်လည်း ပန်းပွင့်ပုံမှာ ပိန်းပန်းများပွင့်သော ပုံသဏ္ဌာန်အတိုင်းဖြစ်သည်။

ထိုကျောက်တောင်နံရံတွင် သစ်ခွနက်များ အတော်များများပွင့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က သူကြိုးစားရှာဖွေနေသည့် သစ်ခွနက်ကိုရှာတွေ့ပြီဖြစ်သဖြင့် များစွာကျေနပ်ဝမ်းမြောက်သွားလေသည်။

မဟူရာကိုလည်း ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်သည်။

"မင်းလိုက်ပို့ပေးလိုသာ ဒီလောက်ရှားပါးတဲ့သစ်ခွပန်းမျိုးကိုတွေ့ရတာပဲ မင်းကိုသိပ်ပြီးကျေးဇူးတင်ပါတယ်"

ဟုပြောသည်။





ထို့နောက် မိမိအဖွဲ့သားများကို အချက်ပေးပြီးခေါ်လိုက်သောအခါ အားလုံးထိုနေရာသို့ ရောက်လာကြလေသည်။ အားလုံးမှာလည်း သူတို့ရှာဖွေနေသော သစ်ခွပန်းများကို တွေ့ရသဖြင့် များစွာဝမ်းမြောက်သွားကြလေတော့သည်။

"ဒီတစ်ခေါက်ကတော့ အများအကျိုးလည်းဆောင် ကိုယ့်အကျိုးလည်းအောင်ဆိုသလိုပဲ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ"

"ဟုတ်တယ်ဆရာရေ ဦးထန်ဖုန်းရှိန်တို့ရွာက ပျောက်သွားတဲ့ ပတ္တမြားကြီးလည်း ပြန်ရ၊ ကျွန်တော်တို့ရှာနေတဲ့ သစ်ခွနက်လည်းရပြီဆိုတော့ ကိစ္စပြီးပြီ"

ဟုပြောဆိုကာ သစ်ခွနက်များကို ဂရုတစိုက် ခွာယူကြလေသည်။

ထိုနေ့က အချိန်မရှိတော့သဖြင့် ထိုနေရာတစ်ဝိုက်ရှိ သင့်တော်သောနေရာ တစ်နေရာတွင် စခန်းချပြီး နားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

# မဟူရာလမ်းမှအလှပန်းတစ်ပွင့်

တစ်ညလုံးမောမောပန်းပန်းအိပ်ကြရာ နောက်တစ်နေ့နံနက်လင်းတော့မှ မဟူရာတစ်ယောက် ပျောက်နေသည်ကို သိရတော့သည်။ ထိုနေ့ညကသူတို့အားလုံး အဘယ်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည်ကိုတော့ သူတို့မသိကြပေ။

"ကောင်မလေးတော့ မရှိတော့ဘူး"

"သူ့ဘာသာ ထွက်ပြေးသွားတာလား ကျွန်တော်တို့ အိပ်ပျော်နေတုန်း လူရိုင်းတွေ ဝင်ခေါ်သွားတာများလား"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"သူဘာသာလိုက်ချင်လို့ ပြန်လိုက်သွားရင်တော့ အရေးမကြီးဘူး၊ သူကမလိုက်ချင်ပဲ အတင်းပြန်ခေါ်သွားရင်တော့ သိပ်မကောင်းဘူး"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျွန်တော်တို့လည်း ဒီနေရာမှာ ကြာကြာဆက်နေလို့မကောင်းဘူး၊ မန်ဟင်ရွာကို ပြန်ကြမှဖြစ်မယ်"

"ဟုတ်တယ် ကျွန်တော်တို့လိုချင်တဲ့ သစ်ခွပန်းရောပတ္တမြားပါ ရလာပြီဆိုတော့ ပြန်ကြတာပေါ့၊ တကယ်လို့ သူနဲ့ရေစက်မကုန်သေးဘူးဆိုရင်တော့လည်း ပြန်တွေ့ရဦးမှာပေါ့"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစွာဖြင့် ပြောသည်။ ဇော်ကယ်လည်း သူ့စိတ်ထဲမှာ မဟူရာအတွက် စိတ်မကောင်းဖြစ်နေမိသည်။

ဒီလိုနေရာမျိုးမှာ တစ်သက်လုံး နစ်မွန်းသွားမည်ကို တွေးမိသောအခါ ထိုကဲ့သို့ စိတ်မကောင်းဖြစ်မိသော်လည်း တားပိုင်ခွင့်လည်းမရှိ။ ဘာမှလည်း မတတ်နိုင်ခဲ့ပါချေ။

နံနက်စောစောမှာပင် စခန်းသိမ်းပြီး ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။ အပြန်ခရီးမှာတော့ အလာတုန်းကလောက် ခက်ခဲမှု မရှိတော့ပေ။ လမ်းတစ်လျှောက်လုံးမှာလည်း မဟူရာနှင့်ပတ်သက်သည့် အရိပ်အယောင် တွေ့ရလေမလားဟု သွားရင်းလာရင်းကြည့်သော်လည်း ဘာမှမတွေ့ရပေ။

ထို့ကြောင့် သူမအနေဖြင့် လူရိုင်းများနှင့်အတူတူနေ





လို၍သာပြန်သွားခြင်းဖြစ်မည်ဟု မှတ်ချက်ချလိုက်ကြသည်။

အဖြစ်မှန်ကတော့ ထိုကဲ့သို့မဟုတ်ပေ။

သူတို့ကိုအိပ်မွေ့ချပြီး လူရိုင်းများက မဟူရာကို ဖမ်းခေါ်သွားကြခြင်းပင်ဖြစ်သည်။ ထိုအဖြစ်မှန်ကိုတော့ ဒေါက်တာမင်းထင်ကျော်တို့က မသိကြပေ။

လူရိုင်းအချို့မှာ သူတို့ထွက်သွားသည့်နောက်ပိုင်း မရှေးမနှောင်းမှာပင် နောက်ယောက်ခံကာ လိုက်လာကြခြင်းဖြစ်၏။ အခွင့်သာသောအခါမှပင် ယခုကဲ့သို့ ပြုလုပ်ပြီးနောက် ခေါ်သွားကြခြင်းဖြစ်လေသည်။

သို့သော်လည်း တောတွင်းတစ်နေရာရောက်သောအခါ လူရိုင်းများနောက်မှ ခြေရာခံပြီးလိုက်လာသော တရုတ်ဖြူများနှင့်တွေ့ကာ တိုက်ခိုက်ကြလေတော့သည်။

လူရိုင်းများက အဆိပ်လူးမြား၊ ဓား၊ လှံတို့ဖြင့် တိုက်ခိုက်ကြကာ တရုတ်ဖြူတို့က သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ သေနတ်သံများက အဝေးမှပင်ကြားနိုင်ကြသည်။

ထိုသေနတ်သံကြားရသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း အသံကြားရာဘက်သို့ သွားကြလေသည်။ လက်နက်ချင်းမတူသောကြောင့် လူရိုင်းများမှာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားရာမှ နောက်ဆုံး တစ်ယောက်မှ မကျန်တော့ပေ။

"ငါတို့လူတွေကို ဖမ်းပြီးသတ်ပစ်နေတဲ့ လူရိုင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ အရှင်မထားနဲ့ . သတ်ပစ်ကြ"

ထိုသို့ အငြိုးထားပြီး လိုက်လံသတ်ဖြတ်ရာ အားလုံး သေသွားသောအခါ မဟူရာကို ဖမ်းမိသွားတော့သည်။

တရုတ်ဖြူတို့ အချို့သေသွားသော်လည်း ဆယ်ယောက် ခန့်ကျန်နေသေးသည်။ သူတို့သည် ချောမောလှပသော မဟူရာ ကို ဖမ်းမိသောအခါ များစွာဝမ်းမြောက်ဝမ်းသာရှိနေကြသည်။

"နင်ကလူရိုင်းတွေရဲ့ ခေါင်းဆောင်မဟုတ်လား"

မဟူရာက ဘာမှပြန်မပြောပေ။

"အရင်က ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးစွပ်တပ် ထားတဲ့ မိန်းမတစ်ယောက်ပါတယ် နင်ပဲမဟုတ်လား"

"ဟုတ်တယ်"

"အေး အခုလို မျက်နှာဖုံးမပါတော့ နင်က အချောသား အလှသားပဲ၊ နင့်ကိုအခုလိုဖမ်းမိတာကောင်းတယ်၊ ငါတို့လူတွေ ကိုယဇ်ပူဇော်ပြီး သတ်ပစ်တဲ့အတွက် နင့်ကို ကလဲ့စားပြန်ချေ ရမယ်"

"နင်တို့သတ်လည်း ငါမကြောက်ဘူး"

"နင် မကြောက်လည်း သတ်ပစ်မှာပါပဲ၊ ဒါပေမယ့် ဒီအ တိုင်းတော့ ဘယ်သတ်မလဲ ဒီလောက်လှတဲ့မိန်းမတစ်ယောက် ရပြီးမှ ဒီအတိုင်းသတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ငါတို့ဟစ်တွေ အောင် ပွဲခံရဦးမယ် ပြီးမှသတ်မယ်"

ဟုပြောပြီး သူမကို လူအချို့က ခြေနှင့်လက်များကို





မလှုပ်သာအောင် ချုပ်ထားပြီး ခေါင်းဆောင်က အောင်ပွဲခံရန် ကြိုးစားသည်။

မဟူရာကလည်း ခွန်အားရှိသမျှ ရုန်းကန်နေသည်။

"နင်တို့လို လူယုတ်မာတွေလက်ချက်နဲ့တော့ ဒီလိုအဖြစ် မခံဘူး၊ ငါ့ဘာသာသတ်သေပစ်မယ်"

"နင်ကလည်း အလကြီးပါလား၊ တွေ့ကြသေးတာ ပေါ့"

လူအင်အားချင်းကလည်းမမျှ၊ ခွန်အားချင်းကလည်း မမျှတော့သဖြင့် မလှုပ်သာအောင် အချုပ်ခံရတော့သည်။ တရုတ်ဖြူခေါင်းဆောင်က အောင်ပွဲခံရန် ပြင်နေစဉ် သေနတ်သံ တစ်ချက်ထွက်လာပြီး နောက်ကျောကော့ကာ မဟူရာကိုယ်ပေါ် သို့ လဲကျလာလေသည်။

မရှေးမနှောင်းမှာပင် နောက်ထပ် သေနတ်သံများဆက် တိုက်ကြားရပြီး လေးငါးယောက် လဲကျသွားကြသည်။ ကျန်လူ များကလည်း သေနတ်များဖြင့် မည်းမည်းမြင်ရာ ပစ်ကြလေ ရာ သေနတ်သံများက တောတွင်းမှာ ဆူညံသွားလေတော့သည်။

အချို့လည်း သွေးရူးသွေးတန်းဖြင့် တောတွင်းသို့ ဝင် ပြေးသော်လည်း မလွတ်ကြတော့ပေ။

နေရာခွဲပြီးစောင့်နေကြသည့် ဒေါက်တာမင်းထင်ကျော် တို့အဖွဲ့သားများနှင့် တွေ့ကာ သုတ်သင်ခံလိုက်ကြရလေသည်။

နောက်ဆုံးမှာတော့ တရုတ်ဖြူများအားလုံး သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။ အခြေအနေလည်း ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

"လက်နက်အားကိုးနဲ့ တခြားတိုင်းပြည်ကလာပြီး ငါတို့တိုင်းရင်းသားတွေကို လာပြီးဒုက္ခပေးနေကြတဲ့ လူယုတ်မာတွေကို အခုလိုသုတ်သင်ပစ်ရတာ အရသာရှိလိုက်တာ"

ဟု မာလုနှင့် စိုင်းပိတို့ကပြောသည်။

"ဘယ်လိုကြောင့်လည်းကွ မင်းတို့ကြည့်ရတာ တရုတ်ဖြူတွေကို အတော်ကလေး စိတ်နာနေပုံရတယ်"

"မနာပဲ နေပါ့မလားဆရာရယ် သူတို့ဝင်ပြီး ဒုက္ခပေးနေတာ အတော်ကြာပြီ၊ တစ်နယ်လုံးမှာ ဘိန်းမစိုက်ချင်လည်းသေနတ်ပြပြီး အတင်းစိုက်ခိုင်းတယ်၊ ယောက်ျားတွေမှန်သမျှ ဘိန်းစားတွေဖြစ်ပြီး လူညွန့်တုံးအောင် လုပ်တယ်၊ မိန်းမတွေတွေ့ရင် ဖျက်ဆီးတယ်၊ ခေါ်သွားပြီး တစ်ဖက်နိုင်ငံမှာ ရောင်းစားတယ်၊ ဒီလူယုတ်မာတွေက တောထဲကကျားထက် ပိုပြီးကြောက်စရာကောင်းတယ်၊ သူတို့ကိုမှ မသတ်ရင် ဘယ်သူ့ကိုသတ်ရမှာလဲ"

ဟု ဒေါသသံဖြင့် ပြောပြကြလေသည်။

ရှေးယခင်က တောင်ယာစိုက်ခင်းစိုက်ပြီး အေးအေးလူလူနေခဲ့ကြသော တောင်ပေါ်သားတို့မှာ တစ်ဖက်နိုင်ငံမှ တရုတ်ဖြူများ ဝင်ရောက်လာကတည်းက ဘိန်း၏ကျေးကျွန်များဘဝရောက်ကာ နာလန်မထူကြတော့ပေ။





ဘိန်းကုန်ကူးနေကြသူများကတော့ တစ်နေ့တခြားချမ်းသာလာကြပြီး လောပန်ဘဝသို့ ရောက်ခဲ့ကြသည်။ ဒေသခံများကတော့ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခံနေရသောကြောင့် ရင်ထဲမှာဆူးပေါက်နေကြခြင်း ဖြစ်လေသည်။

ယခုကဲ့သို့ အခွင့်သာသဖြင့် လက်စားချေခွင့်ရသောအခါ မာလုနှင့် စိုင်းပိတို့လို ဒေသခံလူငယ်များမှာ အကျေနပ်ကြီး ကျေနပ်နေကြခြင်းဖြစ်သည်။

အခြေအနေများ ငြိမ်သက်သွားသောအခါ ဒေါက်တာမင်းထင်ကျော်က မဟူရာအနီးသို့သွားကာ သူမလက်ကလေးဆွဲကိုင်ပြီး ထူပေးလိုက်သည်။

သူမသည် မျက်ရည်အဝိုင်းသားနှင့် ငိုနေလေသည်။

"ဒီလိုနေရာမျိုးတွေမှာနေရင် မင်းလိုအမျိုးသမီး တစ်ယောက်အတွက် ဒီလို အန္တရာယ်မျိုးတွေနဲ့တော့ မကြာခဏတွေ့နေရမှာပဲ"

"ကျွန်မသဘောနဲ့ ထွက်ပြေးခဲ့တာမဟုတ်ပါဘူး၊ သူတို့က အိပ်မွေ့ချခေါ်သွားလို့ ပါသွားခဲ့တာပါ"

"သဘောပေါက်ပါတယ်၊ ငါတို့နဲ့ပြန်တွေ့ရတာ အတော်ကလေး ကံကောင်းတယ်၊ လက်လွန်ပြီးသွားရင်တော့ ငါတို့လည်း ဘာမှတတ်နိုင်တော့မှာမဟုတ်ဘူး"

"ကျွန်. . ကျွန်မ အစ်ကိုတို့နဲ့ လိုက်ခဲ့ပါ့မယ်"

ဟုပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ဒေါက်တာမင်းထင်ကျော်လည်း စိတ်ဖြောင့်သွားလေတော့သည်။

ထို့နောက်မှာတော့ ထိုနေရာမှ ခရီးဆက်ခဲ့ကြလေသည်။ မဟူရာပါလာသောကြောင့် ခရီးလမ်းက အတော်ကလေး အဆင်ပြေသောကြောင့် ရက်ပိုင်းအတွင်းမှာပင် မန်ဟင်ရွာသို့ ပြန်ရောက်သွားကြသည်။

ရွှေသားရုပ်ပွားတော်ကြီးမှ ပျောက်သွားသော ပတ္တမြားကြီးပြန်ရလာသောကြောင့် ဦးထန်ဖုန်းရှိန်သာမက ရွာသူရွာသားများကလည်း ဝမ်းသာကြသည်။

မန်ဟင်ဘုန်းတော်ကြီးကျောင်းမှ ဘုန်းကြီးများမှလည်း ယခုမှပင် စိတ်ချမ်းသာကြလေသည်။

၎င်းတို့ရသော ပတ္တမြားကြီးကိုယူသွားပြီး ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် ရွှေသားရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ်တော်တွင် ပြန်လည်တပ်ဆင်ပူဇော်ပေးလိုက်သည်၊

ထိုကိစ္စပြီးသောအခါ ဦးဗန်ကောင်းက. . .

"ကျုပ်တို့အခုလို အောင်မြင်လာတာ နန်းမွေချောင်းထဲက အစောင့်အရှောက်တွေနဲ့ လခိုင်ဖွန်းအထိကရသစ်ပင်ကြီးဂမုန်းဘီလူးတွေရဲ့ အကူအညီပါလို့ ချောမွေ့ခဲ့တာပဲ သူတို့ကို ဗာလိနတ်စာကျွေးရမယ်၊ သူတို့အတွက် ကုသိုလ်ကောင်းမှုတွေပြုပြီး အမျှအတန်းဝေပေးရမယ်"

ဟုပြောရာ ဦးထန်ဖုန်းရှိန်ကလည်း သဘောတူလက်





ခံလေသည်။

"ခင်ဗျားကောင်းမယ်ထင်သလိုသာ လုပ်ပါဗျာ၊ ကျုပ်တို့ကတော့ ဒီကိစ္စတွေ သိပ်နားမလည်လို့ ခင်ဗျားလိုတာမှန်သမျှလုပ်ပေးပါမယ်"

ဟု ကတိပေးသည်။

ထို့နောက်မှာ ဦးထန်ဖုန်းရှိန်က ဒေါက်တာမင်းထင်ကျော်နှင့် နှစ်ယောက်ချင်းတွေ့သောအခါ တိုးတိုးပြောသည်။

"ဆရာတို့ ဒီတစ်ခေါက် ခရီးထွက်တာ တယ်လည်းအဆင်ပြေကြပါလား"

"ဘယ်လိုကြောင့်လည်း ဦးထန်ဖုန်းရှိန်ရဲ့"

"တစ်ချက်ခုတ်၊ သုံးချက်ပြတ်တာမျိုး ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ ကျုပ်တို့ရွာက ပျောက်သွားတဲ့ ပတ္တမြားကြီးလည်းပြန်ရလာတယ်၊ ဆရာတို့လိုချင်တဲ့ သစ်ခွနက်လည်း တစ်ခါတည်းရလာခဲ့တယ်၊ နောက်ပြီး ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ပါ ရလာတဲ့အတွက် ဒီထက်ဟန်ကျတာ ဘယ်မှာရှိပါ့တော့မလဲ"

"တိုးတိုးပြောပါဗျာ ကြားသွားပါဦးမယ်၊ သူ့ခမျာ ဒုက္ခရောက်နေပြီး အားကိုးရာမဲ့နေလို့ အကူအညီပေးရအောင် ခေါ်လာတာပါ။ တခြားဘာမှ မဟုတ်ပါဘူး"

ထိုစကားကြားသောအခါ ဦးထန်ဖုန်းရှိန်က သဘောကျစွာဖြင့် ကွမ်းသွေးများတက်နေသည့် သွားများပေါ်သည်



www.burmeseclassic.com

www.burmeseclassic.com

အထိ တဟားဟားနှင့် ရယ်မောနေသည်။

“ကျုပ်လည်း ငယ်ရာက ကြီးလာတဲ့သူပါ ဆရာရယ်၊ ဆရာတို့လူငယ်တွေလို အချစ်အကြောင်းတွေ မေတ္တာအကြောင်းတွေ ကောင်းကောင်းမသိပေမယ့် လူတွေကို အကဲခတ်ကြည့်ရှုနဲ့ အတွင်းစိတ်သဘောကို သိပါတယ်၊ ဒီလိုပါပဲ အစက တော့ရိုးရိုးပါပဲ နောက်တော့သာ တဖြည်းဖြည်းနဲ့ မရိုးမသားဖြစ်လာကြတာချည်းပါပဲ. . . ဟားဟား. . ဟားဟား ”

ဟုရယ်မောနေသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း အရှက်ပြေ ရောယောင်ရယ်မောရင်း ထိုနေရာမှ ထလာလေတော့သည်။ ဦးထန်ဖုန်းရှိန်စကားကြောင့် သူ့စိတ်ထဲမှာ လှုပ်ရှားနေမိသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (တစ်ပွဲစားမှော်ဝိဉာဉ်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သည်။

အနိစ္စာဟောန္တု သုခိအတ္တာနံ ပရိဟရန္တု

# တြိစတ္တ

☺ အောင်မြင့်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com